ကြေးမုံ

The Mirror

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်၊ တနင်္ဂနွေနေ့ (30-6-2013) (၇၅၂၇)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၉ – ၆ – ၂၀၁၃)

မောင်တော	၁၃	ဒသမ	၃၄	လက်မ
ကျောက်ဖြူ	၁၁	ဒသမ	၃၀	လက်မ
တောင်ကုတ်	၁၀	ဒသမ	၅၉	လက်မ
မာန်အောင်	၄	ဒသမ	၉၆	လက်မ
မြောက်ဦး	၄	ဒသမ	၁၇	လက်မ
ကျောက်တော်	၃	ဒသမ	၅၀	လက်မ
သံတွဲ	၃	ဒသမ	၁၅	လက်မ

ယနေ့ မာတိကာ

လေထုညစ်ညမ်းမှု လျှော့ချရေး သစ်ပင်များများ စိုက်ပျိုးပေး စာမျက်နှာ ➢ ၆

၂၀၁၃ ဗီဖာ ကွန်ဖက်ဒရေးရှင်းဖလား ဘယ်အသင်းပိုလ်စွဲမလဲ စာမျက်နှာ ➢ ၁၃

တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းကို စာမျက်နှာ (၈၊ ၉) တွင် ဖော်ပြထားပါသည်။

လာဘ်ပေးလာဘ်ယူမှုများ ဖြေရှင်းနိုင်ရန် သတ်သတ်မှတ်မှတ်ဥပဒေများ ပြဋ္ဌာန်းရန် လိုအပ်

နေပြည်တော် ဇွန် ၂၉

အဂတိလိုက်စားမှုများကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နိုင်ရန် နည်းပညာနှင့် အကူအညီများပေးလျက်ရှိသော Spectrum အဖွဲ့နှင့် Gopac အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေရင်ကုမုဒြာဟိုတယ် Meeting Room ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ အမြဲတမ်းကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ လွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ Spectrum အဖွဲ့နှင့် Gopac အဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံတွင် ယခင်ကတည်းက လာဘ်ပေးလာဘ်ယူမှုတိုက်ဖျက်ရေးအတွက် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါကြောင်း၊ ယနေ့အချိန်အထိအသက်ဝင်နေသည့် ဥပဒေများလည်း ရှိနေပါကြောင်း၊ အစိုးရသစ်လက်ထက်တွင်လည်း လာဘ်ပေးလာဘ်ယူမှုတိုက်ဖျက်ရေးအတွက် ဥပဒေများကို ရေးဆွဲပြီး အတည်ပြု ပြဋ္ဌာန်းနိုင်ရန် လွှတ်တော်တွင်ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုကြောင့် လာဘ်ပေးလာဘ်ယူမှုများအား လုပ်ကိုင်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့လုပ်ကိုင်ဆောင်ရွက်နေကြသောကြောင့်လည်း နိုင်ငံပိုမိုဆင်းရဲနေရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် လာဘ်ပေးလာဘ်ယူမှုများကို ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်နိုင်ရန် ဥပဒေများကို သတ်သတ်မှတ်မှတ် ရေးဆွဲပြဋ္ဌာန်းရန် အထူးလိုအပ်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ အမြဲတမ်းကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ လွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ Spectrum အဖွဲ့နှင့် Gopac အဖွဲ့တို့မှ တာဝန်ရှိသူများ၊ စုစုပေါင်း အင်အား ၃၄ ဦး တက်ရောက်ကြပြီး လွှတ်တော်နှင့် သက်ဆိုင်သော ကျင့်ဝတ်နှင့်ဝတ္တရားများ၊ လွှတ်တော်၏ ကြီးကြပ်မှုဆိုင်ရာများ၊ ကုလသမဂ္ဂ အဂတိလိုက်စားမှုပပျောက်ရေး ညီလာခံဆိုင်ရာများ၊ အဂတိလိုက်စားမှု၏ သဘောတရားဆိုင်ရာများ၊ ပွင့်လင်းမြင်သာမှုရှိသော ဘဏ္ဍာရေးနှင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို အဆိုပါဟိုတယ်၌ ဇွန် ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တမူးမြို့မှ အင်ဖာမြို့သို့သွားသည့် အာရှလမ်းမကြီးတစ်နေရာ။

ကော့သောင်း – မြိတ်မှတစ်ဆင့်
မြဝတီ – တမူး – အင်ဖာ ခရီးပေါက်မည့် အာရှလမ်းမကြီး

မြန်မာနိုင်ငံတောင်ဘက်စွန်းဒေသ တနင်္သာရီကမ်းရိုးတန်းရှိ မြိတ်ခရိုင်မှ ဒေသခံတိုင်းရင်းသားပြည်သူများ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် စက်မှု၊ လက်မှုကုန်သွယ်မှု ရင်းနှီးမြှုပ်နှံမှုများစွာတို့ကို ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ဖက်စပ်ပူးပေါင်းဆောင်ရွက်လုပ်ကိုင်မှုသည် အဓိကမောင်းနှင်အားဖြစ်သလို လမ်းပန်း ဆက်သွယ်ရေးသည်လည်း အဓိကကျသည်။ ယခုအခါ ရန်ကုန်မြို့မှ တစ်ဆက်တည်း ထားဝယ်-မြိတ်-ကော့သောင်းမြို့များသို့ နေ့ညမပျက် ကုန်းလမ်းခရီး၊ ရေကြောင်းခရီး၊ လေကြောင်းခရီးနှင့် မီးရထားတို့ဖြင့် သွားရောက်နိုင်ပြီဖြစ်သည်။

ရန်ကုန်မှ မန္တလေးသို့ မီးရထား၊ မော်တော်ကား၊ လေယာဉ်ပျံ များဖြင့် အောက်နှင့်အထက် လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ပြီး မန္တလေးမြို့မှ

စာမျက်နှာ ၅ ကော်လံ ၄ သို့ ❐



ကြေးမုံ စာတည်း ရှုထောင့် ၃၀-၆-၂၀၁၃ (တနင်္ဂနွေနေ့)

နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

အသည်းရောင်ဘီပိုးစီပိုးကိုနှိမ်နင်းနိုင်သည့် မြန်မာတိုင်းရင်းဆေးတစ်လက်ဟူသည့် သတင်းကိုကြားသိရသည်။ ဒေသထွက်သစ်ဥ၊ သစ်မြစ်၊ သစ်ရွက်များနှင့် ကုသနိုင်သည့် မိမိတို့တိုင်းရင်းဆေးပညာ၏ နိုင်ငံ့ဂုဏ်ဆောင် သတင်းကောင်းဖြစ်ပါသည်။

အနောက်တိုင်းဆေးပညာတွင် ယနေ့ထိ ကုရာနတ္ထိ ဆေးမရှိသေးသော "ကင်ဆာ" ရောဂါနှင့် ပတ်သက်၍ နိုင်ငံတကာသတင်းတစ်ပုဒ်တွင် ဖတ်လိုက်ရသည်။ အာဖရိကတိုက်မှဆေးဖက်ဝင်သဘာဝအပင်များသည် ကင်ဆာဆဲလ်များကို ရပ်တန့်နိုင်ဖွယ်ရှိကြောင်းဆေးသုတေသီများက ကောက်ချက်ပြုလာခြင်းဖြစ်သည်။ အာဖရိကတိုက် ကင်မရွန်းနိုင်ငံတွင် အလေ့ကျပေါက်နေသည့် ဆူးလေပင်များ၊ ငရုတ်ကောင်းအရိုင်းပင်များ၊ ရိုးတံရှည်မြက်ပင်များနှင့် အီသီးယိုးပီးယားနိုင်ငံထွက် ငရုတ်ကောင်းပင်များကဲ့သို့သော အပင်များ၏ အစွမ်းထက်ဓာတုပစ္စည်းများသည်ဆေးပေါင်းစုံယဉ်ပါးမှုရှိနေပြီး ဆေးဝါးများကို ခုခံအားရှိနေသော ကင်ဆာဆဲလ်များကို သတ်ဖြတ်နိုင်ဖွယ်ရှိကြောင်း တွေ့ရှိလာကြသည်။ သဘာဝအလျောက်သူ့အလိုလို ပေါက်ရောက်လျက်ရှိနေသော'နွယ်မြက်သစ်ပင် ဆေးဖက်ဝင်' အထင်သေး၍ မရသောသာဓကတစ်ရပ်ဖြစ်သည်။

အနောက်တိုင်းဆေးပညာရှင်များ ကင်ဆာကုထုံးကို သဘာဝအပင်အသီးများမှရှာဖွေလာကြသလို တစ်ဖက်တွင် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကိုလည်း ဖော်ထုတ်လာကြသည်။ သမားရိုးကျဓာတ်ရောင်ခြည်ထက်အဆ ၁၀၀ မှ အဆ ၅၀၀ အထိမြင့်မားနေသော CT ဓာတ်မှန်ဓာတ်ရောင်ခြည်၏ဆိုးပြစ်ကို တွေ့လာသည်။ အသက် (၁၅) နှစ် အောက်ကလေးများ CT ဓာတ်မှန်အရိုက်ခံပါက ကင်ဆာဖြစ်နိုင်ခြေ ၆၂ ရာခိုင်နှုန်းထိရှိကြောင်း သတိပေးလာကြသည်။

မိမိတို့နိုင်ငံတိုင်းရင်းဆေးပညာတွင် ကင်ဆာကို 'မြစ်ပွားနာ' ဟု ခေါ်ဝေါ်ကြသည်။ "မှိုနာ" ဟုလည်း သုံးနှုန်းကြသည်။ ကင်ဆာ (ခေါ်) မြစ်ပွားနာ(ခေါ်) မှိုနာရောဂါကိုတိုင်းရင်းဆေးမှာ 'အပူနာ' ဟု သတ်မှတ်ကြသည်။ တိုင်းရင်းဆေးအလိုအရ အနာရောဂါများကို ခွဲခြားသတ်မှတ်ရာတွင် အပူနာနှင့် အအေးနာဟုနှစ်မျိုးသာရှိသည်။ မီးဖိုချောင်မှ နနွင်းမှုန့်နှင့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ချင်းတို့သည် အပူနာကင်ဆာရောဂါ ကြိုတင်ကာကွယ်ဆေးများဖြစ်သည်။

အရှေ့တိုင်းဆေးပညာ၏ အစွမ်းထက်မှုသည် ယခုမှသာမဟုတ်ပါ။ ဗုဒ္ဓသက်တော်ထင်ရှားရှိခဲ့စဉ်ကာလကတည်းက ဖြစ်သည်။ တက္ကသိုလ်ပြည်မှာ ဆေးပညာသင်ခဲ့ရသောဆရာဇီဝက ဆေးပညာတတ်ကျွမ်းမှုရှိမရှိ ဆရာက စစ်ဆေးသည်။ နေ့ထက်ဝက်လမ်းခရီးတစ်ခုကို လမ်းတစ်ဖက်ရှိ သစ်ပင်မြက်ပင်များကို စေ့စပ်သေချာကြည့်၍ လျှောက်ခိုင်းသည်။ နေမွန်းတည့်ချိန် အိမ်အပြန်လမ်းမှာ အခြားတစ်ဖက်အားကြည့်စေသည်။ ဆေးဖက်ဝင် အပင်မဟုတ်က ယူလာခဲ့ဖို့ညွှန်ကြားသည်။ ဇီဝကလျှောက်လမ်းတစ်လျှောက်မှာ ဆေးဖက်မဝင် အပင်ဟူ၍ ရှာမတွေ့။ ဤသို့ဖြင့် ဆရာဇီဝက ဆေးတက္ကသိုလ်အောင်ခဲ့သည်။

ယနေ့ဆေးမတိုးနိုင်သေးသော ကင်ဆာရောဂါကို ကုသသည့်ဆေးအရှေ့တိုင်းမှာ ရှိနေပြီဖြစ်သည်။ တိုင်းရင်းဆေးပညာရှင်များ သုတေသနပြုနိုင်မည်ဆိုပါက ကံနာ၊ ဝဋ်နာမှအပအားလုံးကိုကုစားနိုင်မည့်တိုင်းရင်းဆေးတို့ ဖော်နိုင်မည့် သဘာဝပေါက်ပင်များ ဒေသအနှံ့၊ တောတောင်အနှံ့တွင်ရှိနေသည်။ အရှိတရားနယ်ပယ်ထဲ တိုးဝင်ဖွေရှာတွေ့နိုင်ပါသည်။

"အနာသိ ဆေးရှိ" ဆိုစကားသည် "နွယ်မြက်သစ်ပင်ဆေးဖက်ဝင်" ကြောင်း အထောက်အထားတစ်ရပ်ပင် မဟုတ်ပါလော။ ။

ထူးချွန်ထက်မြက်သောလူငယ်များ တိုးတက်ပေါ်ထွန်းလာရေး အားပေးကူညီမှုများ ဆောင်ရွက်ပေးနေ

နေပြည်တော် ဇွန် ၂၉

နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများအား ဆုချီးမြှင့်ပွဲနှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ပညာသင်ကြားဆဲ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာနစုပေါင်းခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း တက်ရောက် အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသနှင့်ကျေးလက်ဒေသနေ တိုင်းရင်းသားလူငယ်များ၏ ပညာရေးအခြေခံကောင်းများ ပြည့်စုံစေရေးအတွက် တတ်စွမ်းသမျှ ကူညီထောက်ပံ့ပေးသကဲ့သို့ ဝန်ထမ်းသားသမီးများကိုလည်း ထူးချွန်ထက်မြက်သော လူငယ်များအဖြစ် တိုးတက်ပေါ်ထွန်းလာစေရေးအတွက် အားပေးကူညီမှုများ ဆောင်ရွက်ပေးနေပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ခြောက်ဘာသာဂုဏ်ထူးရရှိသူ နှစ်ဦးနှင့် ငါးဘာသာဂုဏ်ထူးရရှိသူ သုံးဦးတို့အား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး၏ဇနီးဒေါ်မြင့်မြင့်စိုးက ငါးဘာသာဂုဏ်ထူးရရှိသူ ငါးဦးတို့အား လည်းကောင်းဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့်ဇနီး၊ တာဝန်ရှိသူတို့က ဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၉ ကျောင်းအနက် စွမ်းဆောင်ရည်အမြင့်ဆုံး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသော ကျောင်းသုံးကျောင်းအား ဆုချီးမြှင့်ပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းနေ ဝန်ထမ်းသားသမီးများ အတွက် ပညာသင်စရိတ် ထောက်ပံ့ငွေများကို ဝန်ကြီးရုံးနှင့် ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များထံ ပေးအပ်သည်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူ ၄၁၁ ဦး ဖြေဆိုအောင်မြင်ခဲ့ပြီး ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၆ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၅ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၃၈ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၁၀၂ ဦး ထူးချွန်စွာ အောင်မြင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မလေးရှားရောက် မြန်မာများအား သီတဂူဆရာတော်က ဒေါ်လာ တစ်သိန်းကျော်လှူဒါန်း

ကလေး ဇွန် ၂၉

မလေးရှားနိုင်ငံမှ ပြန်လာရန် အခက်အခဲရှိနေသည့် မြန်မာနိုင်ငံသားများအတွက် မလေးရှားနိုင်ငံရောက်ရှိနေသည့် သီတဂူဆရာတော်က ဒေါ်လာ တစ်သိန်း သုံးသောင်းကျော် လှူဒါန်းကူညီခဲ့ကြောင်း သိရသည်။

"သီတဂူဆရာတော် ကိုယ်တိုင် မလေးရှား လူဝင်မှုကြီးကြပ်ရေးဌာနကို ကြွရောက်ပြီး မြန်မာပြည်ပြန်မယ့်သူတွေကို ဩဝါဒမိန့်ကြားကာ မြန်မာနိုင်ငံသားတွေ ပေးဆောင်ရမယ့် ဗီဇာရက်လွန်ကြေးတွေကို လှူဒါန်းလိုက်တာပါ။ ဒါ့အပြင် နောက်ထပ်မြန်မာပြည်ပြန်မယ့် သူတွေကို ဆက်လက်ကူညီဖို့ ဆရာတော်ကနေ သီတဂူ အထောက်အကူပြုအဖွဲ့ကို ဖွဲ့စည်းပေးလိုက်ပြီး အဲဒီအဖွဲ့ကနေ တစ်ဆင့် မလေးရှားရောက် မြန်မာတွေကို ဆက်လက်ကူညီမှာဖြစ်တယ်" ဟု မြန်မာပြည်ပြန်မည့် မြန်မာနိုင်ငံသားများအား လိုက်လံကူညီပေးနေသည့် ဦးသီဟမောင်မောင်က ပြောသည်။

ယခုအချိန်ထိ မလေးရှားနိုင်ငံမှ အမိမြန်မာပြည်သို့ ပြန်လာသူပေါင်း ရာနှင့်ချီရှိပြီး ထပ်မံပြန်လာရန် လျှောက်တင်ထားသူများလည်း ရှိကြောင်း သိရသည်။

ဇိုဟေဆာ(ချင်းတောင်ခြေ)

မြန်မာ-တူရကီ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

ရန်ကုန် ဇွန် ၂၉

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် တူရကီနိုင်ငံမှ နည်းပညာဖြင့် လာရောက်ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များအပြန်အလှန်ပေးပို့ရေးတို့ကို မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီး H.E. Mr. Murat Yavuz Ates နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်တို့သည် ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် အသင်းချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

သုဝဏ္ဏ၊ VIP၊ ဗိုလ်ချုပ်ရွာ၊ ဆိတ်ငြိမ်ရပ်ကွက်၊ သံသုမာလမ်းနှင့် စရည်ပင်လမ်းထောင့်၊ သံသုမာလမ်းမကြီးဘေး၊ မျက်နှာစာနှစ်ဖက်ပါ၊ မြေအကျယ်(၈၀'×၆၀')၊ အသင့်နေထိုင်နိုင်သော နှစ်ထပ် RC ၊ ဂရန်အမည်ပေါက်၊ Master Bedroom (၂)ခန်း၊ ရိုးရိုးအိပ်ခန်း(၂)ခန်း၊ ဧည့်ခန်းကျယ်၊ အဲယားကွန်း(၅)လုံး၊ ကြိုးဖုန်းနှစ်လုံး၊ ပါဝါမီတာ၊ ဝန်ထမ်းမိသားစု နေထိုင်နိုင်သော နှစ်ထပ်ကားဂိုဒေါင်၊ ပတ်ဝန်းကျင်ကောင်း၍ စီးပွားရေးလုပ်ငန်းရှင်များအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း။ (ကျပ်သိန်း ၂၀၀၀၀)

ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၇၃၂၂၄၄၀၀၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၅၅၀၄၀၇၁၊ ၀၁-၂၄၁၁၉၄၊ ၀၁-၂၄၆၇၉၂။

✻ ကျောဖုံးမှ

ကျန်းမာရေးအတွက် ပြုစုစောင့်ရှောက်မှုပေးလျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း လူတိုင်းသက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေးဟူသည့် ရည်မှန်းချက်နှစ်ရပ်ကို အကောင်အထည်ဖော်လျက်ရှိရာတွင် ယင်းလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် ပြည်သူအများ သက်သာသောဈေးနှုန်းဖြင့် ဆေးကုသမှုများ ခံယူနိုင်ရန် နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးအား ၂၀၁၂ ခုနှစ် မေ ၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။

အထူးကုဆေးရုံကြီးအနေဖြင့် နိုင်ငံတော်၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကအထူးကု ဆေးရုံတစ်ခုအနေဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် အများပြည်သူများ လူတန်းစားမရွေး သင့်လျော်သောဈေးနှုန်းဖြင့် ရောဂါရှာဖွေပေးခြင်း၊ ဆေးကုသမှုပေးခြင်းတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်၊ နိုင်ငံခြားသို့သွားရောက်ကုသစရာမလိုဘဲ အဆင့်မြင့်စံချိန်စံညွှန်းများနှင့် ပြည့်စုံသောကျန်းမာရေးစောင့်ရှောက်မှုများကို မိမိနိုင်ငံတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်(၃)ရပ်ဖြင့် ဖွဲ့စည်းကုသပေးလျက်ရှိကြောင်း သိရသည်။

ဇမ္ဗူသီရိအထူးကုဆေးရုံကြီးအနေဖြင့် ခေတ်မီစက်ကိရိယာများအား နိုင်ငံခြားမှ ဝယ်ယူအသုံးပြုပြီး ကုသမှုများစွာကို သင့်တင့်သောဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသည့် ပုဂ္ဂလိကဆေးရုံကြီးမှ ဝမ်းဗိုက်အတွင်းရှိရောဂါများအား ဗိုက်ခွဲစရာမလိုဘဲ (Key Hole Surgery)ခေါ် အပေါက်ငယ်လေးဖြင့်သာ ဝမ်းတွင်းကြည့်စက်ကိရိယာ(Laparoscope)ဖြင့် ကုသပေးနေကြောင်း သတင်းအရ ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းတင်ထွန်းထံ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ဆရာကြီးတို့ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှာ ဝမ်းဗိုက်အပေါက်ငယ်လေးတွေကနေ ခွဲစိတ်ကုသတာမျိုးပြုလုပ်နေတယ်လို့ ကြားသိရပါတယ်။ ဘယ်လိုရောဂါတွေကို ဘယ်လိုမျိုးခွဲစိတ်ကုသနေတယ်ဆိုတာ ရှင်းပြပေးနိုင်မလားခင်ဗျာ။

ဖြေ။ ဟုတ်ကဲ့၊ ဆရာတို့ ဆေးရုံကြီးမှာ အထွေထွေခွဲစိတ်ကုသမှုမျိုးစုံ၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုသမှုတွေ၊ အစာအိမ်နှင့် အူလမ်းကြောင်းခွဲစိတ်ကုသမှုတွေ၊ ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းခွဲစိတ်ကုသမှုတွေ၊ မီးယပ်နှင့် သားဖွားဆိုင်ရာခွဲစိတ်ကုသမှုတွေကို သက်သာသောဈေးနှုန်း၊ ကောင်းမွန်သောဝန်ဆောင်မှုတွေနဲ့ ပြုလုပ်ပေးနေပါတယ်။ အဲဒီအထဲမှာမှ ဝမ်းဗိုက်အပေါက်ငယ်လေးတွေကနေ တစ်ဆင့် ဗီဒီယိုမှန်ပြောင်းနဲ့ စက်ကိရိယာတွေအသုံးပြုပြီး ကုသတာကိုလည်း ပြုလုပ်နိုင်ပါတယ်။ လောလောဆယ်မှာတော့ သည်းခြေကျောက်တည်လို့ သည်းခြေအိတ်ထုတ်တာတွေ၊ အူအတက်ရောင်လို့ အူအတက်ဖြတ်တောက်တာတွေ၊ ရောဂါအခြေအနေကို တိတိကျကျ သိရအောင် မှန်ပြောင်းကြည့်ပြီး အသားစနမူနာယူတာမျိုးတွေ၊ အူကပ်လို့အူပိတ်တာမျိုးတွေကိုသက်သာသောဈေးနှုန်းနဲ့ ကုသနိုင်ပါပြီ။ မျှားမကြာမီ စက်ပစ္စည်းလေးတွေ ဝယ်ယူဖြည့်တင်းပြီးရင်တော့ အူမကြီးကင်ဆာ၊ စအိုကင်ဆာနဲ့ အူလမ်းကြောင်းရောဂါတွေကို ဗိုက်မခွဲဘဲ အပေါက်ငယ်လေးတွေကနေပဲ အူတွေကို ဖြတ်တောက်ထုတ်ယူနိုင်တော့မှာဖြစ်ပါတယ်။

မေး။ ဟုတ်ကဲ့ပါခင်ဗျာ။ ဒီလိုအပေါက်ငယ်လေးတွေကနေ ခွဲစိတ်တာဟာ ပုံမှန်ရိုးရိုးခွဲတာနဲ့ ဘယ်လို ကွာခြားတယ်၊ ဘယ်လိုလုပ်တယ်ဆိုတာကို ရှင်းပြပေးပါဦး ဆရာကြီး။

ဖြေ။ ရိုးရိုးခွဲစိတ်တဲ့အခါ အားလုံးသိတဲ့အတိုင်း ခွဲကြောင်းအကြီးတစ်ခုဖြစ်သွားမှာပါ။ ခွဲစိတ်ပြီးတဲ့အခါ အထိုက်အလျောက် နာကျင်မှုရှိပါမယ်၊ အနာသက်သာဆေးတွေထိုးရသောက်ရမယ်၊ ခွဲပြီးခါစမှာ လှုပ်ရှားလို့မကောင်းဘူး။ အနာကျက်တဲ့အထိ စောင့်ဖို့လိုပါမယ်၊ ဆေးရုံတက်ရတဲ့ရက်လည်း ကြာရှည်နိုင်ပါတယ်။ (Laparoscopy) လို့ခေါ်တဲ့ ဝမ်းဗိုက်အပေါက်ငယ်လေးတွေကနေ ဗီဒီယိုမှန်ပြောင်းနဲ့ ကိရိယာတွေနဲ့ ခွဲတဲ့အခါမှာတော့ လက်သည်းခွံလောက်အပေါက်လေးတွေ သုံးလေးပေါက်ရှိပါမယ်။ သွေးထွက်တာနည်းသွားမယ်၊ ခွဲပြီးတဲ့အခါ နာကျင်မှုနည်းမယ်၊ အကိုက်အခဲပျောက်ဆေးတွေ ပေးရတာပိုနည်းမယ်၊ ခွဲစိတ်တဲ့ "ဒဏ်" နည်းမယ်၊ လူနာဟာ မြန်မြန်ဆန်ဆန် ထူထူထောင်ထောင်ဖြစ်လာမယ်၊ လှုပ်ရှားသွားလာနိုင်မယ်၊ အစားအသောက်ကို စောစောစီးစီးပြန်စားနိုင်မယ်။ ဆေးရုံမြန်မြန်ဆင်းရမယ်၊ ဝမ်းဗိုက်မှာ ကင်းခြေများလိုအမာရွတ်ကြီးမရှိတဲ့အတွက် အလှအပကြိုက်သူတွေအတွက်ဆိုရင် အလှမပျက်ဘူးပေါ့ဗျာ။

ဒီလိုပဲကောင်းတာတွေရှိသလို ကန့်သတ်ချက်တွေလည်းရှိပါတယ်။ ရောဂါတိုင်းကို (Laparoscope) နဲ့ ခွဲလို့မရပါဘူး။ ခွဲစိတ်ရင်းနဲ့ အဆင်မပြေရင် ပုံမှန်အတိုင်းပြန်ပြောင်းပြီးခွဲရတတ်တာလည်း ရှိပါတယ်။ ဒီလို (Laparoscope) နဲ့ခွဲနိုင်ဖို့ သီးသန့်ခွဲစိတ်ပစ္စည်းတွေလိုသလို သီးသန့်လေ့ကျင့်သင်ကြားထားတဲ့ ဆရာဝန်တွေ၊ သူနာပြုတွေလည်းလိုပါတယ်။

မေး။ ဘယ်လိုမျိုးခွဲစိတ်သလဲဆိုတာ နည်းနည်းရှင်းပြပေးပါဦး ဆရာကြီး။

ဖြေ။ ပထမဆုံးတော့ လူနာကို မေ့ဆေးပေးလိုက်တဲ့အတွက် လူနာဟာ မနာကျင်သလို မသိလည်း မသိပါဘူး။ ဝမ်းဗိုက်မှာ အပေါက်ငယ်လေးတစ်ခု ဦးစွာပြုလုပ်ပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေ ဝမ်းဗိုက်ခေါင်းထဲကို သွင်းပါတယ်။ ဓာတ်ငွေ့တွေနဲ့ အခန်းကျယ်ကြီးဖြစ်သွားတော့မှ ဗီဒီယိုကင်မရာပါတဲ့ မှန်ပြောင်းကိုထည့်ပြီး ကိရိယာလက်တံတွေနဲ့ ပေါင်းစပ်ခွဲစိတ်ပါတယ်၊ ဖြတ်တောက်လိုက်တဲ့ တစ်သျှူးတွေ၊ ပစ္စည်းတွေကိုလည်း အပေါက်ကနေပဲ ထုတ်ယူပါတယ်၊ အားသာချက်တွေကတော့ တီဗွီဖန်သားပြင်မှာ အကြီးချဲ့ပြီး ခွဲစိတ်တဲ့နေရာကို အသေးစိတ်မြင်ရပါတယ်၊ ဝမ်းဗိုက်ရဲ့ အတွင်းကျကျချောင်ကျကျနေရာတွေထိသွားနိုင်ပါတယ်၊ ရောဂါကုန်စင်အောင် အသေးစိတ်ကုသနိုင်ပါတယ်၊ အရမ်းဝတဲ့လူတွေမှာ ပိုလို့တောင်သင့်တော်ပါတယ်။

မေး။ ဆရာကြီးတို့ ဆေးရုံမှာခွဲစိတ်ကုသမှုတွေ တော်တော်တိုးတက်ပြောင်းလဲကုန်ပြီနော်၊ နောက်တစ်ခုက ဆရာကြီးတို့ဆေးရုံမှာ မခွဲစိတ်ဘဲနဲ့ ကျောက်ကပ်အတွက် ကျောက်ချေလို့ ရတယ်ဆိုတာ ကြားသိရပါတယ်၊ အဲဒီအကြောင်းလေးလည်း ရှင်းပြပေးပါဦးခင်ဗျာ။

ဖြေ။ ဟုတ်ပါတယ်၊ E.S.W.L လို့ခေါ်တဲ့ မခွဲစိတ်ဘဲနဲ့ ခန္ဓာကိုယ်ပြင်ပကနေ ဆီးကျောက်ချေလို့ရတဲ့စက်ရှိပါတယ်၊ ကျောက်ကပ်မှာ ကျောက်တည်တဲ့ လူနာတွေ၊ ဆီးကျောက်တည်တဲ့လူနာတွေထဲကနေ သင့်တော်တဲ့လူနာတွေကို ရွေးထုတ်ပြီး အဲဒီကျောက်ချေစက်နဲ့ ချေပေးနေပါတယ်၊ လူနာတွေဟာ မခွဲစိတ်ရဘဲနဲ့ နာရီပိုင်းအတွင်းမှာပဲ ဆီးကျောက်ချေလို့ရပါတယ်၊ အနာသက်သာတဲ့ဆေးတွေ ထိုးပေးရပါတယ်၊ ဒါပေမယ့် ဆီးကျောက်တိုင်းတော့ ချေလို့မရပါဘူး၊ သင့်တော်တဲ့နေရာမှာ ရှိရမယ်၊ သင့်တော်တဲ့အရွယ်ပမာဏရှိရပါမယ်။

မေး။ ဆီးကျောက်တည်တဲ့လူနာတွေအတွက် တော်တော်အဆင်ပြေတာပေါ့နော်။

ဖြေ။ ဟုတ်ကဲ့၊ နေပြည်တော်မှာဆိုရင် အရင်က လူနာတွေကို ကျောက်ချေစက်နဲ့ ချေဖို့ ရန်ကုန်ထိဆင်းရပါတယ်၊ အခုတော့ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှာ သက်သာတဲ့နှုန်းထားနဲ့ ဆောင်ရွက်နိုင်ပြီဆိုတော့ ရန်ကုန်မသွားရတော့ပါဘူး၊ အဆင်ပြေသွားပါတယ်။

မေး။ ဟုတ်ကဲ့ အခုလို သိလိုသည်များကို ဖြေကြားပေးတဲ့အတွက်ကျေးဇူးအများကြီးတင်ပါတယ်။

ဖြေ။ ဟုတ်ကဲ့ ကျွန်တော်လည်း ဆေးကုသလိုသူတွေကို သိရှိအောင် သတင်းစာကနေတစ်ဆင့် ဖြေကြားခွင့်ရတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။

ယခုအချိန်တွင် ဆေးကုသလိုသူများ(သို့) ရောဂါများအားရှာဖွေဖော်ထုတ်စစ်ဆေးကုသလိုသူများအတွက် သင့်တင့်သောဈေးနှုန်းဖြင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတွင် ခေတ်မီစက်ကိရိယာများ၊ ကျွမ်းကျင်ဆရာဝန်ကြီးများဖြင့် ၂၄ နာရီလုံး အကောင်းဆုံးဝန်ဆောင်မှုများပေးစွမ်း၍ ကုသပေးလျက်ရှိသည်။ ထို့ပြင် ယနေ့အချိန်တွင် ကျန်းမာရေးအတွက် လူတန်းစားအသီးသီးမှ ကျန်းမာရေး လိုက်စားလာကြသည့် ခေတ်ကာလဖြစ်သည်နှင့်အညီ ခွဲစိတ်မှုကြောင့် အမာရွတ်ကြီးများ မကျန်လိုသူများနှင့် အချိန်ကုန်၊ ငွေကုန် သက်သာလိုသူများအနေဖြင့် ပျဉ်းမနား-တောင်ညိုလမ်းမကြီးဘေး၊ ဇီဇဝါပန်းအဝိုင်းအနီးနှင့် နေပြည်တော် စည်ပင်ဧည့်ရိပ်သာအနီးတွင် ဖွင့်လှစ်ထားသည့် နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတွင် လာရောက်ကုသမှုခံယူနိုင်ပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

နိုင်ငံတော်အနေဖြင့် ယနေ့လူငယ်များကို လူတော်လူကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ပေးနေ

နေပြည်တော် ဇွန် ၂၉

နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ ဝန်ထမ်းမိသားစုများ၏ သားသမီးများမှ ၂၀၁၂-၂၀၁၃ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က နိုင်ငံတော်အနေဖြင့် ယနေ့လူငယ်များကို လူတော်လူကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ပေးနေခြင်းသည် တိုင်းပြည်အတွက်ဖြစ်သည်ကို နားလည်လက်ခံပြီး တော်သည်ထက်ပိုတော်အောင်၊ ကောင်းသည်ထက်ပိုကောင်းအောင် ကြိုးစားသွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ငါးဘာသာဂုဏ်ထူးရှင် မယမုံမြတ်ထွန်းနှင့် နှစ်ဘာသာဂုဏ်ထူးရှင် မောင်ကျော်ဇင်ဝင်းတို့အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်(ဝဲပုံ)က တက္ကသိုလ်ဝင်တန်းအောင်မြင်သူ နှစ်ဦးအားလည်းကောင်း၊ တာဝန်ရှိသူများက ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့အခမ်းအနားတွင် ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော နိုင်ငံတော်သမ္မတရုံးမှ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးမှ ငါးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နေပြည်တော်ကောင်စီမှ သုံးဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ခြောက်ဘာသာ ဂုဏ်ထူးရှင်တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ငါးဦးတို့အား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့် မြန်မာ့ယဉ်ကျေးမှုထွန်းကားရေး၊ မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းများ မပျောက်ကွယ်စေရေးတို့အပြင် မြန်မာ့စိတ်ရင်းနှင့် မြန်မာ့လူမှုပတ်ဝန်းကျင်ကို ချစ်ခင်နှစ်သက်လေးစားဂုဏ်ယူကြစေရေးဟူသော ဦးတည်ချက်ဖြင့် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုစာမူပြိုင်ပွဲဝင်ကြရန်အတွက် မြို့နယ်အသင်းများရှိ အသင်းဝင်တိုင်းကို ဩဂုတ် ၃၁ ရက် နောက်ဆုံးထား၍ ပေးပို့ကြရန် အကြောင်းကြားထားသည်။

ပြိုင်ပွဲဝင်ကြမည့် အသင်းဝင်တိုင်းသည် ကဗျာအတွက် မြန်မာ့ကဗျာစပ်ထုံးနှင့် ညီညွတ်သော ကဗျာပါဒ(၂၀၀) (သို့မဟုတ်)စာကြောင်းရေ(၁၀၀) အနည်းဆုံးရှိရမည်။ ဝတ္ထုတိုနှင့် ဆောင်းပါးအတွက် A4 (၁၀)မျက်နှာ အများဆုံးရှိရမည်ဟု သတ်မှတ်ထားပြီး အသင်းဝင်တိုင်း ဘာသာရပ်သုံးမျိုးစလုံးတွင် စာမူများ ယှဉ်ပြိုင်နိုင်ကြောင်းနှင့် စာပေဆုရသူများစာရင်းကို စာဆိုတော်နေ့မတိုင်မီ ထုတ်ပြန်ကြေညာသွားမည်ဟု သိရသည်။ **(သတင်းစဉ်)**

ဆီးရီးယားစစ်စခန်းမှ ရုရှားစစ်ဘက် ဝန်ထမ်းများကို အရပ်ဘက်ဖြင့် လဲလှယ်

မော်စကို ဇွန် ၂၉

ရုရှားနိုင်ငံသည် ဆီးရီးယားနိုင်ငံရှိ ၎င်း၏ရေတပ်စခန်းမှ စစ်ဘက်ဝန်ထမ်းများကို ပြန်လည်ရုပ်သိမ်းပြီး အရပ်ဘက် ဝန်ထမ်းများဖြင့် အစားထိုးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ပြောကြားသည်။

တာတတ်ရှိစစ်စခန်း၌ ဝန်ထမ်း အပြောင်းအလဲကို မည်သည့်အချိန်က ပြုလုပ်ခဲ့သည်ကို လည်းကောင်း၊ ဝန်ထမ်း အင်အားမည်မျှ တာဝန်ထမ်းဆောင်နေသည်ကိုလည်းကောင်း ဝန်ကြီးဌာနက ထုတ်ဖော်ပြောဆိုခြင်း မပြုပေ။ ယင်းစခန်းသည် ရုရှားနိုင်ငံ၏ ယခင် ဆိုဗီယက်ပြည်ထောင်စု၏ပြင်ပရှိ တစ်ခုတည်းသော စစ်စခန်းဖြစ်သည်။

ယင်းတွင် စစ်တန်းလျားများနှင့် မြေထဲပင်လယ်မှ ရုရှားစစ်သင်္ဘောများကိုပြင်ဆင်ရန်အသုံးပြုသည့် သိုလှောင်ရုံများပါဝင်သည်။ တာတတ်သည် ရုရှားစစ်သင်္ဘောများကို ဆက်လက်ပြင်ဆင်ပေးမည်ဖြစ်သည်ဟု စစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။

မည်သို့သော အကြောင်းများကြောင့် စစ်ဘက်နှင့် အရပ်ဘက်ဝန်ထမ်းများ လဲလှယ်ခဲ့ရသည်ကို ကာကွယ်ရေးဝန်ကြီးဌာနက ရှင်းလင်းပြောကြားခြင်းမပြုပေ။ သို့သော် ဆီးရီးယား ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် ညှိနှိုင်းရေး နိုင်ငံတစ်နိုင်ငံအဖြစ် မော်စကိုက ကြိုးစားလျက်ရှိရာ ဤဆောင်ရွက်မှုသည် ယင်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်ဖွယ်ရာရှိသည်။

ဆီးရီးယားအစိုးရ၏ စစ်ဆင်ရေးများကို ကူညီရန်နှင့် ယခင် ဆိုဗီယက်ပြည်ထောင်စုလုပ်နှင့် ရုရှားလုပ်စစ်လက်နက်ပစ္စည်းများကိုပြုပြင်ထိန်းသိမ်းရန် ရုရှားစစ်ဘက် အကြံပေးများသည် ဆီးရီးယားနိုင်ငံ၌ မည်မျှရှိသည်ကို ကာကွယ်ရေးဝန်ကြီးဌာနက ရှင်းလင်းပြောကြားခြင်းမပြုပေ။

ရုရှားနိုင်ငံသည် သမ္မတ ဘာရှာ အာဆတ်အစိုးရအဖွဲ့၏ အဓိကမဟာမိတ်ဖြစ်ပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆီးရီးယားကို အရေးယူမည့်ကိစ္စတွင် အကာအကွယ်ပေးခဲ့သည်။ ကုလသမဂ္ဂ၏ခန့်မှန်းချက်အရ လူဦးရေ ၉၃၀၀၀ ကျော် သေဆုံးခဲ့သည့် နှစ်နှစ်ကြာ ပြည်တွင်းစစ်ပွဲတွင် လက်နက်များ ဆက်လက်ထောက်ပံ့ခဲ့သည်။

အဲလ်ဟာရက်သတင်းစာနှင့် ရုရှား စီးပွားရေး နေ့စဉ် ဗီဒိုမော့(စ်)တီတို့၏ ဗုဒ္ဓဟူးနေ့ထုတ်တွင် တာတတ်မှ စစ်ဘက်၊ အရပ်ဘက်ဝန်ထမ်းများနှင့် စစ်ဘက်ဆိုင်ရာ အကြံပေးများအားလုံးကို မော်စကိုက ရုပ်သိမ်းခဲ့သည်ဟု ဖော်ပြပြီးနောက် ဤသို့ ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ **အေပီ။**

ဆီးရီးယားနိုင်ငံ တာတတ်ပင်လယ်ဆိပ်ကမ်းမြို့ရှိ ရုရှားရေတပ်စခန်းတစ်နေရာကို တွေ့ရစဉ်။

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဗုံးတစ်လုံးပေါက်ကွဲ တပ်ဖွဲ့ဝင်ရှစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရ

ဗန်ကောက် ဇွန် ၂၉

ထိုင်းနိုင်ငံတောင်ပိုင်းရှိ တည်ငြိမ်မှုကင်းမဲ့နေသော ယာလာပြည်နယ်တွင် ဇွန် ၂၉ ရက်က ဗုံးတစ်လုံးပေါက်ကွဲရာ တပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံး၍ လေးဦးဒဏ်ရာရရှိကြောင်း သတင်းတွင်ဖော်ပြသည်။

အဆိုပါတပ်ဖွဲ့ဝင်များမှာ ၎င်းတို့၏ လုပ်ငန်းတာဝန်ပြီးဆုံး၍ တပ်ရင်းသို့ ပြန်လာရာ လမ်းကြောင်း၌ ဗုံးထိမှန်ခြင်းဖြစ်ကြောင်း၊အမှတ်(၁၃) ခြေလျင်တပ်ဖွဲ့မှ အထူးတပ်ဖွဲ့ဝင်များဖြစ်ကြောင်း၊ စစ်ကားဖြင့် ၁၀ဦးပြန်လာစဉ် ဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံး

ဇွန် ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၆နာရီခွဲခန့်တွင် ယာလာပြည်နယ်မှ ကရွန်ပီနန်းခရိုင်၏ ခရိုင်ခွဲဖြစ်သော ဘန်တူပါသို့ အဆိုပါ စစ်ကားရောက်ရှိလာစဉ် ဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်ရှစ်ဦး ပွဲချင်းပြီး သေဆုံးကြောင်း ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင် နှစ်ဦးနှင့် ရွာသားနှစ်ဦး ဒဏ်ရာရရှိသွားသဖြင့် ကရွန်ပီနန်းဆေးရုံသို့ ပို့ဆောင်ပေးလိုက်သည်။

ဗုံးပေါက်ကွဲမှုကြောင့် လမ်းပေါ်၌ အကျယ်လေးမီတာနှင့် အနက် နှစ်မီတာရှိ တွင်းကြီးတစ်တွင်းဖြစ်ပေါ်ကြောင်း၊ ကနဦးစုံစမ်းရရှိချက်သတင်းတွင် သတ္တုဖြင့် ပြုလုပ်ထားသော ကီလိုဂရမ် ၅၀ လေးသည့် လက်လုပ်ဗုံးဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **ဆင်ဟွာ။**

ဝန်ကြီးချုပ် ရှိတ်ဟာဆီနာအား သတ်ဖြတ်မည်ဟု ဖေ့စ်ဘွတ်(ခ်)တွင် ခြိမ်းခြောက်သူကို ထောင်ဒဏ်ချမှတ်

ဒါကာ ဇွန် ၂၉

အင်တာနက် လူမှုကွန်ရက်သတင်းစာမျက်နှာဖေ့စ်ဘွတ်(ခ်)တွင် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာအား သတ်ဖြတ်မည်ဟု ခြိမ်းခြောက်သည့် ထိပ်တန်းတက္ကသိုလ်တစ်ခုမှ ကျောင်းဆရာတစ်ဦးအား ၎င်း၏ မျက်ကွယ်တွင် ထောင်ဒဏ်ခုနစ်နှစ် ချမှတ်ခဲ့ကြောင်း ဇွန် ၂၈ရက် သတင်းများတွင် ဖော်ပြသည်။

ထောင်ဒဏ်ချမှတ်ခံရသူမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နည်းပညာနှင့်အင်ဂျင်နီယာတက္ကသိုလ်မှ ကျောင်းဆရာတစ်ဦးဖြစ်သူ ဟာဖီဇူရာရာမန်ရာနာဖြစ်ပြီး ၎င်းအားရဲတပ်ဖွဲ့တွင် ၂၀၁၂ ခုနှစ် ဧပြီ ၂၃ ရက်၌ တိုင်ချက်ဖွင့်ခဲ့သည်။

မြို့တော် ဒါကာရှိ အထူးတရားရုံးသည် တက္ကသိုလ်ကထိကဖြစ်သူ ရာမန်ရာနာအား ထောင်ဒဏ်ပြစ်ဒဏ်စီရင်ချက် ချမှတ်ခဲ့သည်။ ရာမန်ရာနာသည် အစိုးရအဖွဲ့အား ပုန်ကန်ရန်လှုံ့ဆော်မှုဖြင့် စွဲချက်တင်ခံခဲ့ရပြီး အာမခံဖြင့် နေထိုင်စဉ် ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ရာမန်ရာနာအား စည်းကမ်းထိန်းသိမ်းရေးအရ ဌာနဆိုင်ရာအရေးယူမှုပြုလုပ်ရန်လည်း တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ကို တရားရုံးကညွှန်ကြားခဲ့သည်။ **ဆင်ဟွာ။**

မြောက်ကိုရီးယားဒုံးကျည်များအား ပစ်ချမည့် ဒုံးခွင်းဒုံးများရုပ်သိမ်းရန် ဂျပန်အစိုးရအမိန့်ထုတ်

တိုကျို ဇွန် ၂၉

မြောက်ကိုရီးယားနိုင်ငံမှ ကျူးကျော်စော်ကားသည့် ကြေညာချက်များနှင့် ရန်စလှုံ့ဆော်မှုများကို ရှောင်ကြဉ်လာပြီး စေ့စပ်ဆွေးနွေးမှုများပြုလုပ်ရန် လိုလိုလားလားပြသလာသဖြင့် ဂျပန်နိုင်ငံအစိုးရအဖွဲ့က ယခုနှစ်ဧပြီ ၇ ရက်တွင် ထုတ်ပြန်ခဲ့သော ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များက မြောက်ကိုရီးယားတိုက်ချင်းပစ်ဒုံးကျည်များအား ပစ်ချရေးညွှန်ကြားချက်ကို ဇွန် ၂၈ ရက်တွင် ရုပ်သိမ်းရန်အမိန့်တစ်ရပ် ထုတ်ပြန်လိုက်ကြောင်း ဂျပန်အစိုးရ သတင်းရုပ်ကွက်က ပြောကြားသည်။

ယခုနှစ်နွေရာသီတွင် မြောက်ကိုရီးယားနိုင်ငံက မူဆူဒန်အမျိုးအစား ရွေ့လျားပစ်စင်ပါ တာလတ်ပစ်ဒုံးကျည်များကို ဂျပန်ပင်လယ်ကမ်းခြေဒေသတွင် ဖြန့်ကြက်ခဲ့သဖြင့် ဂျပန်အစိုးရက ၎င်း၏ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ၏ ဒုံးခွင်းဒုံးများ **(အောက်ပုံ)** ကို ဖြန့်ကြက်ရန် ယခုနှစ်ဧပြီ ၇ ရက်တွင် တုံ့ပြန်ဆောင်ရွက်ခဲ့သည်။ **ဘီဘီစီ။**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးတွင် အပူဇော်ခံထားရှိမည့် ဗုဒ္ဓစွယ်တော်ပွားနှင့် ရတနာရွှေကျောင်းဆောင်တော် ပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၂၉

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးတွင် အပူဇော်ခံထားရှိမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လီကွမ်း ဗုဒ္ဓစွယ်တော်တိုက်မှ နှစ်နိုင်ငံချစ်ကြည်မှု ခိုင်မာစေရေးအတွက် လှူဒါန်းသည့် ဗုဒ္ဓစွယ်တော်ပွားနှင့် ရတနာရွှေကျောင်းဆောင်တော်ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးရှိ မိုးကောင်းဓမ္မာရုံ၌ ကျင်းပသည်။(**ယာပုံ**)

အခမ်းအနားသို့ မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် တရုတ်ဗုဒ္ဓစွယ်တော်တိုက်ဆရာတော်၊ ဦးစီးဆရာတော်များ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာဘုန်းတော်ကြီးများနှင့် တရုတ်ဘုန်းတော်ကြီးများက ဗုဒ္ဓစွယ်တော်ပွားနှင့် ရတနာရွှေကျောင်းဆောင်တော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓစွယ်တော်တိုက်ဆရာတော်ကြီးက ဗုဒ္ဓစွယ်တော်ပွားနှင့် ရတနာရွှေကျောင်းဆောင်တော်လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဂေါပကအဖွဲ့ထံ ဗုဒ္ဓစွယ်တော်ပွားနှင့် ရတနာရွှေကျောင်းဆောင်တော်တို့ကို လွှဲပြောင်းပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်ငွေးက စွယ်တော်ပွားနှင့် ရတနာရွှေကျောင်းဆောင်တော်ပင့်ဆောင်စဉ်က အလှူခံရရှိထားသော အလှူတော်ငွေများကို မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးပြတိုက်တန်ဆောင်း၌ သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

(**သတင်းစဉ်**)

မန္တလေးမြို့ပေါ်ရှိ ယာဉ်ရပ်နားစခန်းကြီးများအား နိုင်ငံတကာအဆင့်မီ သန့်ရှင်းသပ်ရပ်စေလို

မန္တလေး ဇွန် ၂၉

ယနေ့မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ခရီးသွားဧည့်သည်များသည် နည်းအမျိုးမျိုးဖြင့် ဝင်ရောက်ကာ သာယာလှပ စိတ်ဝင်စားဖွယ်ရာနေရာဒေသ အသီးသီးသို့ အလုံးအရင်းဖြင့် ဝင်ရောက်လျက်ရှိသည်။

မန္တလေးမြို့၏ ဆက်သွယ်ရေး လမ်းကြောင်းများတွင် အဓိက အချက်အချာအကျဆုံး ယာဉ်ရပ်နားစခန်းကြီးများတွင် အပါအဝင်ဖြစ်သည့် ကွဲဆည်ကန်ကားကြီးဝင်း၊ လမ်း (၆၀) နှင့် (၃၇) လမ်းထောင့်ရှိ ပြည်ကြီးမျက်ရှင် ကားကြီးဝင်း အတွင်းတို့တွင် မြို့တော်အဆင့် အတန်းနှင့် မညီစွာ အမှိုက်သရိုက်များ စုပုံလျက်ရှိသည်ကို တွေ့မြင်နေရသည်။ နိုင်ငံကြီးသားပီသစွာ အားလုံးပါဝင်ပူးပေါင်း၍ ပိုမိုကောင်းမွန်သော အစီအမံတို့ဖြင့် စနစ်တကျ အကောင်အထည်ဖော်စေ လိုပါကြောင်း တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။

(**ရွှေမန်းသားလေး**)

ညောင်ဦးမြို့နယ်ရှိ ရောင်ခြည်တော်မူလတန်းကျောင်းသို့ စာရေးကိရိယာများပေးအပ်လှူဒါန်း

ညောင်ဦး ဇွန် ၂၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ လင်ကွမ်းကျောင်းစွယ်တော်တိုက် ဆရာတော်နှင့်အဖွဲ့သည် ဇွန် ၂၇ ရက်တွင် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကြအို ကျေးရွာ၌ ဆောက်လုပ်လှူဒါန်းထားသော ရောင်ခြည်တော်မူလတန်းကျောင်းသို့ ရောက်ရှိခဲ့ပြီး ဆရာတော်က ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား လက်ဆောင်ပစ္စည်းများ၊ စာရေးကိရိယာများ၊ အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ထို့ပြင် အခမ်းအနားသို့တက်ရောက်လာသူများအား စွယ်တော်မြတ်ပုံတော်များ လှူဒါန်းခဲ့သည်။ အခမ်းအနားတွင် စွယ်တော်တိုက်ဆရာတော်က “ဆရာတော်အနေနဲ့ မြန်မာနိုင်ငံဟာ ဒုတိယဇာတိမြေအဖြစ် ခံယူထားပါတယ်။ အခုလို လှူဒါန်းခြင်းဟာ အစပျိုးမှုသာ ဖြစ်ပါတယ်။ နောင်ဆက်လက်ပြီး လှူဒါန်းသွားဖို့လည်း ရှိပါသေးတယ်။ အပင်ပျိုးရင် ၁၀ နှစ်၊ လူပျိုးရင် နှစ် ၁၀၀ ဆိုသလို နိုင်ငံတော်အတွက် အားကိုးရတဲ့ လူကောင်းလူမွန်များ ဖြစ်စေဖို့လည်း ရည်ရွယ်ပါတယ်” ဟု မိန့်ကြားခဲ့သည်။

(**ညောင်ဦးဖိုး**)

❒ မြိတ်-ကော့သောင်းမှ

မုံရွာ-ယာကြီး-ကလေးဝ-ကလေး- တမူး-မိုးရေးမြို့များမှ အင်ဖာမြို့လမ်းမကြီးတစ်လျှောက် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက လမ်းများပြင်ဆင်ခြင်း၊ ထပ်ပိုးလွှာခင်းခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကိုလည်း အသိအမှတ်ပြု ဂုဏ်ပြုရမည်ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြို့ကြီးမြို့ငယ်အသွယ်သွယ်သို့ ခရိုင်ချင်းဆက် လမ်း၊ တံတားများနှင့် မြို့နယ်ချင်းဆက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ထားဝယ်ရေနယ်ဆိပ်ကမ်း အထူးစီးပွားရေးဇုန်၊ မြိတ်ရေနက်ဆိပ်ကမ်း အထူးစီးပွားရေးဇုန်၊ ကျောက်ဖျာစီးပွားဇုန်၊ ဘုတ်ပြင်းရေနက်ဆိပ်ကမ်း၊ ကရသူရိ ရေနက်ဆိပ်ကမ်း အထူး စီးပွားရေးဇုန်များနှင့် ထွီးခွီးကုန်သွယ်ရေးဂိတ်၊ မောတောင်ကုန်သွယ်ရေးဂိတ်များ ဆက်တိုက်ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်နိုင်မှုများကြောင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ စိတ်ဝင်တစားရှိလာသည်။ ရင်းနှီးမြှုပ်နှံလိုသူများ စိတ်အားထက်သန်ချိန်တနင်္သာရီကမ်းရိုးတန်းပင်လယ်ပြင်တစ်လျှောက် မြို့ရွာနှင့် ကျေးလက်ဒေသမကျန် စီးပွားရေး၊လူမှုရေး၊ပညာရေးဖွံ့ဖြိုးတိုးတက်လာအောင်မြှင့်တင်ဆောင်ရွက်မှုတစ်ခုဖြစ်သော တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးကို ဖြတ်ကျော်၍ အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ် အင်ဖာမြို့ မှ ကလေး-မုံရွာ-မန္တလေး-နေပြည်တော်-ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်-မောတောင်-ပရာချွတ်(ပကျွတ်)-ထိုင်း-ဗန်ကောက်မြို့အထိ အာရှလမ်းမကြီးတစ်ခုမှာ ၂၀၁၈ ခုနှစ်တွင် ပေါ်ထွန်းလာမည်ဖြစ်သည်။

ထိုအချိန်တွင် အဆင်သင့်ဖြစ်နိုင်ရေး မြိတ်-အင်ဖာ ခရီးသည်တင် Air Bus ပြေးဆွဲနိုင်ရေး၊ Yangon Air Bus ရန်ကုန် အအေးခန်းပါ ဘတ်စ်ကားကြီးများကို Yangon Taxi Air Bus ကားလိုင်းသစ်မှ ပြေးဆွဲရန် စီစဉ်လျက်ရှိသည်။ မြိတ်- အင်ဖာ အဆင့်မြင့် ခရီးသည်တင်ဘတ်စ်ကားပြေးဆွဲခြင်းဖြင့် မြန်မာ-ထိုင်း-အိန္ဒိယ သုံးနိုင်ငံစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးအောင်ခင်က သုံးသပ်ပြောကြားခဲ့သည်။

သတင်း-ဒီစိုး၊ ဓာတ်ပုံ-ခနသဏ္ဍာ

လေထုညစ်ညမ်းမှု လျှော့ချရေး သစ်ပင်များများ စိုက်ပျိုးပေး

အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည် (သစ်တောတက္ကသိုလ်)

သန့်ရှင်းလတ်ဆတ်သော လေ၏ တန်ဖိုးကို ကျေးလက်ဒေသများတွင် နေထိုင်ပြီး မြို့ကြီးပြကြီးများသို့ ပြောင်းရွှေ့နေထိုင်ကြသူများက ပို၍ သိကြပါသည်။ စာရေးသူသည် ရေဆင်းတွင် နှစ်ပေါင်း၃၀ကျော် နေထိုင်ခဲ့သူတစ်ဦး ဖြစ်သဖြင့် ရန်ကုန်မြို့ကြီးသို့ ခေတ္တရောက်ရှိသည့်အခါများတွင် ရေဆင်းဒေသမှ လေ၏ တန်ဖိုးကို သိရှိခံစားရပါသည်။ ယခုအခါ လူဦးရေထူထပ်သော မြို့ကြီးများနှင့် မော်တော်ကားများ၊ စက်ရုံများ များပြားသော မြို့ကြီးများတွင် လေထုညစ်ညမ်းမှုကြောင့် မြို့နေလူထုသည် အသက်ရှူ၍ မဝကြသည်သာမက လေထုညစ်ညမ်းမှုနှင့် ဆက်နွယ်သည့် ရောဂါများကိုပါ ခံစားကြရလျက်ရှိပါသည်။

ကမ္ဘာပေါ်ရှိ အချို့မြို့ကြီးများတွင် မော်တော်ယာဉ်များ ရှုပ်ထွေးသည့် နေရာများ၌ တာဝန်ကျသည့် ယာဉ်ထိန်းရဲများအတွက် အောက်ဆီဂျင်ရှူရန် နေရာများ စီစဉ်ပေးထားသကဲ့သို့ အများပြည်သူအတွက်လည်း အောက်စီဂျင်ကို အခကြေးငွေပေး၍ ရှူနိုင်သည့်နေရာများ ဖွင့်လှစ်ထားကြောင်းကြားသိရပါသည်။ ဤသို့ဖြစ်ရသည်မှာ လေထုအတွင်း အဓိကကျသော ညစ်ညမ်းသည့် ပစ္စည်းများနှင့် ဆင့်ပွားညစ်ညမ်းပစ္စည်းများ များပြားလာသည်နှင့်အမျှ လူသားများ အသက်ရှူရာတွင် အဓိကကျသော အောက်ဆီဂျင်ဓာတ်ငွေ့ (O_2)ပါဝင်မှုနှုန်း လျော့နည်းလာခြင်းကြောင့် ဖြစ်ပါသည်။

အာရှဒေသမှ မြို့ကြီးများတွင် လေထုညစ်ညမ်းမှု ပစ္စည်းများဖြစ်ကြသော PM-10နှင့် ယင်းထက်ငယ်သော ညစ်ညမ်းအမှုန်များ၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်နှင့် ဆာလ်ဖာဒိုင်အောက်ဆိုက်တို့၏ လေထုအတွင်း ပါဝင်မှုနှုန်းသည် WHO သတ်မှတ်ချက်ထက် လျော့နည်းသည့် မြို့တစ်မြို့မျှ မရှိကြောင်း၊ လေထုညစ်ညမ်းမှု ပစ္စည်းမျိုးစုံကြောင့် နှစ်စဉ်လူပေါင်း ၅၃၀၀၀၀သည် အရွယ်မတိုင်မီ သေဆုံးနေကြကြောင်း သိရှိရပါသည်။

လေထုညစ်ညမ်းမှုများသည် မြို့ကြီးများအနက် တရုတ်ပြည်မှ ပေကျင်းမြို့တော်သည် နာမည်ကျော်ပါသည်။ ယင်းမြို့ကြီး၏ လေထုညစ်ညမ်းမှု အရည်အသွေးနှင့် ပတ်သက်သည့် သတင်းထုတ်ပြန်ချက်များကို မကြာခဏ ဖတ်ရှုနေရပါသည်။ ယခုနှစ် ဇန်နဝါရီလ ၂ ရက်က ဖတ်ရှုခဲ့သော သတင်းတစ်ပုဒ်တွင် ပေကျင်းမြို့တော်၏ လေထုအတွင်းရှိညစ်ညမ်းပစ္စည်းများ ပါဝင်မှုနှုန်းသည် ၁၄ နှစ်ဆက်တိုက် ကျဆင်းလာခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ရှိသော လေထုညစ်ညမ်းမှုတွင် အဓိကကျသော PM-10 ညစ်ညမ်းအမှုန်များ (အချင်း ၁၀ မိုက်ခရိုမီတာထက်ငယ်သည့်အမှုန်များ၊ ၁၀ မိုက်ခရိုမီတာ လူ့ဆံခြည်မျှင်အချင်း၏ ငါးပုံတစ်ပုံခန့်)၊ ဆာလ်ဖာဒိုင်အောက်ဆိုက်နှင့် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ၏ ပမာဏသည် ယခင်နှစ်ကထက် ၄ ရာခိုင်နှုန်း ကျဆင်းကြောင်း ဖော်ပြထားပါသည်။ ဤသို့ ကျဆင်းနေသည်ဟု ဆိုသည့်တိုင် ပေကျင်းမြို့တွင် မီးခိုးမြူများ(Smog) ပါဝင်မှုနှုန်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ထားသောနှုန်းထက် အဆများစွာ ပိုနေကြောင်း၊ လေထုထဲတွင် ပါဝင်သော အသေးငယ်ဆုံး ညစ်ညမ်းအမှုန် PM 2.5 အမှုန်သည် ၂၅[illegible]$^{-3}$ (လေထုထည် ၁ ကုဗမီတာတွင် ၂၅ မိုက် ခရိုဂရမ်)အောက်ရှိမှသာ လေထုသန့်ရှင်းကြောင်း၊ ယင်းအမှုန်သည် (၁၀၀)[illegible]$^{-3}$ အထက်သို့ ရောက်ရှိနေလျှင် လူများရှူရှိုက်ရန် မသင့်လျော်ကြောင်း၊ ၃၀၀[illegible]$^{-3}$ ထက်ကျော်နေပါက နေအိမ်ပြင်ပသို့ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ မထွက်ကြရန် WHO က သတိပေးထားကြောင်း၊ ပေကျင်းမြို့ရှိ အမေရိကန်သံရုံး၏ သီးသန့်တိုင်းတာချက်အရ ၈၈၆ [illegible]$^{-3}$ အထိရှိကြောင်း ၁၅-၁-၂၀၁၃ ရက်နေ့က ဖတ်ရှုခဲ့သော သတင်းတစ်ပုဒ်အရ သိရှိရပါသည်။ ထို့ပြင် ပေကျင်းမြို့ရှိ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်နှင့် PM-10 တို့၏ လေထုအတွင်း ပါဝင်မှုနှုန်းသည် ယမန်နှစ် ယခုအချိန်ကထက် ၃၀ ရာခိုင်နှုန်းခန့် မြင့်မားနေကြောင်းကို ၂၀၁၃ ခုနှစ် ဧပြီလ ၃ ရက်နေ့က "ပေကျင်းပတ်ဝန်းကျင်ထိန်းသိမ်းရေးဗျူရို"၏ အကြီးအကဲက ပြောကြားခဲ့ပါသည်။ လွန်ခဲ့သော ၁၅ နှစ်ခန့်က တရုတ်ပြည်သို့ အလည်အပတ် သွားရောက်ခဲ့သော စာရေးသူ၏ အသက်(၇၀)ကျော် ဦးလေးတစ်ယောက်သည် ပေကျင်းမြို့၌ အသက်ရှူကျပ်လာသဖြင့် ဆေးရုံသို့ အရေးပေါ်သွားရောက်ခဲ့ရပါသည်။

အိန္ဒိယနိုင်ငံမှ နယူးဒေလီကဲ့သို့သော မြို့ကြီးများတွင် ယာဉ်ကြောပိတ်ဆို့မှုများ ဆိုးရွားစွာ ဖြစ်ပေါ်နေကြောင်း၊ မြို့တွင်း၌ သွားလာ နေသည့် မော်တော်ကားများ၏ ပျမ်းမျှမောင်းနှုန်း(average speed) သည် တစ်နာရီလျှင် ၂၀ ကီလို မီတာ ၁၂မိုင်နှုန်းထက်ပင်နည်းနေကြောင်း၊ ဖွံ့ဖြိုးပြီး နိုင်ငံများမှ မြို့ကြီးများ၌ မော်တော်ကားများ၏ ပျမ်းမျှမောင်းနှုန်းသည် တစ်နာရီလျှင် ၅၅ကီလိုမီတာမှ ၇၅ ကီလိုမီတာ (၃၃ မိုင် မှ ၄၅ မိုင် ခန့်)ရှိကြောင်း၊ ယာဉ်ကြောပိတ်ဆို့မှုများကြောင့် မော်တော်ယာဉ်များက လေထုအတွင်းသို့ ညစ်ညမ်းပစ္စည်းများ ထုတ်လွှတ်မှုသည် ယာဉ်ကြောပိတ်ဆို့မှု မရှိခြင်းထက် လေးဆမှ ရှစ်ဆခန့်များနေကြောင်း၊ ထို့ကြောင့် ဘန်ဂလိုမြို့ကြီးကဲ့သို့သောမြို့ကြီးများတွင် နေထိုင်ကြသောကလေးများ၏ ထက်ဝက်ခန့်သည် ပန်းနာရင်ကျပ်ရောဂါခံစားနေကြရကြောင်း မှတ်သားရပါသည်။

ထို့ပြင် အိန္ဒိယနိုင်ငံတွင် ထမင်းဟင်းချက်ရာ၌ ထင်း၊ မြက်ခြောက်၊ နွားချေးနှင့်ပဲရိုး၊ နှမ်းရိုးစသည့် လယ်ယာဘေးထွက်ပစ္စည်းများ (ဇီဝလောင်စာများ)သုံးစွဲမှုများပြားခြင်းကြောင့် မီးခိုးထွက်ရှိမှုများပြားရုံသာမက ညစ်ညမ်းအမှုန် PM-10၊ နိုင်ထရိုဂျင်အောက်ဆိုက်များ(NO_x)၊ ဆာလ်ဖာအောက်ဆိုက်များ (SO_x)၊ကာဗွန်မိုနော့ဆိုက်(CO)ဓာတ်ငွေ့များနှင့် အခြားလေထုညစ်ညမ်းပစ္စည်းများကိုပါ ထုတ်လွှတ်လျက်ရှိကြောင်း၊ အထူးသဖြင့် အိမ်တွင်းလေထု(Indoorair) ညစ်ညမ်းမှုကို ဖြစ်စေကြောင်း၊ အိမ်တွင်းလေထုညစ်ညမ်းမှုနှင့် ကာဗွန်မိုနော့ဆိုက်ဓာတ်ငွေ့ကြောင့် နှစ်စဉ် လူသုံးသိန်းမှ လေးသိန်းခန့်သေဆုံးနေကြကြောင်း WHO၏ အစီရင်ခံစာတစ်ခုတွင် ဖော်ပြထားပါသည်။ ဤသို့ဖြစ်ရသည့် အကြောင်းရင်းမှာ လေဝင်လေထွက် (Vetilation)မကောင်းသော မီးဖိုချောင်အတွင်း၌ လောင်စာ(ထင်း၊ နွားချေး. .)အစိုများကို စွမ်းအားနည်းသော မီးဖိုများ (Inefficient Cookstoves) ဖြင့် ချက်ပြုတ်ခြင်းကြောင့်ဖြစ်ပါသည်။ လေဝင်လေထွက် မကောင်းသော မီးဖိုချောင်အတွင်း၌ ထမင်းဟင်းချက်ပြုတ်ရသော အိမ်ရှင်မတစ်ဦးသည် ၄င်းရှူရှိုက်ရသော မီးခိုးများကြောင့် ကျန်းမာရေးထိခိုက်ခံရမှုသည် တစ်နေ့လျှင် စီးကရက်အလိပ်ပေါင်း(၁၀၀)သောက်သူနှင့်အတူတူပင်ဖြစ်ကြောင်း မှတ်သားထားဖူးပါသည်။

အိန္ဒိယနိုင်ငံတွင် ၂၀၀၁ခုနှစ်မှ ၂၀၁၀ပြည့်နှစ်အတွင်း ကျေးလက်ဒေသများတွင် လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ဓာတ်ငွေ့ရည်များကို တောရွာမြို့ပါ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ လေထုညစ်ညမ်းမှုလျော့နည်းလာပြီး NO_x၊ SO_xနှင့် ညစ်ညမ်းအမှုန်များ၏ ပမာဏသည် ၃၀ရာခိုင်နှုန်းမှ ၆၅ရာခိုင်နှုန်းအထိ လျော့နည်းလာကြောင်း၊ သို့ရာတွင် WHO သတ်မှတ်ချက်ထက် ကျော်လွန်နေဆဲပင်ဖြစ်သဖြင့် ဆက်လက်၍ ကြိုးပမ်းရဦးမည်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၀ပြည့်နှစ်က အိန္ဒိယနိုင်ငံရှိ မြို့ကြီး ၁၉၀မှ နေရာပေါင်း ၄၅၀တွင် တိုင်းတာချက်များအရ ကာရာလာပြည်နယ်မှ မာလပူရမ် (Malapuran)မြို့နှင့် တမီးလ်နာဒူးပြည်နယ်မှ မာဒူရိုင်း (Madurai) မြို့နှစ်မြို့မှအပ ကျန်မြို့ကြီးများတွင် လေထုညစ်ညမ်းမှုသည် သတ်မှတ်ချက်ထက် ကျော်လွန်နေကြောင်း၊ NO_x သတ်မှတ်ချက်သည် ၄၀[illegible]^{3}ဖြစ်သော်လည်း အဆိုးရွားဆုံးမြို့ကြီး ငါးမြို့တွင် ၆၆ [illegible]$^{-3}$ မှ ၇၅ [illegible]$^{-3}$အထိရှိကြောင်း၊ ညစ်ညမ်းအမှုန် သတ်မှတ်ချက်သည် ၆၀[illegible]$^{-3}$ဖြစ်သော်လည်း အဆိုးရွားဆုံးမြို့ကြီး ငါးမြို့တွင် ၂၆၁[illegible]$^{-3}$ မှ ၃၀၈[illegible]$^{-3}$အထိရှိကြောင်း၊ အိန္ဒိယနိုင်ငံတွင် လူများရောဂါဘယများကြောင့် သေဆုံးရာတွင် လေထုညစ်ညမ်းမှုနှင့် ဆက်နွယ်သော ရောဂါများကြောင့် သေဆုံးမှုသည် ပဥ္စမမြောက်အများဆုံးဖြစ်ကြောင်း အဆုတ်ကင်ဆာဖြစ်ပွားသူများ၏ ၂၀ရာခိုင်နှုန်းနှင့် သွေးတိုးရောဂါဖြစ်ပွားသူများ၏ ၆ရာခိုင်နှုန်းသည် လေထုညစ်ညမ်းမှုကြောင့်ဖြစ်ကြောင်း ကြားသိရပါသည်။

ပါကစ္စတန်နိုင်ငံ၏ လေထုအတွင်း၌ရှိသော ဖုန်မှုန့်များနှင့် မီးခိုးအမှုန်များ(dust and smoke particles)၏ ပါဝင်မှုနှုန်းသည် ကမ္ဘာ့ပျမ်းမျှပါဝင်မှုနှုန်း၏ နှစ်ဆရှိပြီး ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများ၏ ငါးဆခန့်ရှိနေကြောင်း၊ အချို့ညစ်ညမ်းပစ္စည်းများသည် သဘာဝအရင်းအမြစ်များမှ ထွက်ရှိလာခြင်းဖြစ်သော်လည်း အများစုသည် လူတို့၏ လုပ်ဆောင်ချက်များဖြစ်သည့် ရုပ်ကြွင်းလောင်စာများသုံးစွဲခြင်းနှင့် မော်တော်ကားများမှ ထုတ်လွှတ်ခြင်းဖြစ်ကြောင်း၊ လေထုအတွင်း ဆိုင်းနေသော ညစ်ညမ်းအမှုန်များ(Suspended Particulates Matter-SPM) ပါဝင်မှုများပြားနေခြင်းသည် အရေးအကြီးဆုံးပြဿနာ တစ်ရပ်ဖြစ်နေကြောင်း၊ ခေတ်မီလူနေမှုပုံစံအရ ၁၀နှစ်စီးနိုင်သည့် မော်တော်ကားတစ်စီးကို ဆက်၍ မစီးကြဘဲ လူတိုင်းလိုလိုက နှစ်စဉ်မော်တော်ကားအသစ် တစ်စီးလဲလှယ်စီးလိုခြင်းသည်လည်း မြို့ကြီးများ၌ မော်တော်ကားများ များပြားခြင်း၏ အကြောင်းအရင်း တစ်ရပ်ဖြစ်ကြောင်း၊ ပါကစ္စတန်သည် စက်မှုနိုင်ငံတစ်ခု မဖြစ်သေးသော်လည်း ယင်း၏ လေထုညစ်ညမ်းမှုနှုန်းသည် မြင့်မားနေကြောင်း မှတ်သားရပါသည်။

မြို့နေလူထုအဆမတန်တိုးပွားလာခြင်းသည်လည်း လေထုညစ်ညမ်းမှုဖြစ်ခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်ကြောင်း၊ လမ်းများဖောက်လုပ်ရန်၊ စက်ရုံများ တည်ဆောက်ရန်အတွက် သစ်ပင်များကို ခုတ်လှဲကြကြောင်း၊ အစားထိုးပြန်လည်စိုက်ပျိုးရန်လည်း မကြိုးပမ်းကြကြောင်း၊ သစ်ပင်သစ်တောများ ပြုန်းတီးခြင်းသည်လည်း လေထုညစ်ညမ်းမှုမြင့်မားရာတွင် အကြောင်းရင်း တစ်ခုဖြစ်ကြောင်း၊ မော်တော်ကားများမှ ဆာလ်ဖာဒိုင်အောက်ဆိုက် Lead Oxide စသည့်ဓာတ်ငွေ့ ထုတ်လွှတ်သည့်ပြင် ယင်းတို့သွားလာမှုများသည်နှင့်အမျှ လေထုအတွင်းသို့ ဖုန်မှုန့်များ ရောက်ရှိစေကြောင်း၊ အမှိုက်သရိုက်များကို မီးရှို့ခြင်းသည်လည်း လေထုညစ်ညမ်းမှု၏ အကြောင်းအချက်တစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

ယခုဆောင်းပါးကို ရေးသားနေစဉ်မှာပင် အင်ဒိုနီးရှားနိုင်ငံရှိ သစ်တောများ မီးအကြီးအကျယ်လောင်ရာမှ ထွက်ရှိလာသောမီးခိုးများကြောင့် စင်ကာပူ၊ မလေးရှားနှင့် ဘရူနိုင်းနိုင်ငံများတွင် မီးခိုးငွေ့ဒုက္ခကို ခံစားနေကြရသည့်သတင်းများကို အဆက်မပြတ်ကြားသိနေရပါသည်။ စင်ကာပူနိုင်ငံ၏ သမိုင်းတွင် မီးခိုးကျရောက်မှု အဆိုးရွားဆုံးအခြေအနေဖြစ်ပြီး လေထုညစ်ညမ်းမှုစံညွှန်းကိန်း Pollution Standards Index(PSI)(၄၀၁)ရှိကြောင်း၊ PSI (၃၀၀)၏အထက်ဆိုလျှင် အန္တရာယ်များသည့် (hazardous)အဆင့်အဖြစ် သတ်မှတ်ထားကြောင်း၊ လူအများစု မျက်နှာဖုံး (Mask)များ တပ်ဆင်ထားရကြောင်း၊ အစိုးရက အိမ်ထောင်စုပေါင်းနှစ်သိန်းအား မျက်နှာဖုံးများထုတ်ပေးထားရကြောင်း၊ ကျောင်းသား ကျောင်းသူများအား စာသင်ခန်းပြင်ပသို့မထွက်ရန်၊ စစ်သားများအား ပြင်ပလေ့ကျင့်ရေးများမပြုလုပ်ရန် တားမြစ်ထားကြောင်း၊ နာမကျန်းသူများနှင့် သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်နိုင်ကြောင်း သိရှိရပါသည်။ အင်ဒိုနီးရှားနိုင်ငံရှိ ဆီအုန်းကုမ္ပဏီကြီးများက စိုက်ခင်းပြုလုပ်ရန်အတွက် မြေများရှင်းလင်းရာမှ စတင်ကူးစက်ကာ သစ်တောများအကြီးအကျယ်မီးလောင်ရခြင်းဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံတွင် တောမီးရှို့ခြင်းနှင့် စိုက်ခင်းရှင်းလင်းရန်အတွက် မီးရှို့ခြင်းများကို တရားဥပဒေအရ တားမြစ်ထားသော်လည်း အချို့ကုမ္ပဏီများက လုပ်ဆောင်နေကြဆဲပင် ဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စု NASA အဖွဲ့ ကြီး၏ ဂြိုဟ်တုမှ တွေ့ရှိချက်များအရ ဇွန် ၂၄ ရက်နေ့အထိ တောမီးလောင်သည့် နေရာပေါင်း ၈၀၀ ရှိနေသေးကြောင်း သိရှိရပါသည်။ (မှတ်ချက်- သစ်တောများ မီးလောင်ရာတွင် မီးခိုးများ- smoke ထွက်ပါသည်။ haze -မြူမှုန်များမဟုတ်ပါ။ smoke -မီးခိုးနှင့် fog - မြူထုနှစ်ခုပေါင်း၍ ခေါ်ဝေါ်သော smog - မီးခိုးမြူများလည်း မဟုတ်ပါ။ smoke - မီးခိုးများသာဖြစ်ပါသည်။)

မလေးရှားနိုင်ငံ တောင်ပိုင်းဒေသတွင်လည်း စင်ကာပူမှ ရွေ့လျားလာသော မီးခိုးများရောက်ရှိနေပြီး နိုင်ငံ၏ သမိုင်းတစ်လျှောက် လေထုညစ်ညမ်းမှု အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိနေကြောင်း၊ တောင်ပိုင်းဒေသမှ မြို့တစ်မြို့ကို အရေးပေါ်အခြေအနေကြေညာထားရကြောင်း၊ စာသင်ကျောင်း ၁၀၀ ကျော်ပိတ်ထားရကြောင်း၊ ဒေသခံများအား နေအိမ်များအတွင်း၌သာနေထိုင်ရန် အစိုးရက အမိန့်ထုတ်ပြန်ထားကြောင်း၊ ညစ်ညမ်းမှုညွှန်းကိန်း PSI (၇၄၆) ထိရှိကြောင်း၊ ကွာလာလမ်ပူမြို့တော်တွင် PSI (၂၀၀)နီးပါးရှိကြောင်း၊ မလေးရှားနိုင်ငံ၏ သတ်မှတ်ချက်အရ PSI (၂၀၀)ကို very unhealthy - ကျန်းမာရေးအတွက် အလွန်မကောင်းသော အခြေအနေဖြစ်ကြောင်း သိရှိရပါသည်။ တစ်ဆက်တည်းမှာပင် အင်ဒိုနီးရှားမှ မီးခိုးများသည် ယခုအခါ ဘရူနိုင်းနိုင်ငံရှိ ခရိုင်လေးခုသို့ ပျံ့နှံ့လာပြီး လေထုအရည်အသွေးသည် သတ်မှတ်ချက်ထက် ကျော်လွန်နေသဖြင့် ပြည်သူများအား အိမ်ပြင်ပမှလုပ်ငန်းများကို လျှော့လုပ်ကြရန် အစိုးရကသတိပေးထားကြောင်း ထပ်မံသိရှိရပါသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ၁၉၉၇ ခုနှစ်ကလည်း သစ်တောများအကြီးအကျယ်မီးလောင်ခဲ့ရာ အရှေ့တောင်အာရှဒေသအချို့ရှိလူများ လပေါင်းများစွာ ဒုက္ခရောက်ခဲ့ကြပြီး သင်္ဘောများ၊ လေယာဉ်များ မတော်တဆတိုက်မှုများဖြစ်ပွားခဲ့သည်သာမက လူထောင်ပေါင်းများစွာသည်လည်း အသက်ရှူကျပ်ခြင်းနှင့် နှလုံးဝေဒနာများကို ခံစားခဲ့ကြရပါသည်။ ယခုအကြိမ် သစ်တောမီးလောင်ခြင်းသည် ၁၉၉၇ ခုနှစ်ကထက် ပို၍ဆိုးရွားကြောင်း သိရှိရပါသည်။

သစ်တောများ အကြီးအကျယ်မီးလောင်သည့်အခါ ထွက်ရှိလာသော မီးခိုးများသည် ပတ်ဝန်းကျင်ဒေသများရှိ လူများအတွက် အန္တရာယ်ဖြစ်စေသော်လည်း သစ်ပင်သစ်တောများသည် လေထုညစ်ညမ်းမှုကို လျော့နည်းစေနိုင်ပါသည်။ အပင်များသည် ၄င်းတို့ရှင်သန်ကြီးထွားရေးအတွက် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို စုပ်ယူပြီး နေရောင်ခြည်၏ အကူအညီဖြင့် အစာချက်လုပ်ရာတွင် ဇီဝဒြပ်ထု(biomass)တစ်ဂရမ်ဖြစ်ပေါ်ရန် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက် ၁ ဒသမ ၆၃ ဂရမ်ကို စုပ်ယူပြီး လေထုအတွင်းသို့ အောက်ဆီဂျင် ၁ ဒသမ ဝ၈၅ ဂရမ်ကို ပြည်လည်ထုတ်လွှတ်ပါသည်။ သစ်ပင်ပေါင်း ၅၄၀ စိုက်ပျိုးထားသည့် သစ်တောစိုက်ခင်း တစ်ဧက၏ ပျမ်းမျှ ကြီးထွားနှုန်းသည် တစ်နှစ်လျှင် ဇီဝဒြပ်ထု ၂ ဒသမ ၈၄ မက်ထရစ်တန်ခန့်ရှိသဖြင့် သစ်ပင်တစ်ပင်၏ တစ်နှစ်ပျမ်းမျှကြီးထွားနှုန်းသည် ၅ ဒသမ ၂၆ ကီလိုဂရမ် ခန့်ရှိပါသည်။ အထက်ဖော်ပြပါ အချိုးအစားအရ တွက်ပါက ဇီဝဒြပ်ထုပမာဏ ၅ ဒသမ ၂၆ ကီလိုဂရမ်တိုးပွားလာစေရန်အတွက် သစ်ပင်သည် တစ်နှစ်လျှင် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက် ၈ ဒသမ ၅၇ ကီလိုဂရမ်ကို စုပ်ယူပြီး အောက်ဆီဂျင်ပမာဏ ၅ ဒသမ ၇ ကီလိုဂရမ်ကို လေထုထဲသို့ ပြန်လည် ထုတ်လွှတ်ပါသည်။ အောက်ဆီဂျင်ဓာတ်ငွေ့၏ သိပ်သည်းခြင်းသည် သာမန်အပူချိန်နှင့် ဖိအား (68°F, 30 in Hg)တွင် ၁ ဒသမ ၃၃၁ Kgm^{-3} ရှိသဖြင့် အထက်ဖော်ပြပါ အောက်ဆီဂျင် ၅ ဒသမ ၇ ကီလိုဂရမ်သည် ထုထည်အားဖြင့် ၄ ဒသမ ၂၈ ကုဗမီတာနှင့် ညီမျှပါသည်။ ထို့ကြောင့် သစ်ပင်တစ်ပင်သည် လေထုအတွင်းသို့ တစ်နာရီလျှင် အောက်ဆီဂျင် သုည ဒသမ ၄၉ လီတာ(၁ ကုဗမီတာ- ၁၀၀၀ လီတာ)ထုတ်လွှတ်ပေးနိုင်ပါသည်။ ထို့ကြောင့် စာရှုသူ၏ရပ်ကွက်တွင် သစ်ပင် ၁၀၀ စိုက်ပျိုးထားသည်ဆိုပါက ထိုသစ်ပင်များက တစ်နာရီလျှင် အောက်ဆီဂျင် ပမာဏ ၄၉ လီတာခန့် (တစ်ရက်လျှင် ၁၀၇၆ လီတာခန့်) ထုတ်လွှတ်ပေးနေမည်ဖြစ်ပါသည်။ ပုံမှန် လေထုထဲတွင် အောက်ဆီဂျင် ၂၁ ရာခိုင်နှုန်းခန့် ပါဝင်ပြီးဖြစ်သဖြင့် သစ်ပင်များမှ ထုတ်လွှတ်ပေးသည့် အောက်ဆီဂျင်များသည် ညစ်ညမ်းပစ္စည်းများကြောင့် သန့်ရှင်းမှုရာခိုင်နှုန်း လျော့နည်းနေသည့် လေထု၏ အရည်အသွေးကို တိုးမြှင့်ပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့ စိုက်ပျိုးထားသောသစ်ပင်များ များပြားသည်နှင့်အမျှ လေထုအတွင်းသို့ အောက်ဆီဂျင် ထုတ်လွှတ်မှုပမာဏ များပြားလာမည်ဖြစ်သဖြင့် လေထုညစ်ညမ်းမှုကို လျော့နည်းစေမည် ဖြစ်ပါသည်။

လက်တွေ့စမ်းသပ်ချက်များအရ လူသားတစ်ဦး အသက်ရှင်ရေးအတွက် လိုအပ်သော အောက်ဆီဂျင်ပမာဏသည် ကျန်းမာရေးကောင်းသော ယောကျ်ားလေးတစ်ဦးသည် အိပ်ပျော်နေစဉ်၌ တစ်နာရီလျှင် အောက်ဆီဂျင် ပမာဏ သုည ဒသမ ၃၁ လီတာ၊ သာမန်အချိန်တွင် သုည ဒသမ ၄၈ လီတာနှင့် ပြင်းပြင်းထန်ထန် လှုပ်ရှားချိန်တွင် ၃ ဒသမ ဝ၆ လီတာ လိုအပ်ပြီး ကျန်းမာရေးကောင်းသော မိန်းကလေးတစ်ဦးသည် အိပ်ပျော်နေစဉ်၌ တစ်နာရီလျှင် အောက်ဆီဂျင်ပမာဏ သုည ဒသမ ၂၆ လီတာ၊ သာမန်အချိန်တွင် သုည ဒသမ ၃၉ လီတာနှင့် ပြင်းပြင်းထန်ထန် လှုပ်ရှားချိန်တွင် ၂ ဒသမ ၇၃ လီတာ လိုအပ်ကြောင်း မှတ်သားရပါသည်။ ဤကိန်းဂဏန်းများသည် ခန္ဓာကိုယ်အလေးချိန် ၁ ကီလိုဂရမ်အတွက်သာ ဖြစ်သဖြင့် ခန္ဓာကိုယ်အလေးချိန် ၆၀ ကီလိုဂရမ် (၁၃၂ ပေါင်)ရှိသော ယောကျ်ားတစ်ဦး အတွက် သာမန်အချိန်တွင် တစ်နာရီလျှင် အောက်ဆီဂျင် ပမာဏ ၂၈ ဒသမ ၈ လီတာ (တစ်ရက်လျှင် ၆၉၁လီတာ)လိုအပ်မည် ဖြစ်ပြီး ၅၀ ကီလိုဂရမ် (ပေါင် ၁၀၀)ရှိသော မိန်းမတစ်ဦးအတွက် သာမန်အချိန်တွင် တစ်နာရီလျှင် အောက်ဆီဂျင်ပမာဏ ၁၉ ဒသမ ၅ လီတာ(တစ်ရက်လျှင် ၄၆၈ လီတာ)လိုအပ်မည်ဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုမှ NASA အဖွဲ့ကြီး၏ ထုတ်ပြန်ချက်အရ သာမန်လူသားတစ်ဦးအတွက် တစ်ရက်လျှင် အောက်ဆီဂျင် သုည ဒသမ ၈၄ ကီလိုဂရမ်(၆၃၁ လီတာ)လိုအပ်ကြောင်း သိရှိရပါသည်။

အမေရိကန်ပြည်ထောင်စုမှ သုတေသနပြုမှုများအရ သစ်ပင်အရိပ်ရသော အိမ်များနှင့် ရုံးများသည် လေအေးစက်သုံးစွဲမှုကို ၃၀ရာခိုင်နှုန်းထိ လျှော့ချနိုင်ကြောင်း၊ လမ်းများတွင် သစ်ပင်များရှိခြင်းဖြင့် ညစ်ညမ်းအမှုန်ပမာဏကို ၆၀ရာခိုင်နှုန်းထိ လျှော့ချနိုင်သည်သာမက သစ်ရွက်များတွင်ရှိသော လေပေါက် (Stomata)များကလည်း လေထုအတွင်းမှ ညစ်ညမ်းပစ္စည်းအချို့ကို စုပ်ယူပေးနိုင်ကြောင်း၊ မြို့တစ်မြို့ရှိ ပြည်သူ့ဥယျာဉ်ကြီး တစ်ခုမှ သစ်ပင်များသည် တစ်ရက်လျှင် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် ၄ ဒသမ ၁ ကီလိုဂရမ် (၉ ပေါင်)၊ ဆာလ်ဖာဒိုင်အောက်ဆိုက် ၂ ဒသမ ၇ ကီလိုဂရမ် (၆ ပေါင်) ကာဗွန်မိုနော့ဆိုက် သုည ဒသမ ၂၂ ကီလိုဂရမ် (သုည ဒသမ ၅ပေါင်)နှင့် ကမ္ဘာကြီးပူနွေးမှုကို ဖြစ်စေသော ကာဗွန်ဒိုင်အောက်ဆိုက် ၄၅ ဒသမ ၅ ကီလိုဂရမ် (ပေါင် ၁၀၀)စုပ်ယူပေးနိုင်ကြောင်း သိရှိရပါသည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စုသစ်တောဌာန (US Forest Service)၏ စမ်းသပ်ချက်များအရ သက်တမ်း(၅၀) ရှိသော သစ်ပင်တစ်ပင်သည် ယင်း၏ သက်တမ်းတစ်လျှောက် အမေရိကန်ဒေါ်လာ ၃၂၀၀၀တန်ဖိုးရှိသော အောက်ဆီဂျင်များကို ထုတ်လွှတ်ပေးခြင်းဖြင့် လေထုညစ်ညမ်းမှု ထိန်းသိမ်းရေးအတွက် အမေရိကန်ဒေါ်လာ ၆၂၀၀၀ တန်ဖိုးရှိစေပြီး ထိုသစ်ပင်က အမေရိကန်ဒေါ်လာ ၃၇၅၀၀ တန်ဖိုးရှိသော ရေပမာဏကို ရရှိစေ (recycling)သည့်အပြင် မြေဆီလွှာများ တိုက်စားမှုကို ကာကွယ်ရာတွင်လည်း အမေရိကန်ဒေါ်လာ ၃၁၀၀၀ တန်ဖိုးရှိကြောင်း မှတ်သားရပါသည်။

ထို့ကြောင့် ရေ၊ မြေ တို့ကို ထိန်းသိမ်းပေးနိုင်ပြီး ကမ္ဘာကြီး ပူနွေးလာမှုကို လျှော့ချပေးနိုင်သည်သာမက လေထုညစ်ညမ်းမှုကိုပါ လျှော့ချပေးနိုင်စွမ်းရှိသော သစ်ပင်များကို ယခုမိုးရာသီတွင် အင်တိုက်အားတိုက် စိုက်ပျိုးကြပါ၊ ရှိပြီး သစ်ပင်များကိုလည်း ရှင်သန်အောင် ထိန်းသိမ်းကြပါဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

မကွေး အထက(၄) RC နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

မကွေး ဇွန် ၂၉

ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်မှ ဆောက်လုပ်လှူဒါန်းသည့် မကွေးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း RC နှစ်ထပ်ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၉ ရက်က မကွေးမြို့ အောင်မင်္ဂလာရပ်ကွက် သုခိတာလမ်းရှိ အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအိုက်ထွန်းက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းသားမိဘများကိုယ်စား မိဘတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ RC နှစ်ထပ် ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအိုက်ထွန်းက မကွေးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးထံ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး (ငြိမ်း) သီရိပျံချီ ဦးဇော်မင်းနှင့် ဇနီး ဒေါ်ခင်မိမိ မိသားစုက မာတီမီဒီယာစာသင်ခန်းတစ်ခန်းအတွက် ငွေကျပ် ၁၈၈ သိန်းတန်ဖိုးရှိ ကွန်ပျူတာ ၂၄ စုံနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံသံအမတ်ကြီးက အမှတ်တရ ဂုဏ်ပြုလက်ဆောင်များကို လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးက ကွန်ပျူတာ ရှစ်စုံကို လည်းကောင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ သံအမတ်ကြီးများက ဗလာစာအုပ်ဒါဇင် ၄၀ နှင့် ခဲတံဒါဇင် ၄၀ တို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စမ်းမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ကျောင်းဆောင်သစ်ကို ရွှေတောင် ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအိုက်ထွန်း၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းနှင့် ပညာရေးညွှန်ကြားရေးမှူး ဆရာကြီး ဦးဖေတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက RC နှစ်ထပ်ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ (ဓါတ်ပုံ) အဆိုပါနေ့တွင် ရွှေတောင်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ပေးခဲ့သည့် မကွေးတက္ကသိုလ် RC သုံးထပ်ဆောင် သုံးဆောင် ဖွင့်ပွဲအခမ်းအနားကိုလည်း ကျင်းပခဲ့သည်။

ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်မှ ဆောက်လုပ်လှူဒါန်းခဲ့သော မကွေးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် အဆောက်အအုံမှာ အလျား ပေ ၂၀၀၊ အနံပေ ၃၀ RC နှစ်ထပ်အမျိုးအစားဖြစ်ပြီး တန်ဖိုးကုန်ကျငွေကျပ် သိန်းပေါင်း သုံးထောင်ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ရွှေတောင်ကုမ္ပဏီအနေဖြင့် ယခုလှူဒါန်းခဲ့သော ကျောင်းဆောင်အပါအဝင် ကျောင်းပေါင်း ၇၁ ကျောင်း၊ ဆေးရုံ သုံးရုံ၊ အဝီစိရေတွင်းပေါင်း ၂၀ ကျော် ဆောက်လုပ်လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

သတင်း-ကိုပိုင်(ပတ္တမြား)
ဓာတ်ပုံ - (မကွေးပြန်/ဆက်)

ဗိုလ်ချုပ်အောင်ဆန်းဈေးအား အကြီးစားပြင်ဆင်မှုများ ပြုလုပ်ပြီး ဗိုလ်ချုပ်ဈေးသစ်(လေဟာပြင်ဈေး)အား အသစ်ပြန်လည်တည်ဆောက်မည်

မေး၊ ရေး/ဓာတ်ပုံ-ညွန့်သန်း၊ နန္ဒာဝင်း

ရန်ကုန် ဇွန် ၂၉

ရန်ကုန်မြို့အား ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် မြို့တော်ကြီးအဖြစ် အဆင့်မြှင့်တင်ပြောင်းလဲလျက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ဈေးများကိုလည်း ပြုပြင်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်းတို့ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံစာရင်းဝင် ဗိုလ်ချုပ်အောင်ဆန်းဈေးကိုလည်း အကြီးစားမွမ်းမံပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်းဈေးကို ၁၉၂၆ ခုနှစ်က တည်ဆောက်ခဲ့ပြီး စစ်ကြိုခေတ်မတိုင်မီက စကော့ဈေး၊ ဂျပန်ခေတ်က ဗိုလ်ရန်နိုင်ဈေး၊ လွတ်လပ်ရေးရပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းဈေး စသည်ဖြင့် ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။ အမည်နာမအမျိုးမျိုးဖြင့် သမိုင်းရှည်ကြာခဲ့သော ဤဈေးသစ်ကြီးကို ယခုတော့ ရှေးမူမပျက် ပြန်လည်ပြင်ဆင်တော့မည်ဖြစ်သည်။ သက်တမ်းအားဖြင့် (၈၇)နှစ် ရှိခဲ့ပြီဖြစ်သည်။ ယခုအခါ ဈေးအတွင်းရှိ ဈေးရုံများပျက်စီးယိုယွင်းခြင်း၊ မိုးများယိုခြင်းကြောင့် အကြီးစားပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ရန်လိုအပ်ခြင်းဖြစ်သည်။ ဈေးရှိ ဗဟိုရုံ၊ အရှေ့ဘက်ရှိ A, B,C,D ဆိုင်တန်းများနှင့် အနောက်ဘက်ရှိ A,B,C,D ဆိုင်တန်းများ၊ မျက်နှာစာဆိုင်ခန်းကြီးများ အပေါ်ထပ်ရှိ ဆိုင်ခန်းများအား အကြီးစားပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းဈေး၌ ဈေးရုံ ၁၀ ရုံ၊ ဆိုင်ခန်းပေါင်း ၁၀၃၃ ခန်းရှိပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရန်ပုံငွေဖြင့် ငွေကျပ်သိန်းပေါင်း ၃၀၀၀ ခန့် အကုန်အကျခံကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (အင်ဂျင်နီယာဌာန)က ဈေးရောင်းဈေးဝယ်မပျက်ဘဲ ရှေးမူလက်ရာမပျက် မကြာမီပြင်ဆင်သွားမည်ဖြစ်ပြီး ဆိုင်ခန်းများ၏ပြင်ဆင်စရိတ်ကို ဈေးသူဈေးသားများထံမှ ကောက်ခံမည်မဟုတ်ကြောင်း သိရသည်။

ထို့အတူ ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့် မျက်နှာချင်းဆိုင်ရှိ ဗိုလ်ချုပ်ဈေးသစ် (လေဟာပြင်ဈေး)ကိုလည်း အသစ်ပြန်လည်တည်ဆောက်သွားမည်ဖြစ်သည်။အဆိုပါဈေး၌ ဈေးဆိုင်ခန်းပေါင်း ၄၃၇ ခန်းရှိပြီး ယင်းဆိုင်ခန်းများအား ယင်းဈေးနှင့်ကပ်လျက်ရှိသည့် ယာယီဈေးနေရာ၌ ခေတ္တပြန်လည်နေရာချထားပေးခဲ့သည်။

ထိုအကြောင်းကို ဗိုလ်ချုပ်ဈေးသစ် ဈေးသာယာရေး ဈေးမိဈေးဖ ဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောပြရာတွင် "၂၀၁၂ ခုနှစ် နှစ်ဦးပိုင်းမှာ သတင်းစာတွေကနေ မြန်မာနိုင်ငံသားဆောက်လုပ်ရေးကုမ္ပဏီတွေကို တင်ဒါခေါ်ခဲ့ပါတယ်။ သင်္ကြန်မတိုင်မီ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာနခရိုင်မှူးက ဈေးသာယာရေး ဈေးမိဈေးဖတွေနဲ့ ဆွေးနွေးချင်ပါတယ်လို့ ဖိတ်ခေါ်ခဲ့ပါတယ်။ သွားတဲ့အခါ ဒီပရဝဏ်ကြီးတစ်ခုလုံးကို ခေတ်မီတဲ့ အဆောက်အအုံတွေ၊ ဈေးတွေဆောက်လုပ်မယ်။ အဲဒီလိုဆောက်လုပ်တဲ့အခါမှာ ဗိုလ်ချုပ်ဈေးသစ်ကြီးလည်း ပါဝင်မှာဖြစ်တဲ့အတွက် အသိပေးတာပါ။ အခြေခံအားဖြင့် ဗိုလ်ချုပ်ဈေးသစ်က ယာယီဗိုလ်ချုပ်ဈေးသစ်ကို ပြောင်းတဲ့အခါ ဈေးရဲ့ဖွဲ့စည်းပုံအရ ဈေးဆိုင်ခန်း ၄၃၆ ခန်းနှင့် ပေါင်ချိန်စက်တစ်ခုရှိတဲ့အတွက် ယာယီဈေးမှာလည်း ဒီအတိုင်းပဲ ထားမှာဖြစ်ပါတယ်။ အဲဒီပြောင်းရွှေ့တဲ့အခါမှာ ယာယီငွေကြေး အကုန်အကျ မရှိခဲ့ရပါဘူး။ ကုမ္ပဏီကနေ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ လမ်းညွှန်ချက်အရ အခမဲ့ဆောက်ပေးမှာ ဖြစ်ပါတယ်။ နောင်တစ်ချိန် ဟိုဘက်ကိုပြောင်းတဲ့အခါ ဈေးနဲ့နီးတဲ့နေရာ မြေညီမှာပဲ ရစေရပါမယ်လို့ အာမခံခဲ့ပါတယ်။ ဈေးလူကြီးတွေ ဆွေးနွေးကြပြီး ဈေးသူဈေးသားတွေရဲ့ သဘောဆန္ဒကို ယူခဲ့ပါတယ်။ အားလုံးလက်ခံသဘောတူကြတဲ့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို လက်ခံပါတယ်၊ ဆောင်ရွက်နိုင်ပါပြီလို့ ပြောခဲ့ပါတယ်။ ဘယ်ကုမ္ပဏီကရမှန်းလည်း မသိသေးပါဘူး။ အခု ၂၀၁၃ ကျမှ ရွှေတောင်ကုမ္ပဏီကို

ဒီဈေးဆောက်လုပ်ခွင့်ပေးလိုက်တယ်လို့ သိခဲ့ရပါတယ်။ ဘယ်နေ့ ဘယ်ရက်မှာ စတင်ဆောက်လုပ်မယ်လို့ နှစ်လကြိုပြီး ပြောခဲ့ပါတယ်။ ဈေးသူဈေးသားတွေ ပြောင်းရွှေ့ဖို့အတွက်လည်း ငါးရက်အချိန်ပေးခဲ့ပါတယ်။ အဲဒီသတ်မှတ်ကာလအတွင်းမှာပဲ ပြောင်းရွှေ့ခဲ့ကြပြီး ဇွန် ၂၇ ရက် နံနက် ၉ နာရီမှာတော့ ဈေးသစ်ဖွင့်ပွဲ လုပ်ခဲ့ပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ တာဝန်ရှိသူများ၊ ရွှေတောင်ကုမ္ပဏီဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အင်ဂျင်နီယာများ၊ ဈေးမိဈေးဖနှင့် ဈေးသူဈေးသားများပါဝင်ကြပါတယ်။ အရောင်းအဝယ်ကလည်း ပုံမှန်အတိုင်းကောင်းကြပါတယ်။ ယာယီဈေးတွေ ဆောက်ပေးတဲ့အခါမှာလည်း အကောင်းဆုံးလို့ ပြောလို့ရပါတယ်"ဟု ပြောပြခဲ့ပါသည်။

ဗိုလ်ချုပ်ဈေးသစ်(လေဟာပြင်ဈေး)နေရာ၌ အဆောက်အအုံအသစ် ပြန်လည်တည်ဆောက်ရေးအတွက် မေ ၁၁ ရက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီတို့ MOU လက်မှတ်ရေးထိုးခဲ့ပြီး လေးနှစ်ဖြင့် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဗိုလ်ချုပ်ဈေးသစ်နေရာက မြို့လယ်ကောင်ဖြစ်တဲ့အတွက် ယာယီဈေးသစ်ဆောက်လုပ်တဲ့နေရာမှာ မြို့တော်အင်္ဂါရပ်နဲ့ ညီဖို့လိုပါတယ်။ ဒါကြောင့် ရှိသင့်ရှိထိုက်တဲ့ အဆင့်အတန်းတစ်ခုကို အပြည့်အဝစေတနာထားပြီး ဆောင်ရွက်ပေးခဲ့တာပါ။ ဈေးသူဈေးသား ဈေးမိဈေးဖတွေကလည်း ကျွန်တော်တို့အပေါ် သံသယစိတ်မရှိဘဲ ယုံကြည်ကြတယ်။ စည်းလုံးညီညွတ်မှုလည်း ရှိကြတယ်။ မြို့တော်စည်ပင်ကလည်း လိုအပ်ချက်တွေကို သေသေချာချာ အကုန်လုံးလမ်းညွှန်တယ်။ ကျွန်တော်တို့ကလည်း စေတနာအပြည့်နဲ့ အတူတူလက်တွဲဆောင်ရွက်တဲ့အတွက် အောင်မြင်မှုရတာဖြစ်ပါတယ်။ ဗိုလ်ချုပ်ဈေးသစ်ကို တည်ဆောက်တဲ့အခါမှာလည်း မြို့တော်စည်ပင်က ကြီးကြပ်မယ်။ စင်ကာပူနိုင်ငံက ဒီဇိုင်းကျွမ်းကျင်တဲ့ နိုင်ငံခြားပညာရှင်တွေနဲ့ ကြိုးစားပြီး ဆောက်လုပ်သွားမှာဖြစ်ပါတယ်" ဟု ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ (Construction) ဦးအောင်သန်းက ပြောပြခဲ့သည်။

ယင်းသို့တည်ဆောက်ရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အဆောက်အအုံ Gross Floor Area ၏ ၅၁ ဒသမ ၆၃ ရာခိုင်နှုန်းနှင့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီက ၄၈ ဒသမ ၃၇ ရာခိုင်နှုန်း ရရှိကြမည်ဖြစ်သည်။

အဆိုပါ ဈေးသစ်ကို ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီက ၂၃ထပ်၊ ၂၅ထပ်နှင့် ၂၈ထပ်ပါဝင်သည့် အဆောက်အအုံများကို ဆောက်လုပ်သွားမည်ဖြစ်ပြီး မူလဈေးဆိုင်ခန်းများကို အဆောက်အအုံ၏မြေညီထပ်တွင် မူလအတိုင်း ပြန်လည်နေရာချထားပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းအဆောက်အအုံသစ်၌ စူပါမားကက်၊ ကလေးကစားကွင်း၊ အားကစားခန်းမ၊ စားသောက်ဆိုင်၊ လူနေတိုက်ခန်း၊ ရုံးခန်း၊ အစည်းအဝေးခန်း၊ ဟိုတယ်၊ Shop House၊ ကားပါကင်များ ပါရှိမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ဈေးများဌာန)မှ သိရသည်။

❖ **တပ်မတော်မှ**

ဆွေးနွေးခြင်း၊ မော်စကိုမြို့နှင့် စိန့်ပီတာစဘတ်မြို့များရှိ စက်မှုလုပ်ငန်းများနှင့် ယဉ်ကျေးမှုဆိုင်ရာနေရာများ လေ့လာခြင်း၊ ပညာတော်သင် တပ်မတော်သားများအား တွေ့ဆုံအားပေးစကားပြောကြားခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မနောမြေဂိုးပြတ်နိုင်ပြီး ကမ္ဘောဇနှင့်ရန်ကုန် သရေကျ

ရန်ကုန် ဇွန် ၂၉

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၁၆) ပထမနေ့ကို ယနေ့ညနေပိုင်းက ယှဉ်ပြိုင်ကစားသည်။

တန်းဆင်းရန် အန္တရာယ်အတွက် အရေးပါသောပွဲတွင် မနောမြေအသင်းမှာ ဂိုးပြတ်နိုင်ပွဲရရှိခဲ့သောကြောင့် MNLတွင် ဆက်ရှိရန် အခြေအနေကောင်းသွားသည်။ ခြေစွမ်းပိုင်းအရ ကွာခြားမှုမရှိသော်လည်း Southern အသင်းနောက်ခံလူများနှင့် ဂိုးသမား ပြည့်ဖြိုးအောင်တို့ အမှားများခဲ့၍ ဂိုးပြတ်သွားရခြင်းဖြစ်သည်။ ယင်းအမှားများကို မနောမြေတိုက်စစ်မှူး အက်စလေက အသုံးချကာ (၁၃၊ ၁၇၊ ၄၅) မိနစ်များတွင် သုံးဂိုးဆက်သွင်းကာ ပထမပိုင်းတွင် သုံးဂိုးအနိုင်ဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် မနောမြေအသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားသောကြောင့် Southern အသင်းမှာ နှစ်သိမ့်ဂိုးပင် သွင်းယူနိုင်ခြင်း မရှိခဲ့ပေ။

ဇယားထိပ်ဆုံးမှ အသင်းနှစ်သင်း၏ တွေ့ဆုံမှုက သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ပွဲအစနှစ်မိနစ်တွင် ဆီဇာက ရန်ကုန်အတွက် အဖွင့်ဂိုးစတင်သွင်းယူခဲ့ပြီး ၇၃ မိနစ်တွင် နူနက်ဇ်က ကမ္ဘောဇအတွက် ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ **(ရှိုင်းထက်ဇော်)**

တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်

တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်- ။)
၁၃၇၅ ခုနှစ်၊ လ ရက်
(၂၀၁၃ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် **တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို မြှင့်တင်နိုင်ရန်**အလို့ငှာ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **"တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ"**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **"အစိုးရအဖွဲ့"** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **"ဗဟိုအဖွဲ့"**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဗဟိုအဖွဲ့ကို ဆိုသည်။

(ဂ) **"လုပ်ငန်းအဖွဲ့"** ဆိုသည်မှာ ဗဟိုအဖွဲ့က ဖွဲ့စည်းပေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ကိုဆိုသည်။

(ဃ) **"ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့"** ဆိုသည်မှာ တောင်သူလယ်သမားများ ထုတ်လုပ်သော ကောက်ပဲသီးနှံများကို တိုက်ရိုက်ဝယ်ယူရောင်းချရန် ဗဟိုအဖွဲ့က ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(င) **"တောင်သူလယ်သမား"** ဆိုသည်မှာ အောက်ဖော်ပြပါ တစ်ရပ်ရပ်နှင့်ကိုက်ညီသူကို ဆိုသည်-

(၁) စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်းနှစ်ရပ်စလုံးကို မိမိ၏ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင် လုပ်ကိုင်သူ၊

(၂) ဆိုင်ရာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်းနှစ်ရပ်လုံးကို မိမိ၏အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ငန်းလုပ်ကိုင်ချိန် တစ်လျှောက်လုံး ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်သူ၊

(၃) ရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် သို့မဟုတ် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရန် အလို့ငှာ အရင်းအနှီးမတည် စိုက်ထုတ်၍ လုပ်ငန်းလုပ်ကိုင်ချိန် တစ်လျှောက်လုံး ကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် ကြီးကြပ်စီမံလုပ်ကိုင်သူ၊

(၄) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူ၊

(၅) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် ယင်းတို့နှင့် ဆက်နွယ်လျက်ရှိသော ထုတ်လုပ်မှုလုပ်ငန်း အလို့ငှာ ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များ ကိုယ်တိုင်ထုတ်လုပ်ရောင်းချသူ၊

(စ) **"စိုက်ပျိုးရေးလုပ်ငန်း"** ဆိုသည်မှာ ပုဂ္ဂလိကတစ်ဦးချင်းဖြစ်စေ၊ တစ်ဦးထက်ပို၍ဖြစ်စေ၊ အစုအဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ၊ ကုမ္ပဏီဖွဲ့စည်း၍ဖြစ်စေလုပ်ကိုင်သော အောက်ပါလုပ်ငန်းများကို ဆိုသည်၊ ယင်းစကားရပ်တွင် သဘောတူစာချုပ် ချုပ်ဆို၍ အကျိုးတူပူးပေါင်းဆောင်ရွက်သော စိုက်ပျိုးရေးလုပ်ငန်းလည်းပါဝင်သည်-

(၁) လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊

(၂) စက်မှုကုန်ကြမ်းသီးနှံ စိုက်ပျိုးရေးလုပ်ငန်း၊

(၃) ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်း၊

(၄) ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်စိုက်ပျိုးရေးလုပ်ငန်း၊

(၅) မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်း၊

(၆) တိရစ္ဆာန်အစာစိုက်ပျိုးရေးလုပ်ငန်း၊

(၇) စွမ်းအင်အထောက်အကူပြု စိုက်ပျိုးရေးလုပ်ငန်း၊

(၈) သစ်တောစိုက်ပျိုးပြုစုထိန်းသိမ်းရေးလုပ်ငန်း၊

(၉) ဆည်မြောင်း၊ တာတမံနှင့် မြေယာပြုပြင်ရေးလုပ်ငန်း။

(ဆ) **"မွေးမြူရေးလုပ်ငန်း"** ဆိုသည်မှာ ပုဂ္ဂလိက တစ်ဦးချင်းဖြစ်စေ၊ တစ်ဦးထက်ပို၍ဖြစ်စေ အစုအဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ၊ ကုမ္ပဏီဖွဲ့စည်း၍ဖြစ်စေ လုပ်ကိုင်သော အောက်ပါလုပ်ငန်းများကို ဆိုသည်၊ ယင်းစကားရပ်တွင် သဘောတူစာချုပ် ချုပ်ဆို၍ အကျိုးတူပူးပေါင်းဆောင်ရွက်သော မွေးမြူရေးလုပ်ငန်းလည်း ပါဝင်သည်-

(၁) စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် အသုံးပြုရန်၊ စားသုံးရန် သို့မဟုတ် ထုတ်ကုန်ပစ္စည်းထုတ်လုပ်ရန် တိရစ္ဆာန်မွေးမြူခြင်းလုပ်ငန်း၊

(၂) ရေလုပ်ငန်းနှင့်ရေချို၊ ရေငန်ငါးမွေးမြူခြင်းလုပ်ငန်း၊

(၃) မျိုးတိရစ္ဆာန် သို့မဟုတ် မျိုးငါးမွေးမြူခြင်း၊ သားပေါက်ထုတ်လုပ်ခြင်းနှင့် မျိုးမြှင့်တင်ခြင်းလုပ်ငန်း၊

(၄) ပျားမွေးမြူခြင်းလုပ်ငန်း၊

(၅) ပိုးမွေးမြူခြင်းလုပ်ငန်း။

(ဇ) **"ထုတ်ကုန်ပစ္စည်း"** ဆိုသည်မှာ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသောထုတ်ကုန်ပစ္စည်းကို ဆိုသည်။

(ဈ) **"သွင်းအားစု"** ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ စတင်ပြင်ဆင်သည့် အချိန်မှစ၍ ဈေးကွက်သို့ တင်ပို့ရောင်းချသည့် အချိန်အထိ ကုန်ကျစရိတ်များ၊ အသုံးချပစ္စည်းကိရိယာများ၊ စိုက်ထုတ်ရသည့် မိသားစုလုပ်အားများ အားလုံးကို ဆိုသည်။

(ည) **"လယ်ယာကုန်ထုတ်အရင်းအနှီး"** ဆိုသည်မှာ လယ်ယာမြေများ၊ တောင်သူလယ်သမားများက စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းစတင်ပြင်ဆင်ချိန်မှစ၍ ဈေးကွက်သို့ တင်ပို့ရောင်းချသည့် အချိန်အထိ ရင်းနှီးမြှုပ်နှံထားရသည့် ကောက်ပဲသီးနှံမျိုးစေ့များ၊ ပျိုးပင်ပေါက်များ၊ သားပေါက်များ၊ ပြုစုကန်များ၊ ငါးမွေးကန်များ၊ တိရစ္ဆာန်အစာများ၊ အသုံးချပစ္စည်းကိရိယာများ၊ စိုက်ထုတ်ရသည့် မိသားစုလုပ်အားများကို ဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်များ

၃။ **ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-**

(က) တောင်သူလယ်သမားများ အရင်းအနှီးရရှိရေးအတွက် သင့်တင့်သော ချေးငွေနှင့် အကူအညီများပေးရန်၊

(ခ) လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့လည်းကောင်း၊ သမားရိုးကျ မိရိုးဖလာ မွေးမြူရေးမှ ခေတ်မီမွေးမြူရေးသို့လည်းကောင်း ကူးပြောင်းနိုင်ရန် ထုတ်လုပ်ခွင့်၊ နည်းပညာနှင့် သွင်းအားစုဆိုင်ရာတို့ကို ပံ့ပိုးကူညီရန်၊

(ဂ) တောင်သူလယ်သမားများ၏ ထုတ်ကုန်ပစ္စည်းများ ရောင်းချရာတွင် သင့်တင့်မျှတသည့်ဈေးနှင့် ဈေးကွက်ရရှိရေးတို့အတွက် ကူညီဆောင်ရွက်ရန်။

အခန်း(၃)

ဗဟိုအဖွဲ့ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည် အောက်ပါအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များ ပါဝင်စေလျက် တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်-

(က) ပြည်ထောင်စုအစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊

(ခ) ပြည်ထောင်စုအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန၊

(ဂ) ပြည်ထောင်စုအစိုးရ၊ သမဝါယမဝန်ကြီးဌာန၊

(ဃ) ပြည်ထောင်စုအစိုးရ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊

(င) ပြည်ထောင်စုအစိုးရ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

(စ) ပြည်ထောင်စုအစိုးရ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊

(ဆ) ပြည်ထောင်စုအစိုးရ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊

(ဇ) မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊

(ဈ) မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊

(ည) ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊

(ဋ) မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊

(ဌ) မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊

(ဍ) မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းရှင်များအသင်း၊

(ဎ) တောင်သူလယ်သမားကိုယ်စားပြု အဖွဲ့အစည်းများ၊

(ဏ) အခြားသင့်လျော်သည့် အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ။

၅။ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တောင်သူလယ်သမားများ၏ အကျိုးစီးပွားများကို ဖြစ်ထွန်းစေသော ဈေးကောင်းရ၍ ဈေးကွက်ရှိသည့် သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ရေးအတွက် တောင်သူလယ်သမားများ လိုအပ်သောချေးငွေ၊ အကူအညီများနှင့် သင့်တင့်မျှတသောဈေးရရှိရန်ကူညီဆောင်ရွက်ပေးခြင်း၊

(ခ) တည်ဆဲဥပဒေများပါ တောင်သူလယ်သမားများ၏အခွင့်အရေးများကို တောင်သူလယ်သမားများ အမှန်တကယ်ခံစားနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခြင်း၊

(ဂ) တောင်သူလယ်သမားများအား လိုအပ်သောချေးငွေနှင့် အကူအညီများရရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့က တင်ပြသော ဝယ်ယူမည့် ကောက်ပဲသီးနှံ အမျိုးအစားနှင့် ဝယ်ယူမည့်ဈေးကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်းနှင့် အများပြည်သူသိရှိစေရန် ကြေညာခြင်း၊

(င) ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(စ) ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်ပါက လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဆ) တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာများ ဖွံ့ဖြိုးစေရန် သုတေသနလုပ်ငန်းများကို ထူထောင်ခြင်းနှင့် အားပေးခြင်း၊

(ဇ) တောင်သူလယ်သမားများအား စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာများပေးခြင်း၊ ထုတ်ကုန်ပစ္စည်း ဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သတင်းအချက်အလက်များကို ဖြန့်ဝေခြင်း၊

(ဈ) ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း၌ လွတ်လပ်စွာ သယ်ဆောင်ရောင်းချခွင့်နှင့် ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ရရှိရေးတို့အတွက် ကူညီဆောင်ရွက်ခြင်း၊

(ည) ထုတ်ကုန်ပစ္စည်းများအား ပြည်ပသို့တင်ပို့ရောင်းချရာတွင် သက်ဆိုင်ရာ ကုန်သွယ်ဖက်နိုင်ငံများထံမှ တင်သွင်းခွင့် ခွဲတမ်းများ စဉ်ဆက်မပြတ်ရရှိရေးကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) တောင်သူလယ်သမားများအား ထုတ်ကုန်ပစ္စည်းများကို အာမခံထားသည့် စနစ်၊ ကုန်လှောင်ရုံများတွင် အပ်နှံသည့် စနစ်၊ သီးနှံအပေါင်ထားသည့်စနစ်နှင့် လယ်ယာလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်သည့် စနစ်များကို အလေ့အကျင့်များ ရှိစေရန် အားပေးကူညီခြင်း၊

(ဌ) မိမိ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဍ) တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဎ) အစိုးရအဖွဲ့က တာဝန်ပေးအပ်သော တောင်သူလယ်သမား အကျိုးစီးပွား မြှင့်တင်ရေးဆိုင်ရာ အခြားတာဝန်များ ဆောင်ရွက်ခြင်း။

၆။ ဗဟိုအဖွဲ့သည် မိမိ၏ လုပ်ငန်းတာဝန်များကို ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းအဖွဲ့တစ်ခုခုအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၇။ ဗဟိုအဖွဲ့တွင်ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များသည် ဗဟိုအဖွဲ့ကခွင့်ပြုသော ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

အခန်း(၄)

ချေးငွေနှင့် အကူအညီများပေးခြင်း

၈။ ဗဟိုအဖွဲ့သည် အောက်ပါကိစ္စရပ်များကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူဆောင်ရွက်ရမည်-

(က) တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် သင့်တင့်သော အရင်းအနှီးရရှိရေးအတွက် နှစ်တို နှစ်ရှည် ချေးငွေများကို သက်သာသော အတိုးနှုန်းဖြင့် စည်းကမ်းချက်များချမှတ်၍ ထုတ်ချေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း။

(ခ) ပုဒ်မခွဲ(က) အရ ချေးငွေများထုတ်ချေးရာတွင် ထုတ်ချေးမည့်ငွေ၊ သက်သာသော အတိုးနှုန်း၊ ပြန်ဆပ်ရမည့်ကာလတို့ကို သတ်မှတ်ခြင်း။

၉။ ဗဟိုအဖွဲ့သည် သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့် တောင်သူလယ်သမားများ၏ သီးနှံစိုက်ခင်း၊ ထုတ်ကုန်ပစ္စည်းများနှင့် လယ်ယာကုန်ထုတ်အရင်းအနှီးများ ပျက်စီးဆုံးရှုံးလျှင်ဖြစ်စေ၊ အများပြည်သူကျန်းမာရေးအလို့ငှာ ဥပဒေနှင့်အညီ ဖျက်ဆီးခြင်းခံရလျှင် ဖြစ်စေ ယင်းတောင်သူလယ်သမားများအား လိုအပ်သော အကူအညီများပေးနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

၁၀။ ဗဟိုအဖွဲ့သည် သဘာဝဘေးအန္တရာယ် သို့မဟုတ် ကပ်ဘေးရောဂါတစ်ခုခုကျရောက်၍ အများပြည်သူကျန်းမာရေးအလို့ငှာ ဥပဒေနှင့်အညီ သက်ဆိုင်ရာက ဖျက်ဆီးသုတ်သင်ခြင်းခံရသော မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် တောင်သူလယ်သမားများအား လိုအပ်သည့် အကူအညီများပေးနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

၁၁။ ဗဟိုအဖွဲ့သည် တောင်သူလယ်သမားများအား ချေးငွေနှင့် အကူအညီများပေးနိုင်ရန်လိုအပ်သော ဘဏ္ဍာငွေရရှိရေးအတွက် အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ရမည်။

၁၂။ ဗဟိုအဖွဲ့သည် တောင်သူလယ်သမားများအား ချေးငွေနှင့်အကူအညီများပေးနိုင်ရေးအတွက် အစိုးရအဖွဲ့၏ အစီအမံဖြင့် ဆောင်ရွက်ရမည်။

အခန်း ၅

ထုတ်လုပ်ခွင့်၊ နည်းပညာနှင့် သွင်းအားစုဆိုင်ရာ ပံ့ပိုးကူညီခြင်း

၁၃။ ဗဟိုအဖွဲ့သည် စိုက်ပျိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) တောင်သူလယ်သမားတိုင်း ဥပဒေနှင့်အညီ လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုး ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ရန်၊

(ခ) အရည်အသွေးမီသည့် မျိုးစေ့ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးကို အားပေးကူညီရန်၊

(ဂ) တောင်သူလယ်သမားများအား ဒေသ၊ ရေမြေသဘာဝနှင့် ကိုက်ညီသည့် ခေတ်မီစိုက်ပျိုးရေး နည်းပညာများကို ပညာပေးရန်နှင့် ကူညီဆောင်ရွက်ရန်၊

(ဃ) စိုက်ပျိုးရေးလုပ်ငန်းနှင့်သက်ဆိုင်သော မိုးလေဝသ သတင်းအချက်အလက်များ၊သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များ၊ လယ်ယာမြေနှင့် စပ်ဆိုင်သည့် သတင်းအချက်အလက်များ၊ ပိုးမွှားရောဂါဆိုင်ရာ သတင်းအချက်အလက်များကို တောင်သူလယ်သမားများထံသို့ အလျင်အမြန်ရောက်ရှိရေးအတွက် ကူညီဆောင်ရွက်ရန်။

၁၄။ ဗဟိုအဖွဲ့သည် မွေးမြူရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါတို့ကိုဆောင်ရွက်ရမည်-

(က) မွေးမြူထုတ်လုပ်မှုနှင့် ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးမြင့်မားစေရန် တောင်သူလယ်သမားများအား မွေးမြူရေးဆိုင်ရာ နည်းပညာများပေးရေးအတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆက်စပ်ဆောင်ရွက်ရန်၊

(ခ) ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိရေးအတွက် ဈေးနှုန်းဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းခြင်း၊ ဖြန့်ဝေခြင်းတို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ပေးရန်၊

(ဂ) ပြည်တွင်းပြည်ပဈေးကွက်ရှိသော မွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်ရေးကို အားပေးကူညီရန်၊

(ဃ) မွေးမြူရေးလုပ်ငန်းထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ခွင့်၊ ရောင်းဝယ်ဖောက်ကားခွင့်နှင့် **ဥပဒေနှင့်အညီ သယ်ဆောင်ခွင့်ရရှိရေး**တို့အတွက် ကူညီဆောင်ရွက်ရန်၊

(င) မွေးမြူရေးလုပ်ငန်းနှင့်သက်ဆိုင်သော မိုးလေဝသ သတင်းအချက်အလက်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်များ၊ ကူးစက်ရောဂါ ဆိုင်ရာသတင်းအချက်အလက်များကို တောင်သူလယ်သမားများထံသို့ အလျင်အမြန်ရောက်ရှိရေးအတွက် ကူညီဆောင်ရွက်ပေးရန်။

၁၅။ ဗဟိုအဖွဲ့သည် ပုဒ်မ ၁၃ ပါ လုပ်ငန်းတာဝန်များကို ပြည်ထောင်စုအစိုးရ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအားလည်းကောင်း၊ ပုဒ်မ ၁၄ ပါ လုပ်ငန်းတာဝန်များကို ပြည်ထောင်စုအစိုးရ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအား လည်းကောင်း လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထို့ပြင် ပုဒ်မ ၁၃ သို့မဟုတ် ပုဒ်မ ၁၄ ပါ လုပ်ငန်းတာဝန်များကို အခြားသင့်လျော်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုအားလည်း လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

အခန်း (၆)

၁၆။ ဗဟိုအဖွဲ့သည် တောင်သူလယ်သမားများက ကောက်ပဲသီးနှံများကို တိုက်ရိုက်ရောင်းချလိုပါက ဝယ်ယူနိုင်ရေးအတွက် **ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့**ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၁၇။ (က) **ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့**သည် ဝယ်ယူမည့် ကောက်ပဲသီးနှံအမျိုးအစားနှင့် ဝယ်ယူမည့်ဈေးကို ဗဟိုအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် သတ်မှတ်၍ ဝယ်ယူနိုင်သည်။

(ခ) ပုဒ်မခွဲ(က) အရ ချေးငွေများထုတ်ချေးရာတွင် ထုတ်ချေးမည့်ငွေ၊ သက်သာသော အတိုးနှုန်း၊ ပြန်ဆပ်ရမည့်ကာလတို့ကို သတ်မှတ်ခြင်း။

၉။ ဗဟိုအဖွဲ့သည် သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့် တောင်သူလယ်သမားများ၏ သီးနှံစိုက်ခင်း၊ ထုတ်ကုန်ပစ္စည်းများနှင့် လယ်ယာကုန်ထုတ်အရင်းအနှီးများ ပျက်စီးဆုံးရှုံးလျှင်ဖြစ်စေ၊ အများပြည်သူကျန်းမာရေးအလို့ငှာ ဥပဒေနှင့်အညီ ဖျက်ဆီးခြင်းခံရလျှင် ဖြစ်စေ ယင်းတောင်သူလယ်သမားများအား လိုအပ်သော အကူအညီများပေးနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

၁၀။ ဗဟိုအဖွဲ့သည် သဘာဝဘေးအန္တရာယ် သို့မဟုတ် ကပ်ဘေးရောဂါတစ်ခုခုကျရောက်၍ အများပြည်သူကျန်းမာရေးအလို့ငှာ ဥပဒေနှင့်အညီ သက်ဆိုင်ရာက ဖျက်ဆီးသုတ်သင်ခြင်းခံရသော မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် တောင်သူလယ်သမားများအား လိုအပ်သည့် အကူအညီများပေးနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

၁၁။ ဗဟိုအဖွဲ့သည် တောင်သူလယ်သမားများအား ချေးငွေနှင့်အကူအညီများပေးနိုင်ရန်လိုအပ်သော ဘဏ္ဍာငွေရရှိရေးအတွက် အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ရမည်။

၁၂။ ဗဟိုအဖွဲ့သည် တောင်သူလယ်သမားများအား ချေးငွေနှင့်အကူအညီများပေးနိုင်ရေးအတွက် အစိုးရအဖွဲ့၏ အစီအမံဖြင့် ဆောင်ရွက်ရမည်။

အခန်း ၅
ထုတ်လုပ်ခွင့်၊ နည်းပညာနှင့် သွင်းအားစုဆိုင်ရာ ပံ့ပိုးကူညီခြင်း

၁၃။ ဗဟိုအဖွဲ့သည် စိုက်ပျိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) တောင်သူလယ်သမားတိုင်း ဥပဒေနှင့်အညီ လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုး ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ရန်၊

(ခ) အရည်အသွေးမီသည့် မျိုးစေ့ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးကို အားပေးကူညီရန်၊

(ဂ) တောင်သူလယ်သမားများအား ဒေသ၊ ရေမြေသဘာဝနှင့် ကိုက်ညီသည့် ခေတ်မီစိုက်ပျိုးရေး နည်းပညာများကို ပညာပေးရန်နှင့် ကူညီဆောင်ရွက်ရန်၊

(ဃ) စိုက်ပျိုးရေးလုပ်ငန်းနှင့်သက်ဆိုင်သော မိုးလေဝသ သတင်းအချက်အလက်များ၊သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များ၊ လယ်ယာမြေနှင့် စပ်ဆိုင်သည့် သတင်းအချက်အလက်များ၊ ပိုးမွှားရောဂါဆိုင်ရာ သတင်းအချက်အလက်များကို တောင်သူလယ်သမားများထံသို့ အလျင်အမြန်ရောက်ရှိရေးအတွက် ကူညီဆောင်ရွက်ရန်။

၁၄။ ဗဟိုအဖွဲ့သည် မွေးမြူရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါတို့ကိုဆောင်ရွက်ရမည်-

(က) မွေးမြူထုတ်လုပ်မှုနှင့် ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးမြင့်မားစေရန် တောင်သူလယ်သမားများအား မွေးမြူရေးဆိုင်ရာ နည်းပညာများပေးရေးအတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆက်စပ်ဆောင်ရွက်ရန်၊

(ခ) ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိရေးအတွက် ဈေးနှုန်းဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းခြင်း၊ ဖြန့်ဝေခြင်းတို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ပေးရန်၊

(ဂ) ပြည်တွင်းပြည်ပဈေးကွက်ရှိသော မွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်ရေးကို အားပေးကူညီရန်၊

(ဃ) မွေးမြူရေးလုပ်ငန်းထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ခွင့်၊ ရောင်းဝယ်ဖောက်ကားခွင့်နှင့် **ဥပဒေနှင့်အညီ သယ်ဆောင်ခွင့်ရရှိရေး**တို့အတွက် ကူညီဆောင်ရွက်ရန်၊

(င) မွေးမြူရေးလုပ်ငန်းနှင့်သက်ဆိုင်သော မိုးလေဝသ သတင်းအချက်အလက်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်များ၊ ကူးစက်ရောဂါ ဆိုင်ရာသတင်းအချက်အလက်များကို တောင်သူလယ်သမားများထံသို့ အလျင်အမြန်ရောက်ရှိရေးအတွက် ကူညီဆောင်ရွက်ပေးရန်။

၁၅။ ဗဟိုအဖွဲ့သည် ပုဒ်မ ၁၃ ပါ လုပ်ငန်းတာဝန်များကို ပြည်ထောင်စုအစိုးရ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအားလည်းကောင်း၊ ပုဒ်မ ၁၄ ပါ လုပ်ငန်းတာဝန်များကို ပြည်ထောင်စုအစိုးရ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအား လည်းကောင်း လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထို့ပြင် ပုဒ်မ ၁၃ သို့မဟုတ် ပုဒ်မ ၁၄ ပါ လုပ်ငန်းတာဝန်များကို အခြားသင့်လျော်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုအားလည်း လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

အခန်း (၆)

၁၆။ ဗဟိုအဖွဲ့သည် တောင်သူလယ်သမားများက ကောက်ပဲသီးနှံများကို တိုက်ရိုက်ရောင်းချလိုပါက ဝယ်ယူနိုင်ရေးအတွက် **ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့**ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၁၇။ (က) **ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့**သည် ဝယ်ယူမည့် ကောက်ပဲသီးနှံအမျိုးအစားနှင့် ဝယ်ယူမည့်ဈေးကို ဗဟိုအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် သတ်မှတ်၍ ဝယ်ယူနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ သတ်မှတ်သော ဝယ်ယူမည့်ဈေးသည် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့၏ ဝယ်ယူရောင်းချခြင်းနှင့်သာ သက်ဆိုင်စေရမည်ဖြစ်ပြီး တောင်သူလယ်သမားများ၏ လွတ်လပ်စွာရောင်းဝယ်ခွင့်ကို ထိခိုက်ခြင်း မရှိစေရ။

၁၈။ **ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့**သည် တောင်သူလယ်သမားများ၏ ထုတ်ကုန်ပစ္စည်းများကို ရောင်းဝယ်မှုပြုရာတွင် ပြည်တွင်းပြည်ပဈေးကွက်ရရှိရေး၊ ဈေးကွက်ချဲ့ထွင်ရေး၊ ဈေးကွက်သစ်ရှာဖွေရေးနှင့် ဈေးကွက်သတင်း စုဆောင်းရေးတို့ကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။

၁၉။ **ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့**သည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဗဟိုအဖွဲ့က ထုတ်ပြန်သည့် ဝယ်ယူမည့် ကောက်ပဲသီးနှံအမျိုးအစားနှင့် ဝယ်ယူမည့်ဈေးကို တောင်သူလယ်သမားများသိရှိနိုင်ရန် အချိန်မီထုတ်ပြန်ကြေညာပေးရမည်။

၂၀။ **ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့**သည် တောင်သူလယ်သမားများထံမှ ကောက်ပဲသီးနှံများကို ဝယ်ယူရာတွင် လိုအပ်သောရင်းနှီးငွေကို ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာငွေမှ ရယူသုံးစွဲရမည်။

၂၁။ **ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့**သည် တောင်သူလယ်သမားများထံမှ ဝယ်ယူပြီးသည့် ကောက်ပဲသီးနှံများ ဖြန့်ဖြူးရောင်းချရာတွင်-

(က) **အရှုံးပေါ်ပေါက်ပါက** သက်ဆိုင်ရာကစိစစ်၍ ကြောင်းကျိုးဆီလျော်မှုရှိလျှင် ယင်းအရှုံးကို ပြည်ထောင်စုဘဏ္ဍာငွေမှ ကျခံနိုင်စေရန် စီစဉ်ဆောင်ရွက်ရမည်။

(ခ) **အကျိုးအမြတ်ရှိပါက** ယင်းအကျိုးအမြတ်ကို ပြည်ထောင်စုဘဏ္ဍာသို့ ထည့်သွင်းရမည်။

၂၂။ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့များကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း၍ ကောက်ပဲသီးနှံရောင်းဝယ်ရေးကိစ္စများကို ဆောင်ရွက်စေနိုင်သည်။

၂၃။ ပြည်ထောင်စုအစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည်

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များကို ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့က အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလိုကူညီဆောင်ရွက်ပေးရမည်။

(ခ) ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့များက ကောက်ပဲသီးနှံဝယ်ယူရာတွင် သုံးစွဲမည့်ငွေများကို ထိန်းသိမ်းကြီးကြပ်ရမည်။

၂၄။ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့သည် မိမိလုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို တစ်လလျှင်တစ်ကြိမ် ဗဟိုအဖွဲ့သို့ ပြန်လည်တင်ပြရမည်။

အခန်း(၇)
လုပ်ငန်းအဖွဲ့များဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၂၅။ ဗဟိုအဖွဲ့သည် လုပ်ငန်းအဖွဲ့များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ သင့်လျော်သော ပုဂ္ဂိုလ်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များပါဝင်စေလျက် ဖွဲ့စည်းပေးရမည်။

၂၆။ လုပ်ငန်းအဖွဲ့များသည်-

(က) ဗဟိုအဖွဲ့က ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

(ခ) မိမိတို့၏ ဆောင်ရွက်ချက်များကို တစ်လလျှင်တစ်ကြိမ် ဗဟိုအဖွဲ့သို့ တင်ပြရမည်။

အခန်း(၈)
အထွေထွေ

၂၇။ အစိုးရအဖွဲ့သည်-

(က) ဗဟိုအဖွဲ့နှင့် ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီအသီးသီး၏ ကုန်ကျစရိတ်ကို ကျခံရမည်။

(ခ) ဗဟိုအဖွဲ့နှင့် လုပ်ငန်းကော်မတီအသီးသီးတို့က ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စီစဉ်ပေးရမည်။

၂၈။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) အစိုးရအဖွဲ့နှင့် ဗဟိုအဖွဲ့တို့သည် လိုအပ်သော နည်းဥပဒေများကို ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

○ ကျောဖုံးမှ

အခြေအနေနှင့် နိုင်ငံတည်ဆောက်ရေးအတွက် မီဒီယာများ၏ အရေးပါမှုနှင့် ပတ်သက်ပြီး တွေ့ဆုံမေးမြန်းခဲ့ပါသည်-

7 daysnews ဂျာနယ်မှ ကိုအောင်သူရက "တကယ်တမ်း မြန်မာနိုင်ငံရဲ့ မီဒီယာလောက ပွင့်လင်းလာတာဆိုရင် အခုအစိုးရလက်ထက်မှာ ဖွံ့ဖြိုးလာတယ်လို့ ပြောရပါမယ်။ တစ်ချိန်က ကျွန်တော်တို့ ထိုင်းနိုင်ငံမှာ မီဒီယာသင်တန်းသွားတက်ရောက်တာတောင် ခိုးကြောင်ခိုးဝှက်တက်ရောက်ခဲ့ရပါတယ်။ အိမ်ပြန်ရောက်ချိန်မှ သက်ပြင်းချနိုင်ခဲ့ပါတယ်။ အဲဒီလိုအခြေအနေမျိုးကနေ ဝုန်းဒိုင်းဆိုသလို မီဒီယာက ပွင့်သွားတယ်။ ပွင့်သွားတဲ့အခါမှာ တချို့ဟာတွေမှာ ကျွန်တော်တို့ရဲ့ Capacity ပိုင်းမှာလည်း ပြဿနာတွေရှိတယ်။ အဲလိုအခြေအနေမျိုးဖြစ်နေတဲ့အချိန်မှာ လိုက်ဖြည့်ဆည်းနေရာကနေ ဒီဘက်က တိုးတက်တဲ့နှုန်းက အရမ်းမြန်နေတဲ့အတွက် လိုက်မမီနိုင်ပါဘူး။ လိုက်မမီတဲ့အချိန်မှာ ပဋိပက္ခတွေအဖြစ် Conflict Sensitive Reporting အပိုင်းတွေကို ပြည်တွင်းရော ပြည်ပမှာပါလုပ်တဲ့အတွက် အရင်ကထက်စာရင်တော့ ရေးသားတာတွေ အရမ်းကောင်းလာပါတယ်။

ရခိုင်ကိစ္စနဲ့ မိတ္ထီလာကိစ္စကို နှိုင်းယှဉ်ကြည့်ရင် ရခိုင်ကိစ္စမှာ အရေးအသားတွေက တစ်ဖက်သတ်ကျလွန်းတာ တွေ့ရပါတယ်။ မိတ္ထီလာကိစ္စကျတော့ အရေးအသားတွေထိန်းလာတယ်။ ဒါတွေက တိုးတက်လာတာဖြစ်ပါတယ်။ တချို့နေရာတွေမှာတော့ မီဒီယာတွေက သူ့ရဲ့ထင်မြင်

ပြည်သူ့ခေတ် ဂျာနယ်မှ ဦးညဏ်လှိုင်ဝင်း မေးမြန်းမှုများကို ဖြေကြားစဉ်။ (သတင်းစဉ်)

ချက်ကို ရေးသားဖို့ရှိဦးမှာပါ။ ဒါကလည်း Freedom of Expession ကြောင့် ဖြစ်ပါတယ်။ ဘာမှလည်းစိတ်ပူစရာမရှိပါဘူး။ အစိုးရအနေနဲ့ မီဒီယာကို လွတ်လပ်ခွင့်ပေးထားမယ်။ ဆက်လုပ်ခွင့်ပြုထားမယ်။ သင်တန်းတွေ ဖွင့်ခွင့်ပေးထားမယ်ဆိုရင် သူ့ဟာနဲ့သူ Capacity မြင့်လာတာနဲ့အမျှ ထိန်းသွားနိုင်မယ်။ အဲဒီအတွက် စိတ်ပူစရာမရှိပါဘူး"ဟု ရှင်းလင်းပြောကြားသည်။

The Voice ဂျာနယ်မှ နေပြည်တော်တာဝန်ခံ ဦးထင်လင်းက "အခုလို တွေ့ဆုံပွဲကို မကြာမကြာဆိုသော်လည်း အချိန်ကာလတစ်ခုတော့ တိတိကျကျ သတ်မှတ်သင့်တယ်လို့မြင်ပါတယ်။ ဟိုတလောတုန်းက နှစ်လတစ်ကြိမ်တွေ့မယ်ဆိုပြီး ပြောခဲ့ပါတယ်။ အခုနှစ်လတောင်ကျော်သွားပါပြီ။ မကြာမကြာတော့ မီဒီယာတွေနဲ့ ထိတွေ့မှုရှိပြီး သတင်းတွေကို တုံ့ပြန်စေချင်ပါတယ်။ ဝန်ကြီးဌာနသတင်းတွေကို ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူတွေကနေတစ်ဆင့် လျင်လျင်မြန်မြန်တုံ့ပြန်ခြင်းက ပိုမိုမြန်ဆန်မယ်လို့ ထင်ပါတယ်။ ထိတွေ့တာထက်ပေါ့လေ။

လွှတ်တော်ထဲမှာ ဝန်ကြီးဌာနတွေက လာရောက်ဖြေဆိုရာမှာ ကျွန်တော့် အမြင်ပြောရရင်တော့ ဖြေဆိုချက်တွေကို လွှတ်တော်ဌာနကိုပေးသလို မီဒီယာတွေကိုလည်း ဖြန့်ဝေပေးသင့်ပါတယ်။ အဲဒီလိုမပေးတော့ ဖြေကြားချက်အသံဖိုင်ကို ပြန်ဖော်နေရတော့ အချိန်ကြန့်ကြာမှုနဲ့ တိကျမှုတွေမှာ စကားပြောပါတယ်။ ဖြေကြားချက်ရရင် ပိုပြီးတိတိကျကျဖော်ပြပေးနိုင်မယ်လို့ ထင်ပါတယ်။ ဝန်ကြီးဌာနက ပြောရေးဆိုခွင့်ပုဂ္ဂိုလ်တွေအနေနဲ့ အမြန်ဆုံးထိတွေ့ရရင် သတင်းတွေပိုပြီး မြန်ဆန်သွားပါမယ်။ နှစ်လတစ်ခါထိတွေ့တာထက် ပိုမိုမြန်ဆန်စေမယ်လို့ ပြောချင်ပါတယ်"ဟု ပြောပြသည်။

ပြည်သူ့ခေတ်ဂျာနယ်သတင်းထောက်ချုပ် ဦးညဏ်လှိုင်ဝင်းက "အခုလို တွေ့တဲ့အချိန်နည်းတာတောင် အရမ်းအဆင်ပြေတယ်။ တချို့ကိစ္စတွေမှာ မေးချင်တာတွေအတွက် အဆင်ပြေတယ်။ ဒါပေမယ့် အခုလို အပြောင်းအလဲလုပ်နေတဲ့ နိုင်ငံတစ်နိုင်ငံမှာ ပြဿနာပေါင်းစုံနဲ့ ကိစ္စတွေက အရမ်းကို မြန်ဆန်စွာပြောင်းလဲနေပါတယ်။ ဒါကြောင့် အချိန်တိုင်းမှာ ဘယ်ဌာနနဲ့ ပတ်သက်ရင် ဘယ်သူ့ကိုမေးရမယ်၊ ဘယ်သူ့ကို ဆက်သွယ်ရမလဲဆိုတာ လိုအပ်တယ်။

ဝန်ကြီးဌာနတွေအနေနဲ့ ဒီလိုပွဲမျိုးမှာ တွေ့နေကျ ဝန်ကြီးလေးငါးခြောက်ယောက်အပြင် ပိုမတွေ့ရဘူး။ ဒါမျိုးတွေမှာ တခြားဝန်ကြီးတွေလည်း တက်ရောက်စေချင်ပါတယ်။ ဦးရဲထွဋ်လည်း ပြောတယ်လေ။ ပြောရေးဆိုခွင့်ပုဂ္ဂိုလ်ကို လေ့ကျင့်ပေးနေတယ်ဆိုတာထက် ဒီလိုပွဲမျိုးကို တက်ရောက်စေချင်တယ်။ ထိတွေ့ပြီး အချိန်နဲ့တစ်ပြေးညီ သတင်းတွေထုတ်ပြန်လာနိုင်အောင် လုပ်စေချင်ပါတယ်"ဟု ဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းက ပြောကြားရာတွင် "အခုလို မီဒီယာတွေနဲ့ မကြာခဏတွေ့ဆုံခြင်းအားဖြင့် သူတို့သိချင်တာတွေကို မေးနိုင်သလို ကိုယ်ပြောချင်တာကိုလည်း ပြောပြနိုင်ပါတယ်။ သူတို့ပါမှ နိုင်ငံပြုပြင်ပြောင်းလဲရေးမှာ အားရှိမှာလေ။ ဒီဘက်ကာလမှာ မီဒီယာတွေရဲ့ သတင်းယူမှုတွေ၊ သတင်းထုတ်ပြန်မှုတွေ သိပ်ကောင်းပါတယ်။ ဒါပေမယ့် မသေချာတဲ့သတင်းတွေ၊ ပုဂ္ဂိုလ်ရေးကိစ္စတွေကိုတော့ မစွပ်စွဲစေချင်ပါဘူး။ မသေချာရင် တရားစွဲနိုင်တယ် မဟုတ်လား။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက်၊ ဒီမိုကရေစီနိုင်ငံထူထောင်ဖို့အတွက် မသင့်တာတွေ၊ လိုအပ်ချက်တွေကို ဝေဖန်၊ ထောက်ပြနိုင်ပါတယ်။ ဒါဆို သိပ်ကောင်းပါတယ်။

တစ်ဦးချင်းကို နိုင်ငံရေးနဲ့ ပတ်သက်ပြီး တိုက်ခိုက်တဲ့ အလုပ်မျိုးက မကောင်းပါဘူး။ တိုက်ခိုက်မယ့်အစား၊ စွပ်စွဲမယ့်အစား မှန်ကန်တဲ့ သတင်းအချက်အလက်တွေအပေါ် မူတည်ပြီး ဝေဖန်တာ၊ ထောက်ပြတာက ပိုမှန်ကန်တယ်လို့ မြင်ပါတယ်။ ဒီမိုကရေစီရဲ့ သဘောအရ ဝေဖန်ရမယ်၊ မှန်တာကို သုံးသပ်ပြရမယ်၊ မိမိအမြင်ကို လွတ်လွတ်လပ်လပ်ပြောနိုင်တယ်။ အဲဒီလို လုပ်ခြင်းသည်သာ ဒီမိုကရေစီကို လျှောက်လှမ်းရာမှာ တစ်တပ်တစ်အားဖြစ်စေမှာ ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတကလည်း အားပေးပါတယ်။ ဝန်ကြီးဌာနတွေအနေနဲ့ မီဒီယာတွေနဲ့ တွေ့ပေးပါဆိုပြီး ပြောပါတယ်။ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းတွေ့တာထက် အခုလို စုစုပြီး တွေ့ပေးရင် ပိုကောင်းတာပေါ့။ အခုမေးတဲ့ မေးခွန်းတွေကလည်းစုံတော့ တက်ရောက်လာတဲ့ သူတွေအားလုံး သိသွားပြီ။ ဒါမှပဲ Media Friendly ဖြစ်ပါမယ်။ ဒီနည်းလမ်းနဲ့ တိုင်းပြည်ကို တိုးတက်အောင် ဆောင်ရွက်သွားဖို့ လိုပါတယ်။ သူလည်း တိုင်းပြည်ကောင်းအောင် ထူထောင်၊ ကိုယ်လည်းထူထောင် ဒီလိုမျိုးပေါ့။ အစိုးရကို လက်ခုပ်တီးပြီး အားလုံးကောင်းပါသည် ခင်ဗျားလို့ လုပ်ဖို့ မဟုတ်ပါဘူး။ အစိုးရမှားရင် အစိုးရကိုပြော၊ လွှတ်တော်မှားရင် လွှတ်တော်ကိုပြော၊ အားလုံးကို ထောက်ပြနိုင်ပါတယ်။ အဲဒီလို နည်းနဲ့ ဒီမိုကရေစီရှေ့ခရီးကိုသွားကြဖို့ ဖြစ်ပါတယ်"ဟု ပြောပြသည်။

7 daysnews ဂျာနယ်မှ ကိုအောင်သူရ မေးမြန်းမှုများကို ဖြေကြားစဉ်။ (သတင်းစဉ်)

မဆင့်ဆင့်အောင် (နိပွန်တယ်လီဗွီးရှင်း)က ပြောကြားရာတွင် "အခုနိုင်ငံမှာ မီဒီယာပြုပြင်ပြောင်းလဲမှုနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေတယ်လို့ ပြောပေမယ့် သိပ်အားမရသေးဘူး။ စတော့လုပ်နေကြပြီဆိုတာ ဟုတ်ပါတယ်။ ဒါပေမယ့် တစ်ခုခုကို သိချင်လို့ရှိရင် ဘယ်သူ့ကို မေးရမှန်းသေချာမသိဘူး။ အမေးခံရတဲ့လူတွေကလည်း သိပ်မဖြေချင်ကြဘူး။ အဲဒါမျိုးတွေတွေ့ရတယ်။ နိုင်ငံအကြီးအကဲကို၊ အခြားသတင်းဖြစ်ပေါ်တဲ့ဌာနကို အင်တာဗျူးချင်တယ်၊ ဘယ်သူ့ကို ဆက်သွယ်ရမလဲဆိုတာ သေချာမသိဘူး။ဝန်ကြီးဌာနအလိုက် Contact Person တွေကို ဖော်ပြပေးထားပေမယ့် သိပ်အဆင်မပြေဘူး။

တကယ့်ကို Right Person ရဲ့ ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာပေါ့ ရချင်တယ်။ တကယ်လို့ တစ်ခုခုကြောင့် မေးတယ်၊ မြန်းတယ်ဆိုရင် Officially ပြန်ပြီးတော့ အကြောင်းပြန်ကြားပေးစေလိုတယ်။

အခုဆို မီဒီယာလောကဖွံ့ဖြိုးလာတယ်။ အရင်က ဒါမျိုးလုံးဝမရှိခဲ့ဘူးလေ။ အလွန်လည်းများပြားလာတာ အမှန်ပါပဲ။ များပြားလာတဲ့အတွက် ပိုပြီးတော့ ဖွံ့ဖြိုးလာတယ်လို့ ဆိုတာလည်း မှန်ပါတယ်။ မီဒီယာတွေများလာပေမယ့် ခုနကပြောသလို မေးခွန်းတွေ မေးချင်ပေမယ့် လမ်းကြောင်းကို မသိတော့ ဆက်သွယ်ရခက်တာတွေရှိတယ်။ ပွင့်လင်းမြင်သာမှု အားနည်းသေးတယ်လို့ မြင်ပါတယ်။

ဆက်သွယ်ရမယ့်လူက တကယ့်ကို အမှန်အကန် Responsibility ရှိတဲ့လူ ဖြစ်ရပါမယ်။ကျွန်မတို့ မီဒီယာသမားတွေအားလုံးမှာ အီးမေးလ်လိပ်စာတွေရှိတယ်။ အဲဒီလို မေးလိပ်စာတွေနဲ့ မေးတာ၊ ဖြေတာကိုလည်း လုပ်ပေးစေချင်ပါတယ်"ဟု သူ၏ အမြင်ကို ဖြေကြားခဲ့သည်။

NHKသတင်းဌာနမှ သတင်းထောက် ဦးသီဟသွယ်က "ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်းပြောရရင် အခြားသော ဒီမိုကရေစီနိုင်ငံတွေမှာဆိုရင် ကက်ဘိနက်အစည်းအဝေးပြီးတဲ့အချိန်တွေမှာ ဘာတွေဆွေးနွေးဆုံးဖြတ်ခဲ့တယ်ဆိုတာသိရဖို့ အပြင်ကနေစောင့်နေပြီး မေးလို့ရတယ်။

အခုလည်း ဖြစ်ချင်တာကတော့ နိုင်ငံတော်သမ္မတကြီးတို့ အစည်းအဝေးလုပ်ပြီးတဲ့အခါ ဘာစီမံကိန်းတွေ၊ ဘာတွေကိုလုပ်မယ်ဆိုတာကို ထွက်ပြီး ရှင်းပြစေချင်ပါတယ်။ အဲလို အခြေအနေမျိုးမရောက်သေးခင်မှာ ဒီလို တွေ့ဆုံပွဲတွေကျင်းပပေးတာလည်း ကောင်းပါတယ်။ ဒါပေမယ့် တွေ့ဆုံပွဲတစ်ခုနှင့် တစ်ခုကြားမှာ ဒီလိုမျိုးအချိန်ကြာတာတော့ မကောင်းပါဘူး။ မေးစရာတွေက များလာတာပေါ့။ တစ်ခါတလေလည်း မမေးနိုင်တဲ့အခြေအနေမျိုးတွေ ရှိတာပေါ့။ ရှိတဲ့အခါကျတော့လည်းဘယ်ကို မေးရမှန်းမသိဘူး ဖြစ်နေတယ်။ ဒုတိယဝန်ကြီး ဦးရဲထွဋ်ကတော့ ရှိပေမယ့် ဆက်သွယ်ရတာ အခက်အခဲရှိတယ်။ သူ့မှာရော ကျွန်တော်တို့မှာရော အခက်အခဲရှိကြတာပေါ့။

ဆက်သွယ်ရတာ မချောမွေ့ဘူးပေါ့။ ဒါမျိုးလုပ်ပေးတာကောင်းပါတယ်။ ဒီထက်ပိုကောင်းတဲ့နည်းနဲ့ဆိုရင် ပိုအဆင်ပြေတာပေါ့။ပြီးတော့ လွှတ်တော်မှာလည်းလွှတ်တော်အလျောက်၊ သမ္မတရုံးမှာလည်း သမ္မတရုံးအလျောက်ပေါ့နော်။ မီဒီယာစင်တာ ထားပေးသင့်တယ်။ မီဒီယာတိုက်တွေအနေနဲ့လည်း ကိုယ်စားလှယ်တွေ ထားပေးမယ်။ ရုံးလာထိုင်ပြီးတော့ သတင်းလာယူခွင့်ရရင်တော့ ပိုကောင်းပါတယ်" ဟု ပြောပြသည်။ **တွေ့ဆုံမေးမြန်းနှင့်ဓာတ်ပုံ-မြန်မာ့သတင်းစဉ်(သတင်းအဖွဲ့)**

လုပ်စားနေတာ၊ သတိပြုစရာ

ဦးသန်းထွန်း(ဥပဒေ)

ရန်ကုန်မြို့တွင် ဈေးများ၊ ကျောင်းများ၊ လူစည်ကားရာလမ်းဆုံ၊ လမ်းခွမျာ းမှာ ကြော်ငြာအမျိုးမျိုး လက်ကမ်းကြော်ငြာနေကြသူများကို တွေ့ဖူးကြပေမည်။ ထိုကြော်ငြာများမှာ အလုပ်အကိုင်ကြော်ငြာ၊ ကျူရှင်ကြော်ငြာ၊ ဆေးကြော်ငြာ စသည်ဖြင့် အမျိုးမျိုးရှိနိုင်ပေသည်။ အဆိုပါကြော်ငြာများထဲတွင် အမှန်အကန်ရှိသလို အကြံအဖန်လုပ်စားနေသူများလည်းရှိတတ်ကြောင်း၊ ရှိနေကြောင်း သတိထားသင့်ပေသည်။

ကျွန်ုပ်ကိုယ်တွေ့ ကိုယ်တိုင်ဖြေရှင်းပေးလိုက်ရသော အဖြစ်အပျက်ကလေး တစ်ခုကို မျှဝေလိုပါသည်။ လွန်ခဲ့တဲ့ တစ်ပတ်ခန့်က ကျွန်ုပ်သည် တရားစခန်းပွဲ တစ်ခုမှာ တရားအားထုတ်ဖို့ ရောက်ရှိနေချိန် ဒုတိယမြောက်နေ့တွင် ကျွန်ုပ်နှင့် ရင်းနှီးသော ဦးပဉ္ဇင်းတစ်ပါးက အကူအညီတစ်ခုပေးရန် ပြောကြားလာပါသည်။ ဦးပဉ္ဇင်း၏တူတော်သူမှာ နယ်မှ တက္ကသိုလ်ဝင်တန်းအောင်ပြီး ၎င်းထံရောက်လာသည်။

မြေနီကုန်းလမ်းဆုံနှင့် ဟံသာဝတီအဝိုင်းအကြား စည်းကမ်းမဲ့လမ်းဖြတ်မကူးနိုင်အောင် မျဉ်းလယ်ခုံတုံးကို နှစ်ပေခွဲအထိ မြှင့်ပြီးပြုလုပ်ထားသော်လည်း လမ်းဖြတ်ကူးနေပုံမှာ အရွယ်မရောက်သေးသူ ကျောင်းသားအရွယ် လူမမယ်ကလေးများအတွက် အတုခိုးမှားစရာ။

(မျိုးညွန့်-မရမ်းကုန်း)

ဒုတိယနှစ်ကျောင်းသားဖြစ်ပြီး အလုပ်တစ်ခုခုရလို၍ အလုပ်ရှာရန် သွားရင်းလာရင်း လမ်းကြုံ၍ အင်းစိန်ဈေးကြီးထဲမှ ဖြတ်လျှောက်လာစဉ် "လက်ကမ်းကြော်ငြာ"တစ်ခုရလာ၍ အလုပ်ရရန် ထောက်ခံစာများယူပြီး သွားရောက်ရာ လောလောဆယ်ဖောင်ကြေး ကျပ် ၃၀၀၀ ပေးရကြောင်း၊ ထို့ပြင် ငွေကျပ် ၁၀၀၀၀ ထပ်ပေးလျှင် ပိုမိုသေချာနိုင်ကြောင်းပြော၍ ငွေစုစုပေါင်း ကျပ်၁၃၀၀၀ ကို ပေးလိုက်ရကြောင်း၊ ထိုသူငယ်ကငွေပေးပြီး၍ အလုပ်သေချာစေရန် ဆက်လက်စုံစမ်းမေးမြန်းတဲ့အခါ မသင်္ကာဖွယ်ရာစကားများ၊ မရေမရာ စကားများကို ရိပ်မိသွား၍ ၎င်းပေးလိုက်သည့် ငွေကျပ် ၁၃၀၀၀ ကို ပြန်ပေးရန်တောင်းရာ ပြန်မပေးတော့ကြောင်း၊ ယင်းကဲ့သို့အခြားလူငယ်များလည်း အလုပ်လာလျှောက်ရင်း သိသွား၍ ငွေပြန်တောင်းကြရာ အကြောင်းအမျိုးမျိုးပြပြီး မပေးတော့ကြောင်း သိရသည်။ ထို့ပြင် ၎င်းတို့မှာ အဖွဲ့နှင့်လုပ်စားနေသူများ ဖြစ်ကြောင်းသိရပြီး ပြဿနာဖြစ်မည်စိုး၍ ဆက်လက်မတောင်းရဲကြတော့ပေ။

အနီးအနားပတ်ဝန်းကျင်ကို မေးစမ်းကြည့်သည့်အခါ ပတ်ဝန်းကျင်မှ လူများက အမုန်းခံပြီး မပြောချင်၍ကြည့်နေရကြောင်း၊ လုပ်စားနေတာဖြစ်ကြောင်း ပြောပြသည်။

သို့ဖြစ်၍ ကျွန်ုပ်မှ ထို "လက်ကမ်းကြော်ငြာ"အား တောင်းယူ၍ကြည့်ရှုကြည့်ရာ ထိုလက်ကမ်းကြော်ငြာမှာ မည်သည့်ကုမ္ပဏီ၊ မည်သည့်အလုပ်ဌာနမှ ခေါ်ဆိုကြောင်း လုံးဝမပါဘဲ အခြေအမြစ်အတိအကျမရှိသော အလုပ်အကိုင်များရေးသားပြီး ထိုအလုပ်များထဲမှ သင့်လျော်ရာအလုပ်တစ်ခုခု သေချာပေါက်ရနိုင်ကြောင်း အပြောကောင်းကောင်းနဲ့ပြောပြီး အကျိုးခံစားခွင့်များ Bonus များ ရေးပြထား၍ နယ်မှတက်လာသူများ၊ မအူမလည်သမားများမှာ အယုံကြည်ကြီး ယုံကြည်သွားပြီး ၎င်းတို့တောင်းသလောက် ငွေများပေးကြရပေသည်။

ဖုန်းဖြင့်ဆက်မေးကြည့်ရာ ၎င်းတို့၏လေသံများ၊ ပြောဆိုပုံများ ကြားယုံနှင့် အကြံအဖန်လုပ်စားနေသူများဖြစ်ကြောင်း သိလိုက်ရပေသည်။

ရိပ်မိလို့ဖုန်းချလိုက်ပြီး နောက်ပိုင်းတွင် ကျွန်ုပ်ထံဖုန်းနှင့် အကြိမ်ကြိမ်ဆက်ခေါ်နေသော်လည်း ကျွန်ုပ်ကဖုန်းကို Silent လုပ်ထားလိုက်ရာ ၎င်းတို့ဆက်သွယ်သည့် ဖုန်းနံပါတ် သုံး၊ လေးမျိုးပေါ်နေပါသည်။ ကျွန်ုပ်ထံ ဆက်မရသည့်အဆုံးတွင် တရားအားထုတ်နေသည့် ကျောင်းသို့ဖုန်းဆက်ပြီး ဒီညနေလာပြီး ငွေကျပ် ၁၃၀၀၀ ပြန်လာယူရန် ခေါ်ပေးနေကြောင်း သိရသည်။ နောက်နေ့ မနက်တွင် ၎င်းတို့ထံသွားယူမှ ငွေကျပ် ၁၃၀၀၀ ပြန်ရလာခဲ့ပေသည်။

အထက်ဖော်ပြပါအဖြစ်အပျက်ကလေးသည် သိလိုက်ရသည့် အဖြစ်အပျက်ကလေးတစ်ခုမျှသာဖြစ်ပေသည်။ ကျွန်ုပ်တို့မသိလိုက်ရဘဲ အထက်ပါအတိုင်း မသိနားမလည်သော၊ နယ်မှတက်လာပြီး မအူမလည်၊ ဘုမသိဘမသိဖြင့် ကြိတ်၍ခံနေရသူ မည်မျှရှိမည်ကို မသိနိုင်ပေ။

ပြီးခဲ့သည့်အပတ်က ကြေးမုံသတင်းစာတွင် လူကုန်ကူးရန် ကြံစည်သူလေးဦးအား ကြိုတင်သတင်းရရှိ၍ အဝေးပြေးဂိတ်သို့ အမျိုးသမီးငယ်တစ်ဦးကို မူဆယ်ဘက်ခေါ်သွားရန် အငှားကားဖြင့်ခေါ်လာစဉ် ဖမ်းဆီးလိုက်ကြောင်း သတင်းတစ်ပုဒ်ဖတ်လိုက်ရပေသည်။

အဆိုပါဖြစ်ရပ်သည်လည်း အထက်ဖော်ပြပါ "လက်ကမ်းကြော်ငြာ"မှ အလုပ်အကိုင်အကြောင်းပြပြီး နယ်မှတက်လာသူ၊ အမျိုးသမီးငယ်များကို သွေးဆောင်ခေါ်ယူနိုင်ကြောင်း သတိထားသင့်ပေသည်။

"ကြော်ငြာ"သည် အမျိုးမျိုးရှိတတ်ပေရာ "ကြော်"အောင်"ငြာ"နေသူများရှိသလို ကြော်ငြာကို အကြောင်းပြ လုပ်စားသူများလည်း ရှိနေကြောင်း သတိပြုဆင်ခြင်နိုင်ရန်အတွက် မျှဝေပေးခြင်းဖြစ်သည်။

ယာဉ်အမြန်နှုန်းမြင့်မားခြင်းက အန္တရာယ်ကြီးကာ သေဆုံးနှုန်းမြင့်မား

ရန်ကုန် ဇွန် ၂၉

ယာဉ်အမြန်နှုန်းမြင့်မားစွာ မောင်းနှင်မှုက အလွန်အန္တရာယ်ကြီးပြီး သေဆုံးနိုင်ခြေများပြားသည့်အတွက် သတ်မှတ်အမြန်နှုန်းများအတိုင်းသာ မောင်းနှင်ကြရန်လိုအပ်ကြောင်း မထသ(ဗဟို)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုသို့ ယာဉ်အမြန်နှုန်းမမြင့်မားစေရေးအတွက် အမြန်နှုန်းကန့်သတ်ချက်အမှတ်အသားများကို လိုက်နာပြီး ဥပဒေကို လေးစားလိုက်နာသော နိုင်ငံကြီးသားတစ်ယောက်အဖြစ် မိမိအသက်နှင့်အခြားသော လမ်းအသုံးပြုသူများ၏ အသက်ကို အန္တရာယ်မဖြစ်စေရန် အမြန်နှုန်းလျှော့ချမောင်းနှင်ခြင်း၊ လမ်းပြင်နေမှုများ၊ လမ်းပေါ်မှ ချိုင့်ခွက်များကို အရှိန်ဖြင့် နင်းမိပါက ယာဉ်ပျက်စီးကာ ပြုပြင်ရသော ငွေကုန်ကြေးကျများခြင်းကြောင့် အရှိန်လျှော့၍ မောင်းနှင်ခြင်း၊ ယာဉ်ကြောကျပ်တည်းမှုများ ကြုံပြီးနောက် ယာဉ်ကြောရှင်းသည့်အချိန်တွင် မိမိယာဉ်မှ လမ်းကြောရရန် အမြန်မောင်းနှင်မှုမျိုးမလုပ်ရန် လိုအပ်ကြောင်း သိရသည်။

အကြမ်းဖျင်းအားဖြင့် တစ်နာရီမိုင် ၄၀ နှုန်းမောင်းသောယာဉ် တိုက်မိပါက ၉၀ ရာခိုင်နှုန်း၊ တစ်နာရီ ၃၅ မိုင်နှုန်းမောင်းသော ယာဉ်တိုက်မိပါက ၅၀ ရာခိုင်နှုန်း၊ တစ်နာရီမိုင် ၃၀ နှုန်းမောင်းနှင်သော ယာဉ်တိုက်မိပါက ၂၀ ရာခိုင်နှုန်း၊ တစ်နာရီ မိုင် ၂၀ နှုန်းမောင်းနှင်သော ယာဉ်တိုက်မိပါ သုံးရာခိုင်နှုန်း သေဆုံးနိုင်ခြင်းဖြစ်သည်ဟု သုတေသနများတွင် ဖော်ပြထားကြောင်း ၎င်းက ဆက်လက်ပြောကြားသွားခဲ့သည်။ (၆၈၀)

ဈေးပြိုင်(အိတ်ဖွင့်)တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနပိုင်အောက်ဖော်ပြပါ အဆောက်အအုံ၊ အခန်း၊ မြေကွက်လပ်များအား ဈေးပြိုင် (အိတ်ဖွင့်)တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီး
- (၁) ပဆ ၇၈၄၁/၇၈၄၃ အမှတ် ၅၅/၆၅ ရွှေတိဂုံဘုရားလမ်း၊ လသာမြို့နယ် - ၆၀' x ၂၀' (၂)ခန်း
- (၂) အမှတ် ၁၃၆/၁၃၈၊ (၃၅)လမ်း ကျောက်တံတားမြို့နယ် - ၁၂. ၅' x ၄၅'
- (၃) အမှတ် ၁၃၆/၁၃၈၊ (၃၅)လမ်း ကျောက်တံတားမြို့နယ် - ၁၂. ၅' x ၄၅'
- (၄) အမှတ် ၁၃၆/၁၃၈၊ (၃၅)လမ်း ကျောက်တံတားမြို့နယ် - ၁၅' x ၄၈'
- (၅) P3 မော်တော်ယာဉ်ဝင်း ပုဇွန်တောင်မြို့နယ် (မြေကွက်လွတ်) - ၂၀' x ၃၀'

(ခ) မွန်ပြည်နယ်
- (၁) အမှတ်(၄)၊ မင်းကြီးတံတားလမ်း - ၈၆' x ၈၈'(၂)ထပ်၊ ၅၅'x၄၀' ၃၁' x ၂၆'
- စစ်ကဲကုန်းရပ်၊ မော်လမြိုင်မြို့ - ၆၀' x ၂၀'
- (၂) ပဆ-၁၁၆၉၊ အမှတ်(၁၀၂) အောက်လမ်းမကြီး၊ မော်လမြိုင်မြို့ - ၅၅' x ၁၈'x၁၃'

(ဂ) ရှမ်းပြည်နယ်
- (၁) အခန်းအမှတ်(၄၇)၊ မြို့မဈေး ကံ့ကော်ရုံ၊ လားရှိုးမြို့ - ၉' x ၈' (ဆိုင်ခန်း)
- (၂) အခန်းအမှတ်(၄၈)၊ မြို့မဈေး ကံ့ကော်ရုံ၊ လားရှိုးမြို့ - ၉' x ၈' (ဆိုင်ခန်း)

၂။	တင်ဒါပုံစံရောင်းချမည့်ရက်၊ အချိန်	- ၁-၇-၂၀၁၃ရက်မှ ၇-၇-၂၀၁၃ရက်ထိ ၀၉း၀၀နာရီ မှ ၁၆း၀၀ နာရီထိ
၃။	တင်ဒါပိတ်မည့်ရက်၊ အချိန်	- ၇-၇-၂၀၁၃ရက်၊ ၁၆း၀၀ နာရီ
၄။	တင်ဒါစည်းကမ်းချက်များရှင်းလင်းမည့်ရက်၊ အချိန်	- ၈-၇-၂၀၁၃ရက်၊ ၁၀း၀၀ နာရီ
၅။	တင်ဒါပုံစံရောင်းချမည့်နေရာ	- စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်
၆။	Deposit ပေးသွင်းရမည့်နေရာ	- Deposit ငွေကျပ် (၅)သိန်းကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင် ပေးသွင်းရမည်။
၇။	တင်ဒါဖွင့်ဖောက်မည့်နေရာ၊ နေ့ရက်နှင့်အချိန်	- ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော် ၈-၇-၂၀၁၃ရက်၊ ၁၀း၀၀ နာရီ

၈။ အဆိုပါ အဆောက်အအုံ၊ အခန်း၊ မြေကွက်လပ်များအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ နေပြည်တော်ဖုန်း - ၀၆၇-၄၀၈၁၇၁ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် လုပ်ငန်းသုံး စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် လိုအပ်သော လုပ်ငန်းသုံး စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်။

(က)	Desktop Computer	၆ လုံး
(ခ)	Laptop Computer	၂၀ လုံး
(ဂ)	Copier A3	၁လုံး
(ဃ)	D-800 Nikkon Camera	၁၀လုံး
(င)	Lens	၃လုံး
(စ)	Air Conditioner (5.0 HP)	၄လုံး
(ဆ)	D-7100 Nikkon Camera	၅လုံး
(ဇ)	Lens	၂လုံး
(ဈ)	Computer Core i7 Dell Optiplex 990 DT	၁လုံး

၂။ အိတ်ဖွင့်တင်ဒါ ပုံစံများကို ၁-၇-၂၀၁၃ ရက်မှ ၃၁-၇-၂၀၁၃ရက်အထိ နေ့စဉ် ၉း၀၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁-၈-၂၀၁၃ ရက် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေး ဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက် ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစား မည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇- ၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈

တင်ဒါပုံစံများတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇- ၄၁၂၃၂၇

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် လုပ်ငန်းသုံး ပုံနှိပ်စက်နှင့် စက်အရံပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်လျက်ရှိသည့် လုပ်ငန်းသုံးပုံနှိပ်စက်နှင့်စက်အရံပစ္စည်းများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်။

(က) Web Offset Printing Machine (4 Colour) ၁ လုံး

(ခ) Spare Parts for Orient Web Offset ၂၈ မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၇-၂၀၁၃ ရက်မှ ၃၁-၇-၂၀၁၃ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက် ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁-၈-၂၀၁၃ ရက် ၉း၃၀နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇- ၄၁၂၃၂၇

ဒါလေးတွေတော့ ပြုပြင်ပေးစေလို

ဇော်မြင့်ဝင်း

တပွမ်ပွမ်-တတီတီ-တဘော်ဘော်. . .

အသံမျိုးစုံလှသည့် ကားဟွန်းသံ တညံညံမှာ အရုဏ်နံနက် အိပ်စက်နေသူကို လှုပ်နှိုးလိုက်သကဲ့သို့ ဘုရားဝတ်တက်နေသူ၏ စိတ်အာရုံကို အနှောင့်အယှက် ဖြစ်စေသည်မှာ သုံးလခန့် ကြာမြင့်ခဲ့ပြီဖြစ်သည်။ သို့သော် တမြန်နေ့နံနက်ခင်း အချိန်ကား ပိုမိုဆိုးရွားလွန်းသည်ဟု စိတ်ဝယ်ထင်မြင်မိသောကြောင့် မိမိနေထိုင်ရာခြံဝင်းအပြင်ဘက် ကိုယ့်မင်းကိုယ့်ချင်းလမ်းနှင့် ရွှေဂုံတိုင်မီးပွိုင့်သို့ လှမ်းမျှော်ကြည့်မိတော့သည်။ ကိုယ့်မင်းကိုယ့်ချင်းလမ်းမပေါ်တွင် ရှည်လျားစွာရပ်တန့်ထားသော ကားတန်းကြီးကို တွေ့ရပြီး မီးပွိုင့်ကွေ့လမ်းကြော အနီးတွင် သတင်းစာ၊ ဂျာနယ်၊ လာဝယ်သော ကိုယ်စားလှယ်များအား လိုင်းကားကြီးတစ်စီးက ရပ်တန့်ကာ အေးအေးလူလူ လူအတင်အချပြုလုပ်နေသည်ကို တွေ့ရသည်။ ရွှေဂုံတိုင် တံတားစီမံကိန်းကြောင့် လမ်းကကျဉ်းရသည့်အပြင် လမ်းကျဉ်းပေါ် လိုင်းကားများ မိမိစိတ်ကြိုက် လူအတင်အချ ပြုလုပ်နေကြသည့်အတွက် မီးပွိုင့်စိမ်းနေသော်လည်း နောက်ကကားကြီးများ မရှောင်သာ၊ မကွေ့သာဖြစ်ကာ ကားဟွန်းများအား တတီတီ တီးနေခြင်းဖြစ်သည်။ စိတ်မရှည်နိုင်သည့် ယာဉ်မောင်းများကား နံနက်မိုးလင်း နံနက်ခင်းတွင် မကြားဝံ့မနာသာ မေတ္တာမျိုးစုံပွားကြသည်။ ဩော်. . စိတ်ပျက်ဖွယ်ကောင်းလေစွ။ လမ်းကကျဉ်းကျဉ်း ပြုပြင်မည့်သူ မရှိသေးသည့် တွင်းနက်ကြီးများဟုပင် တင်စားလောက်သည့် ချိုင့်ခွက်ကြီးများအား ကျော်လွှားနိုင်ရေး ဖြည်းဖြည်းချင်း ကြိုးစားမောင်းပြီး လှည်းမောင်းသလို မောင်းနှင်နေရသည့်ယာဉ်မောင်းများ၏ ဒုက္ခသည် သည်းခံစိတ်ကိုဆွပေးသလို ဖြစ်ကာ နှုတ်မှမကြားဝံ့မနာသာ မေတ္တာပို့သခြင်း ဖြစ်နိုင်သည်ဟု စိတ်ဝယ်မှတ်ချက်ပြုမိသည်။

တာမွေ ဗညားဒလ မီးပွိုင့်တွင် စည်းကမ်းမဲ့စွာ ရပ်ထားသော မော်တော်ယာဉ်များကို တွေ့ရစဉ်။

နံနက်ရုံးချိန်မတိုင်မီ ရုံးသို့ စောစီးစွာရောက်ရှိရေး၊ မိမိနေထိုင်ရာ ရွှေဂုံတိုင်မှ မြို့ထဲသို့သွားရန် ရွှေဂုံတိုင်မီးပွိုင့်ရှိအခက်အခဲများကို ကျော်လွှားပြီးနောက် ရွှေဂုံတိုင်လမ်းမကြီးအတိုင်း တာမွေဗညားဒလမီးပွိုင့်သို့ အသော့နှင်ခဲ့သည်။ မြို့ထဲသို့သွားရန်အတွက် ဗညားဒလမီးပွိုင့်တွင် မီးပွိုင့်အလွတ်ပေးထားသော လက်ယာဘက်ကွေ့ယာဉ်လမ်းကြော အလွတ်တွင် မောင်းနှင်ရမည်ဖြစ်သည်။ ဝဲဘက်ကွေ့ကားများ၊ မီးပွိုင့်တည့်တည့်ဖြတ်မည့်ကားများအတွက် လမ်းကြောင်းမဟုတ်သော်လည်း တည့်တည့်မောင်းမည့် တချို့သောလိုင်းကားကြီး၊ လိုင်းကားငယ်များသည် မီးပွိုင့်ထိပ်မြန်မြန်ရောက်ရှိရေး အလုအယက်တိုးကာ လမ်းရှင်းသောကွေ့ကြောပေါ်တွင် အတင်းနေရာယူ၍ မီးပွိုင့်မစိမ်းမချင်း ရပ်စောင့်နေကြသည်။ မီးပွိုင့်စိမ်းပါက ကွေ့ကြောမှ တည့်တည့်လမ်းကြောပေါ်သို့ အတင်းဖြတ်ဝင်ကြသည်မှာ နိစ္စဓူဝနေ့စဉ် မြင်တွေ့နေရသည့် မရိုးနိုင်သော အန္တရာယ်ရှိ မြင်ကွင်းတစ်ရပ်ဖြစ်သည်။ ကွေ့မည့်ကားများက တတီတီ ဟွန်းတီး၍ လမ်းတောင်းနေသော်လည်း မသိကျိုးကျွန်ပြုနေကြသည်။ မီးပွိုင့်ကြီးက သူ့အလုပ်သူမှန်မှန် လုပ်နေသလို မီးပွိုင့်စောင့်ယာဉ်ထိန်းရဲကြီးများကလည်း မီးပွိုင့်ရုံတွင် မှန်မှန်တာဝန်ထမ်းဆောင်နေပါ၏။ သို့သော် ကားလမ်းကြောများပိတ်၍ တတီတီမြည်ဟည်းနေသောကျယ်လောင်သည့် ကားဟွန်းသံများကြောင့် လမ်းပိတ်ဆို့မှုဖြစ်နေသည်ကို တာဝန်ရှိသူ မည်သူတစ်ဦးတစ်ယောက်မျှ သိရှိဟန်မတူ. . . ။

ဗညားဒလ မီးပွိုင့်ကျော်ဖြတ်ပြီး နောက်ဆက်လက်မောင်းနှင်လာရာ ရှင်ပါကူဆေးခန်းအနီးတွင် ဖိုးစိန်လမ်းမှ ထွက်လာသော ကားများ၊ ဗညားဒလလမ်းပေါ်တွင် အသွား/အပြန် မောင်းနှင်နေသော ကားများ၊ ဗျိုင်းရေအိုးစဉ်လမ်းမှ ထွက်လာသော ကားများ၊ ဆေးခန်းသို့လာရောက်သောကားများဖြင့် ရှုပ်ယှက်ခတ်နေတော့သည်။ ဦးရာလူ အတင်းဖြတ်ကြသည်။ ကားရှင်းပေးမည့်သူ မရှိ။ ထိုမှတစ်ဆင့် ဖိုးစိန်လမ်းတွင်းသို့ ရောက်လာတော့သည်။ ဖိုးစိန်လမ်းသည် အသွားအပြန် မောင်းနှင်နိုင်သည့် နှစ်လမ်းသွားလမ်းဖြစ်သည်။ ကားလမ်းက အနည်းငယ် ကျဉ်းသည်ဆိုသော်လည်း ဘေးပလက်ဖောင်းများ ချထားသဖြင့် အတန်ငယ်သွားရလာရ အဆင်ပြေသည်။ ဖိုးစိန်လမ်းအလယ်လောက်တွင် ဟိုတယ်ကြီးများ၊တည်းခိုခန်းကြီးများမှ ဧည့်သည်များကို လာကြိုသည့် ခရီးသွားကားကြီးများ ရပ်နားထားသလို လမ်း၏တစ်ဖက်တစ်ချက်တွင် အငှားယာဉ်ကားလေးများက စောင့်ဆိုင်းရပ်နားနေရာယူထားမှုကြောင့် လမ်းက ကျယ်သင့်သလောက် မကျယ်တော့၊ ဖိုးစိန်လမ်း အလယ်လောက်တွင် ကားလမ်းပေါ် ရပ်ကာ တရှိန်ရှိန်မြည် အောင်ဝီစီမှုတ်၍ သွားနေသော ကားများကို ရပ်တန့်စေပြီး မိမိခြံဝင်း အတွင်းဝင်ထွက်မည့် ကားများအား အလွယ်တကူ ဝင်ထွက်နိုင်အောင် လမ်းရှင်းပေးနေသော ပုဂ္ဂလိက ကျောင်းနှစ်ကျောင်းမှ ဝန်ထမ်းနှစ်ဦး၏ တာဝန်သိလုပ်ရပ်ကြောင့် ရှင်းနေသောလမ်းများ ပို၍ရှုပ်ထွေးသွားသည်ကို တွေ့ခဲ့ရ၏။

ထိုမှတစ်ဖန် ရှေ့သို့ဆက်သော် မိုးတွင်းကာလ မိုးများမှုကြောင့် လမ်းတချို့ပေါ်တွင် မိုးရေများတင်နေသည်ကို တွေ့ရ၏။ မိမိ၏လုပ်ငန်းခွင်အနီး မဟာဗန္ဓုလလမ်းနှင့် လမ်း(၅၀) ပတ်ဝန်းကျင် တစ်လျှောက်တွင်တော့ တခြားနေရာများထက် ထူးကာ ထူးထူးကဲကဲ ရေလျှံနေသည်ကို တွေ့ရသည်။ ရေမြောင်းများပိတ်ဆို့နေမှုကြောင့် မိုးရွာတိုင်းရေလျှံနေသော်လည်း ရေမြောင်းဆယ်သူ မတွေ့ခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သည်။

သတင်းစာများတွင် ထင်သာမြင်သာပြုပြင်စရာများ ကဏ္ဍကို ဖတ်ရှုမိသဖြင့် မိမိ၏ တစ်မနက်စာ တွေ့ကြုံခဲ့ ရသည့် အခက်အခဲလေးများအား ပြုပြင်ပေးစေလို၍ တင်ပြခြင်းသာဖြစ်ပါသည်။ ။

အတင့်ရဲလာသော ဆွဲကြိုးဖြတ်လုယက်မှု

ရန်ကုန် ဇွန် ၂၉

ရန်ကုန်မြို့ လသာမြို့နယ် (၁) ရပ်ကွက်(၁၇)လမ်း အမှတ်(၇၄/၇၆) (၅) လွှာနေ ဒေါ်သန်းသန်းဆင့် (ခ) မဦး(၄၀)နှစ် သည် ဇွန် ၂၇ ရက်ည ၉ နာရီခန့်တွင် (၁၈) လမ်းထိပ်ရှိ ၎င်းပိုင် အထည်ဆိုင်မှ နေအိမ်သို့ ပြန်လာပြီး အခန်းအရောက် အခန်းသော့ဖွင့်နေစဉ် လူငယ်တစ်ဦးက ၎င်းအား ကျော်တက်သွားပြီး ပြန်ဆင်းလာကာ ၎င်း၏လည်ပင်း၌ ဆွဲထားသော ငွေကျပ် ၃၅၀၀၀၀ ခန့်တန် MC ရွှေဆွဲကြိုးအား ဆွဲဖြတ်လုပြေးသွားသည်။

ဒေါ်သန်းသန်းဆင့်က အော်ဟစ်အကူအညီတောင်းရာ လမ်းထဲမှ လူအချို့နှင့် လှည့်ကင်းရဲတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးရာ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်ဆန်ရပ်ကွက်၊ ရတနာလမ်းသွယ်နေ သက်ပိုင်ဦး(ခ) သက်ပိုင်အားဖမ်းမိသဖြင့် ဒေါ်သန်းသန်းဆင့်က အရေးယူပေးရန်တိုင်တန်းမှုအား လသာ ရဲစခန်းက(ပ) ၁၅၃/၁၃ ပြစ်မှုပုဒ်မ (၃၈၂)ဖြင့် ဇွန် ၂၇ ရက်တွင် အမှုဖွင့်ပြီး တရားခံအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။ (၃၀)



မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်သမီးလေး ခိုင်ဝင့်ဝါ မြောက်ဥက္ကလာ၊ အထက(၃)၊ ပဉ္စမတန်း (C)၏ ၃၀-၆-၂၀၁၃ ရက်တွင် ကျရောက်သည့် (၁၀)နှစ်ပြည့်မွေးနေ့မှ ရာသက်ပန် ဖေဖေမေမေတို့ မိသားစုနှင့်အတူ ဥမကွဲသိုက်မပျက် အမျိုးဘာသာ၊ သာသနာကို စောင့်ရှောက်နိုင်သော အမျိုးကောင်းသမီးတစ်ယောက် ဖြစ်ပါစေ. . .။

ချစ်ဖေဖေ - ဦးကျော်စိုး(လက်ထောက်အင်ဂျင်နီယာ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကော့သောင်းမြို့။)
ချစ်သောမေမေ - ဒေါက်တာသီတာအေး(လက်ထောက်ကထိက၊ သမိုင်းဌာန၊ တောင်ကုတ်တက္ကသိုလ်)
ချစ်ညီမလေး - ဇင်ဇင်သော်[ပထမတန်း၊ အမက(၁၉)၊ မြောက်ဥက္ကလာ]

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးဝင်းမြင့်-ဒေါ်ငွေငွေဦး တို့၏သား

ဗိုလ်ကြီးနိုင်လင်း
M.B.,B.S (DSMA)
M.Med.Sc (Surgery)

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ
ဦးခင်ဇော်(ဌာနမှူး၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း)-
ဒေါ်ခင်အေးကြူ(စာရင်းစစ်အရာရှိ၊ ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး)
တို့၏ တစ်ဦးတည်းသောသမီး

မဖူးပွင့်သိမ့်
BE(Electrical Power)
Dip in Environmental Management and Planning (YTU)

တို့သည် ၂၇-၆-၂၀၁၃ ရက်(ကြာသပတေးနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးနိုင်လင်း-မဖူးပွင့်သိမ့်

(၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာဆုတောင်း

ဦးစိုင်းလှအောင်-ဒေါ်နန်းအဲလိတ်တို့၏ ၃၀-၆-၂၀၁၃ ရက်တွင် ကျရောက်သော (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာမှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ကျန်းမာပျော်ရွှင်၊ အောင်မြင်သော မိသားစု ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းပို့သလျက်-

ဒေါ်သီတာကျော်(ပြင်ဦးလွင်)
ဗိုလ်မှူးအောင်ဇေငြိမ်း-ဒေါ်အေးသီတာ

အသိပေးအကြောင်းကြားခြင်း

အောက်ဖော်ပြပါ ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီများမှတ်ပုံတင်ရေးဦးစီးဌာနတွင် ပေးထားသော ကုမ္ပဏီလိပ်စာနှင့် ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များမှာ မှန်ကန်မှုမရှိသည့်အတွက် ဆက်သွယ်၍ မရရှိပါ။ အခွန်ကိစ္စရှင်းလင်းရန် ကုမ္ပဏီများဆိုင်ရာအခွန်ရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အမှတ်(၅၉၊ ၆၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်သို့ ၆-၇-၂၀၁၃ ရက်မတိုင်မီ လာရောက်ဆက်သွယ်ရန် အကြောင်းကြား ပါသည်။

(က) **Shwe Hlaing Htoo Trading Co,Ltd.**
(ခ) **Golden October Co.,Ltd.**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၄၂၂)၊ ဂန္ထဝင်လမ်း၊ စက်မှုဇုန်(၅)၊ ပေ(၆၀ × ၆၀) ရှိ မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ရှင် ဒေါ်တင့်တင့်အေးထံမှ ကျွန်ုပ်၏မိတ်ဆွေများမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရည်မွန်ချို **(LL.B)** (စဉ်-၃၆၇၂၂)
အထက်တန်းရှေ့နေ
အခန်း-၂၀၂၊ တိုက်(၁၀)၊ (၅၄)လမ်းတို၊ အနော်ရထာအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း- ၀၉ ၄၂၁၀၃၂၅၆၆

ကင်ဆာရောဂါလုံးဝပျောက်ကင်းသွားသည့် ဘောလိဝုဒ်မင်းသမီး မာနီရှာ



နာမည်ကျော် နီပေါ-အိန္ဒိယလူမျိုး မင်းသမီး မာနီရှာ ကွိုင်ရာလာသည် သားအိမ်ကင်ဆာရောဂါကြောင့် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ခြောက်လကြာ ဆေးကုသမှုခံယူပြီးနောက် ယခုအခါ ကျန်းမာရေးကောင်းမွန်လာပြီဖြစ်သဖြင့် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့မြောက်ပိုင်းရှိ သူမ၏ နေအိမ်သို့ဗုဒ္ဓဟူးနေ့က ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။

ယခုအခါမင်းသမီး မာနီရှာ၏ ကျန်းမာရေးသည် လုံးဝကောင်းမွန်လာပြီဖြစ်ပြီး ဝေဒနာခံစားစဉ်ကနှင့် စာလျှင် ပိုမိုဆွဲဆောင်မှုရှိလာပြီဖြစ်ကြောင်း မင်းသမီး မာနီရှာ၏ မန်နေဂျာဖြစ်သူ ဆူဘရိုတိုဂျို့ရှ်က ဆိုသည်။

ကုလသမဂ္ဂ၏ ချစ်ကြည်ရေးသံတမန်တစ်ဦးဖြစ်သူ အသက်(၄၂)နှစ်အရွယ်ရှိ မင်းသမီး မာနီရှာ၏ ဆရာဝန်ညွှန်ကြားချက်အရ သူမတွင် ကင်ဆာရောဂါလုံးဝပျောက်ကင်းသွားပြီဖြစ်ကြောင်းနှင့် ဘဝကိုအသစ်တစ်ဖန် ပြန်လည်စတင်နိုင်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

မင်းသမီး မာနီရှာသည် ယမန်နှစ် နိုဝင်ဘာလက စတင်ကာ ဆေးရုံ၌ ဆေးကုသမှုများခံယူခဲ့ပြီးနောက် အခြားသော လိုအပ်သည့် ကုသမှုများခံယူနိုင်ရန် အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ သွားရောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ဗြိတိန်ဂီတပညာရှင်များ၏ ကမ္ဘာသို့လွှမ်းမိုးနိုင်မှုအတွက် ချီးမြှင့်သည့် Silver Clef ဂီတဆုပေးပွဲ One Direction အဖွဲ့ ဆုဆွတ်ခူးရရှိ

ဖြိုးစန္ဒာမြင့် စုစည်းရေးသားသည်

ဗြိတိန်မှ ဂီတအနုပညာရှင်များ၏ ဂီတပညာများ ကမ္ဘာသို့ လွှမ်းမိုးဖြန့်ချိနိုင်မှုအတွက် အပ်နှင်းသော ဗြိတိန်၏ အထင်ကရ ဂီတဆုအမျိုးအစားတစ်ခုဖြစ်သည့် Silver Clef ဆုပေးပွဲအခမ်းအနားတွင် လူငယ်ဂီတအဖွဲ့တစ်ဖွဲ့ ဖြစ်သည့် One Direction အဖွဲ့က ဆုရရှိဆွတ်ခူးနိုင်ခဲ့ပြီး ရိုးလင်းစတုန်း၊ ဘရစ်စပရင်းစတင်းန်နှင့် Coldplay အဖွဲ့တို့က best live act ဆုများ အသီးသီး ရရှိဆွတ်ခူးခဲ့ကြသည်။

ဗြိတိန်တေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် One Direction အဖွဲ့သည် ၂၀၁၀ ခုနှစ်က X Factor ပြိုင်ပွဲတွင် ပရိသတ်မဲပေးမှု အများဆုံးဆုကို ဆွတ်ခူးရရှိခဲ့သည့် အမျိုးသားအဖွဲ့ဝင်ငါးဦးပါဝင်သည့် လူငယ်ဂီတအဖွဲ့တစ်ဖွဲ့လည်းဖြစ်သည်။

အဆိုပါဆုပေးပွဲကျင်းပရာ O2 and music therapy charity Nordoff Robbins တွင် One Direction အဖွဲ့မှ အဖွဲ့ဝင် ဟယ်ရီ စတိုင်လ်က ပရိသတ်များ၏ မဲပေးမှုအတွက် ကျေးဇူးတင်စကားပြောကြားခဲ့ပြီး Nordoff Robbins တွင် အခြားဆုအမျိုးအစား တစ်မျိုးဖြစ်သည့် Silver Clef ဆုကို ရရှိဆွတ်ခူးနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပြောကြားခဲ့သည်။

ဇာတ်ကားသစ်တွင် အစွမ်းကုန် ကြိုးစားထားသည့် ဘောလိဝုဒ်မင်းသမီး ပရီရန်ကာချိုပရာ

ဘောလိဝုဒ်ရုပ်ရှင်လောက၏ အလှဘုရင်မတစ်ဦးဖြစ်သူ ပရီရန်ကာချိုပရာက သူမပါဝင်သရုပ်ဆောင်ထားပြီး မကြာမီထွက်ရှိလာမည့် Krrish 3 စူပါဟီးရိုးသိုင်းဇာတ်ကားအတွက် အစွမ်းကုန်ကြိုးစားထားခဲ့ကြောင်းနှင့် ယင်းဇာတ်ကားတွင် မင်းသား ဟာရီသစ်ခ်ရိုရှန်နှင့်အတူ ပါဝင်သရုပ်ဆောင်ထားသည်။

အဆိုပါ ဇာတ်ကား မရိုက်ကူးမီက ပြုလုပ်ခဲ့သည့် နေ့လယ်စာစားပွဲတစ်ခုတွင် မင်းသမီးပရီရန်ကာချိုပရာက ယင်းဇာတ်ကားတွင် သူမအတွက် စတန့်လုပ်ကွက်များ ပါဝင်မည်လားဟု မေးခွန်းထုတ်ခဲ့ဖူးကြောင်းနှင့် Krrish ဇာတ်လမ်းတွဲများတွင် ပင်တိုင်သရုပ်ဆောင်အဖြစ် ပါဝင်လာခဲ့သူ ပရီရန်ကာက Krrish ၏ မိန်းမပျိုတစ်ဦးအနေဖြင့်ယခုဇာတ်ကားတွင်လည်း အကောင်းဆုံးပါဝင်သရုပ်ဆောင်ထားကြောင်း ပြောကြားခဲ့သည်။

Krrish 3 ဇာတ်ကားကို ဒါရိုက်တာ ရာခက်ရှ်ရိုရှန်က ပုံဖော်ရိုက်ကူးထားပြီး သရုပ်ဆောင် ဗီဗစ်အိုဘာဝီနှင့် ကန်နာရာနာဝတ်တို့ကလည်း အဓိကသရုပ်ဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားကာ နိုဝင်ဘာ ၄ ရက်တွင် ရုပ်ရှင်ရုံများသို့ စတင်ဖြန့်ချိပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန
တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
အိတ်ဖွင့်တင်ဒါ စိစစ်ရွေးချယ်မည့်ရက် ကြေညာခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပင်လောင်း၊ ပင်းတယ၊ နမ့်ဆန်၊ နန်းယွန်း)၊ နစ်စပ်ဒေသတိုင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(ဘားအံ့)နှင့် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(လောက်ကိုင်)တို့တွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လိုသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ၊ ကုမ္ပဏီ/အဖွဲ့အစည်းများသို့ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် မြန်မာ့အလင်းသတင်းစာတွင် ၂၄-၅-၂၀၁၃ ရက်၊ ၂၆-၅-၂၀၁၃ ရက်နှင့် ၂၈-၅-၂၀၁၃ ရက်များတွင်လည်းကောင်း၊ ကြေးမုံသတင်းစာတွင် ၂၃- ၅-၂၀၁၃ ရက်၊ ၂၅-၅-၂၀၁၃ ရက်၊၂၇-၅-၂၀၁၃ ရက်နှင့် ၂၉-၅-၂၀၁၃ ရက်များတွင် လည်းကောင်း၊ မြဝတီသတင်းစာတွင် ၈-၆-၂၀၁၃ ရက်နှင့် ၉-၆-၂၀၁၃ ရက်များ တွင်လည်းကောင်း ထည့်သွင်းဖော်ပြ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူပြီး ကြေညာ ချက်ပါအတိုင်း ၂၈-၆-၂၀၁၃ ရက် ၉း၀၀ နာရီတွင် နောက်ဆုံးထား၍ မှတ်ပုံတင် စာရင်းသွင်းပြီး ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ စိစစ်ရွေးချယ်ခြင်းကို ၈-၇-၂၀၁၃ ရက် နံနက် ၉း၀၀ နာရီတွင် ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် မှတ်ပုံတင်စာရင်းရေးသွင်းပြီးသော ကုမ္ပဏီများအနေဖြင့် မပျက်မကွက် တက်ရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အမြန်ဝယ်လိုသည်

သီလဝါစက်မှုဇုန်၊ သာကေတ ကွေ့မလုံးချင်း၊ ကမာကြည်လုံးချင်း၊ တိုက်ခန်း Duplex မြင်တော်သာတိုက်ခန်း၊ သယ်န်းကျွန်းကြီးပွားရေးအိမ်ရာ
ဖုန်း-၀၉၄၃၀၁၇၀၀၀၊ ၀၉၃၃၁၇၆၁၆၉

ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်/ငှားမည်

အမည်ပေါက်ရမည်။ ၂၇၅သိန်း(ညှိနှိုင်း)
Mitsubishi Rosa
2004 , 5200 cc, AT, Diesel
29 Seaters (School Bus)
ကျောင်းကား/ဝန်ထမ်းကြိုပို့ အထူးသင့်တော်သည်။
ဖုန်း-၀၁-၃၈၀၁၁၂၊ ၀၉- ၄၉၇၃၄၀၈၁၊ ၀၉- ၃၃၁၂၇၉၉၃

မြေကွက်ကျယ်ရောင်းမည်

တ/ဥက္ကလာစက်မှုဇုန်၊ (၁၆)ကွေ့ လမ်းဆုံအနီး၊ ပေ(၁၀၀)ပတ်လည် မြေနှင့် အဆောက်အအုံ သိန်း(၁၂၀၀၀) (ညှိနှိုင်း)

စွယ်တော်မြတ်စေတီအနီး

ပေ (၉၀×၁၈၀) မြေနှင့်အဆောက်အအုံ ကျောင်းဆောက်ရန်နှင့် ရိပ်သာဖွင့်ရန် အလွန်ကောင်း သိန်း(၄၀၀၀)(ညှိနှိုင်း)
ဖုန်း-၀၉-၅၀၁၈၀၇၆
(ပွဲစားမလို)

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်းကြေညာချက်

ကျွန်မ သီရိစန္ဒာကို [၁၂/ကမရ(နိုင်)၀၆၂၂၃] ကိုင်ဆောင်သူနှင့် မောင်အောင်ဆန်းထွဋ် [၁၄/ပသန(နိုင်)၂၁၂၈၆၅] ကိုင်ဆောင်သူတို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၂၆-၆-၂၀၁၃ ရက်တွင် ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် လူကြီးများရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးပါကြောင်း။

မသီရိစန္ဒာကို [၁၂/ကမရ(နိုင်)၀၆၂၂၃]



၂၀၁၃ ဖီဖာကွန်ဖက်ဒရေးရှင်းဖလားဘယ်အသင်းဗိုလ်စွဲမလဲ

နိုင်လင်းကြည်

ဘရာဇီးနိုင်ငံ၌ ဇွန် ၁၅ ရက်မှစတင်ကာ အသင်းရှစ်သင်းဖြင့် ပါဝင်ယှဉ်ပြိုင်ကစားခဲ့သော ၂၀၁၃ ဖီဖာကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲကြီး၏ ချန်ပီယံဆုရှင်ရွေးချယ်ပွဲအဖြစ် ဘရာဇီးနိုင်ငံမြို့တော် ရီယိုဒီဂျနေးရိုး ရှိ မာရာကာနာကွင်းကြီးထဲတွင် လက်ရှိချန်ပီယံနှင့် အိမ်ရှင်အသင်းဖြစ်သည့် ဘရာဇီးအသင်းနှင့် ၂၀၁၀ ကမ္ဘာ့ဖလားနှင့် ယူရို ၂၀၁၂ ချန်ပီယံစပိန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ထိုနှစ်သင်းထဲမှ ဘယ်အသင်းချန်ပီယံဆုရှင်အဖြစ် ထွက်ပေါ်လာမလဲဆိုတာ စိတ်ဝင်စားစရာ ကောင်းနေခဲ့ပြီဖြစ်သည်။

လက်ရှိချန်ပီယံဘရာဇီးအသင်းသည် အိမ်ရှင်အသင်းအဖြစ် ယှဉ်ပြိုင်ရသည့်အသင်း ဖြစ်သော်လည်း (၉)ကြိမ်မြောက်ဖြစ်သည့် ဖီဖာကွန်ဖက်ဒရေးရှင်းဖလား နောက်ဆုံးဗိုလ်လုပွဲတွင် စပိန်အသင်းကို အနိုင်ရရှိရန်အတွက်မူ အသင်း၏ တိုက်စစ်အားကို မြှင့်တင်ရန် လိုအပ်လိမ့်မည်ဖြစ်သည်။



ယင်းမှာ ဘရာဇီးအသင်းတွင် နေမာ၊ ဖရတ်ဒ်၊ ပေါ်လင်ဟို၊ ဂျိုး၊ အော်စကာ စသည့် ကစားသမားကောင်းများ ရှိနေသော်လည်း စပိန်အသင်း သည် ယခုနှစ်ကွန်ဖက်ဒရေးရှင်းပြိုင်ပွဲတွင် သွင်းဂိုးငါးဂိုးဖြင့် သွင်းဂိုးအများဆုံးတိုက်စစ်မှူး တောရက်စ်နှင့်အတူ နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံရင့်ကျက်သည့် ကစားသမားအများစုဖြင့် ဖွဲ့စည်းထားသည့် အသင်းဖြစ်၍ အိမ်ကွင်းတွင် အနိုင်ရရှိရေး ဘရာဇီးတို့ ရှိသမျှအားအင် အကုန်ထုတ်သုံးရဖွယ်ရှိနေသည်။ ဘရာဇီးအသင်းနှင့် စပိန်တို့၏ တွေ့ကြုံမှုသမိုင်းကို ပြန်ကြည့်မည်ဆိုပါက ၁၉၅၀ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြောက်ဂိုး-တစ်ဂိုး၊ ၁၉၆၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် ဘရာဇီးက စပိန်အသင်းကို အနိုင်ရရှိထားပြီး ၁၉၈၁ ခုနှစ် ခြေစမ်းပွဲတွင် တစ်ဂိုး-ဂိုးမရှိ၊ ၁၉၈၆ ခုနှစ် ကမ္ဘာ့ဖလားတွင် တစ်ဂိုး-ဂိုးမရှိတို့ဖြင့် ဘရာဇီးအသင်းက အနိုင်ရရှိထားသည်။

သို့ရာတွင် ၁၉၉၀ ခုနှစ်နောက်ပိုင်း နှစ်ကြိမ်တွေ့ဆုံခဲ့ရာတွင် ဘရာဇီးအသင်းအနေဖြင့် စပိန်အသင်းကို အနိုင်ရရှိခဲ့ခြင်းမရှိပေ။ စပိန်အသင်းသည် ဖီဖာကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့ခြင်းမရှိသည့် အသင်းဖြစ်သော်လည်း ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ကာ ၂၆ ပွဲဆက်တိုက် ရှုံးပွဲမရှိခဲ့သည် အသင်းဖြစ်သည်နှင့်အညီ ဖီဖာ၏ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် အသင်းဖြစ်သည်။

စပိန်အသင်းတွင် သွင်းဂိုး ၅၆ ဂိုးဖြင့် နိုင်ငံအသင်းအတွက် ဂိုးအများဆုံး သွင်းယူပေးနိုင်ခဲ့သည့် ဒေးဗစ်ဗီလာကဲ့သို့သော တိုက်စစ်မှူးကောင်းနှင့်အတူ ကွင်းလယ်ပိုင်းတွင် အင်နီယေစတာ၊ ဖာဘရီဂတ်၊ ဘတ်စ်ကွက်၊ ဇာဗီဟာနန်ဒက်ဇ် စသည့် ဝါရင့်ကစားသမားများကို အသုံးပြုထားခြင်းက ဂိုးသွင်းရှင်များဖြစ်သည့် တောရက်စ်၊ ဆိုဒါဒို၊ ရိုဒရီဂတ်ဇ်တို့အတွက် အကောင်းဆုံးအထောက်အပံ့ဖြစ်နေ၍ စကော်လာရီ၏ ဘရာဇီးအသင်းအတွက် ကွန်ဖက်ဒရေးရှင်းဖလားရယူနိုင်ရန်မှာ မလွယ်လှသော်လည်း ဖီဖာအဆင့်(၃)ရှိသည့် ဘရာဇီးအသင်း၏ လက်ရှိ ချန်ပီယံဆိုသည့် ဂုဏ်ပုဒ်နှင့် အိမ်ရှင်ဆိုသည့် အားသာချက်တို့က ဘရာဇီးမြေတွင် ကွန်ဖက်ဒရေးရှင်းဖလားရယူနိုင်ရေးဆိုသည့် မျှော်လင့်ချက်ရောင်ခြည်က ရောင်နီသန်းလာနေပြီဟုဆိုရမည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ ကမ္ဘာ့ဘောလုံးလောကတွင် အောင်မြင်မှု အရှိဆုံးဟုဆိုရမည့် အသင်းကြီးနှစ်သင်း တွေ့ဆုံမှုဖြစ်၍ အားသာချက်နှင့် အားနည်းချက်ကို နှိုင်းယှဉ်လျှင် မသိသာလှပေ။ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲ အတွေ့အကြုံပိုင်း အရကြည့်လျှင် ချန်ပီယံသုံးကြိမ်ဖြစ်ထားသည့် ဘရာဇီးအသင်းက အားသာသည်ဟု ဆိုနိုင်သည်။ သို့သော် စပိန်အသင်းသည်လည်း ၂၀၁၀ ကမ္ဘာ့ဖလားနှင့် ယူရို ၂၀၁၂ တို့တွင် ချန်ပီယံဖြစ်ထားသည့် အသင်းဖြစ်သည့် အပြင် ၂၀၀၈၊ ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂ တို့တွင် ဖီဖာ၏တစ်နှစ်တာ အကောင်းဆုံး အသင်းအဖြစ် ငါးနှစ်ဆက်တိုက်သတ်မှတ်ခံထားရသည့် အသင်းဖြစ်၍ ၁၉၉၀ နောက်ပိုင်း စပိန်အသင်းကို နိုင်ပွဲမရှိခဲ့သည့် ဘရာဇီးတို့ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတွင် အကောင်းမွန်ဆုံးရလဒ်နှင့်အတူ ချန်ပီယံဆုဖလားကိုင်မြှောက်နိုင်မည်လားဆိုတာ စိတ်ဝင်စားစရာပါ။

ထို့ကြောင့် ကွန်ဖက်ဒရေးရှင်းဖလားနောက်ဆုံးဗိုလ်လုပွဲတွင် အဓိကကစားသမားများအဖြစ် ကာစီးယက်စ်၊ ဂျော်ဒီအယ်လ်ဘာ၊ အာဘီလိုဝါ၊ ပီကေး၊ ရာမို့စ်၊ ဘတ်စ်ကွက်၊ အင်နီယေစတာ၊ ဇာဗီ၊ တောရက်စ်၊ ဆိုလ်ဒါဒို၊ ဒေးဗစ်ဗီလာ၊ ဖာဘရီဂတ်စသည့် ကစားသမားများကို ပွဲထုတ်ရန် စီစဉ်ထားသည့် ဒယ်ဘိုစကေး၏ စပိန်အသင်းကို ယှဉ်ပြိုင်အနိုင်လုရန်အတွက် ဘရာဇီးနည်းပြကြီးစကော်လာရီကလည်း ဆီဇာ၊ မာဆယ်လို၊ သီယာဂိုဆေးလ်ဗား၊ ဒေးဗစ်လူးဝစ်၊ ဒမ်နီအဲလ်ဗက်၊ ဂတ်စတာဗို၊ ပေါ်လင်ဟို၊ အော်စကာ၊ နေမာ၊ ဟက်ခ်၊ ဖရတ်ဒ်စသည့် ကစားသမားများကို ပွဲချိန်ပြည့်ကစားသမားများအဖြစ် ပွဲထွက်ကစားစေရန် စီစဉ်ထားသည်။ ထို့ကြောင့် စကော်လာရီနှင့်ဒယ်ဘိုစကေးတို့ ကွန်ဖက်ဒရေးရှင်းဖလားအတွက် ချန်ပီယံဘွဲ့ခံယူမှုတွင် မည်သည့်နည်းပြ၏ ဗျူဟာအကောင်းမွန်ဆုံးဖြစ်လာမလဲဆိုတာ စောင့်မျှော်ကြည့်ရှုရတော့မည်ဖြစ်သည်။

မာကိုမာရင်အား ဆီဗီလာသို့ ချယ်လ်ဆီး အငှားချမည်

ပရီမီယာလိဂ်ကလပ်ချယ်လ်ဆီးအသင်းသည် လာမည့်ဘောလုံးရာသီတွင် အသင်း၏ ကွင်းလယ်ကစားသမား မာကိုမာရင်အား စပိန်လာလီဂါကလပ် ဆီဗီလာအသင်းသို့ အငှားချသွားမည်ဖြစ်ကြောင်း သိရသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဂျာမနီကြယ်ပွင့်မာကိုမာရင်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ဒဏ်ရာပြဿနာကြုံခဲ့ရ၍ ရာသီအစတွင် ပွဲထွက်မကစားခဲ့ရဘဲ ၁၆ ပွဲသာလျှင် ပါဝင်ကစားပေးခဲ့ရပြီး လက်ရှိတွင် ချယ်လ်ဆီးအသင်းက ကွင်းလယ်လူ မာကိုမာရင်အား အငှားချရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဇူလိုင်လထုတ် သုတပဒေသာစာစောင် ဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်က လစဉ်ထုတ်ဝေလျက်ရှိသော သုတပဒေသာစာစောင် အတွဲ(၄၀)၊ အမှတ်(၇)၊ ၂၀၁၃ခုနှစ် ဇူလိုင်လထုတ်ကို ဘာသာပြန်စာပေ စိတ်ဝင်စားသော စာဖတ်ပရိသတ်အတွက် အသွင်သစ်၊ အမြင်သစ်၊ ဒီဇိုင်းသစ်ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ဇူလိုင်လထုတ် သုတပဒေသာစာစောင်တွင် တိမ်လွှိုင်း၏ သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့သော နိုင်ငံတော်သမ္မတကြီး၏ အမေရိကန်ခရီးစဉ်၊ နန်းညွှန့်ယဉ်ခမ်း၏ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ မြန်မာနိုင်ငံခရီးစဉ်၊ ဒီဇင်ဘာမွန်း၏ ရေသယံဇာတ ဖူလုံရေးစည်သူဒေါက်တာ ခင်မောင်ညွှန့်၏ ဂျပန်ရိုးရာဝတ်စုံ ကီမိုနို၊ တက္ကသိုလ်မိုးမြင့်၏ အယ်လ် ဇိုင်းမားရောဂါသည်တို့အတွက် မျှော်လင့်ချက်များ၊ ယဉ်မင်းထွေး (စာပေဗိမာန်)၏ ငွေကြယ်ပွင့်တို့ ကမ္ဘာ၊ တင်ညွှန့်၏ လူငယ်နှင့် ခေါင်းဆောင်မှု၊ ဟိန်းလတ်၏ ပိုမိုကောင်း မွန်သော ဘဝနေနည်း၊ ဒေါက်တာခင်စန်းမော်၏ ကိုယ့်ဘဝကို ကိုယ်ကိုယ်တိုင် ကုစားနည်း၊ ဆောင်းဝင်းလတ်၏ နေလကြယ်စင် ထက်ကောင်းကင်ဝယ်၊ မောင်ပေါ် ထွန်း၏ ရှေ့ရှုသည်ကောင်းမည့် အလုပ်ကိုရှာစသော ဆောင်းပါးများနှင့်အတူ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ မောင်မြင့်နိုင်၊ မျှုးခင်(ရွှေပြည်သာ)၊ မောင်ဝင်းသူ(ဝါးခယ်မ)၊ ဒေါက်တာ လှဖေ၊ စိန်ဝင်းနွယ်၊ ကိုကိုအောင်(အလုပ်သမား)၊ စိုးစိုး(ပန်းတောင်း)၊ စုလင်းလက်၊ ဒေါ်စောကြိုင်(အငြိမ်းစားပါမောက္ခ)တို့၏ ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါး၊ ဟာသ၊ ဖြစ်ရပ်မှန် ၊ အင်္ဂလိပ်စာ၊ ထူးဆန်းထွေလာ၊ တိရစ္ဆာန်ထိန်းသိမ်းရေး စသည့် ကဏ္ဍများ စုံစုံလင်လင်ပါရှိသည်။

သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ၁၆၀၀ကျပ်ဖြင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန် အရောင်းကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန် အရောင်းဌာန၊ အမှတ်-၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။ www .moi .gov.mm/ppe Website တွင်လည်း ဖတ်ရှုနိုင်ပါသည်။

အင်းတကော်ဒေသမြေကွက်ရောင်းမည်

ရန်ကုန်-ပဲခူးလမ်းမနှင့် ကိုက် ၁၅၀ခန့်အကွာ စက်မှုလုပ်ငန်းလုပ်ရန် သင့်တော်သည်။

ဥယျာဉ်ခြံမြေ ၄. ၇၅ ဧက သိန်း ၂၀၀၀

(ဥယျာဉ်ခြံမြေ ၄. ၃ဧက+လယ် ၅. ၃ ဧက)

စုစုပေါင်း(၉. ၆ ဧက) သိန်း-၂၅၀၀ (ညှိနှိုင်းဈေးဖြင့်ရောင်းမည်)

ဖုန်း- ၀၉ ၄၅၀၀၃၄၂၃၆၊ ၀၁ ၅၁၉၃၅၃





အထူးကျေးဇူးတင်ရှိပါကြောင်း

(၅၀)ကြိမ်မြောက်၊ ရွှေရတု မြန်မာ့ကျောက်မျက်ရတနာရောင်းချပွဲအား ဖြစ်မြောက်အောင် အားပေးချီးမြှောက်၊ခွင့်ပြုပေးခဲ့ပါသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တပ်မတော်မှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ သမ္မတရုံးဝန်ကြီး များ၊ အစိုးရအဖွဲ့ဝင်များ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးနှင့်တကွ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကျောက်မျက်များအား လာရောက်တင်ပြရောင်းချပေးသော ကုမ္ပဏီ များနှင့် ပုဂ္ဂိုလ် (ကျောက်မျက်ကုန်သည်)များ၊ ကျောက်မျက်များတူးဖော်နိုင်အောင် ရှာဖွေဖော်ထုတ်ပေးခဲ့ကြသည့် ဘူမိဗေဒပညာရှင်ကြီးများ၊ ယခုကျောက်မျက်ရောင်းချပွဲ အား အစဉ်အဆက်ဖြစ်လာအောင် အားပေးပြုလုပ်ခွင့်ပြုခဲ့ကြသော ကျေးဇူးတင် ထိုက်သော ပုဂ္ဂိုလ်များ၊ ကျောက်မျက်ပွဲသို့ လာရောက်ဝယ်ယူကြသည့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့်ပုဂ္ဂိုလ်များ ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား အထူးပင် ကျေးဇူးတင်ရှိပါသည်။

နာယက၊ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ
ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ
အလုပ်အမှုဆောင် ကော်မတီဝင်များနှင့်
အသင်းသူအသင်းသားများ
မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်
ရုံးသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံးစက်ကိရိယာများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ရုံးသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံးစက်ကိရိယာများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

1.	Hand Pallet Truck (2 Tons)	2 NMB
2.	Pallet Truck	2 NMB
3.	MITSUBISHI Air Con; Split Type (1.5HP)	9 NMB
4	ရွက်ထိုးစက် 2 Unit Sheetfed Offset Brand; HEIDELBERG, Model; SM 74-2 Max; Printing Speed-13000sph, Max; Sheet Size- 740x 530mm Thickness-0.03~0.06 mm, Max; Image Size-740×510 mm Country of Origin-Germany	1 NMB
5	Digital Colour Laser Printer(A3) Colour & Black-up to 20 ppm,Processor Speed-540 MHZ Resolution-600×600 dpi(Colour&Black)A3 Max Print Memory Max-448 MB,Functions-Print	2 NMB
6	Riso Printing methods-fully automatic stencil printing Scanning Area(max)-297 mm×435 mm Print Paper Size-100 mm×148 mm-297mm×420 mm Printing Area(max)-297 mm×435 mm Resolution- Scanner:300dpi×300dpi,Print image:300dpi×300dpi Print Speed-60 ppm,90 ppm,130 ppm	4 NMB
7	Duplo(B_4) Resolution-300'x360 dpi, Reduction/ Enlargement-Zoom 60%-154 % Print Area(Max)-Max B4,Print Speed-60-90 Shts/minute Loading Capacity-500 Sheets	4 NMB
8	Duplo(A3) Resolution-300x600 dpi, For book type original&sheet original use Reduction/ Enlargement-Zoom 50%-200% Book Shadow Eraser,Print Area-A3 Print speed-60-120 Sheets/minute,Loading Capacity-1000 Sheets	2 NMB
9	Capacitor Bank	
	(a) For 300 KVA	3 NMB
	(b) For 315 KVA	1 NMB
	(c) For 330 KVA	1 NMB
	(d) For 500 KVA	1 NMB
	(e) For 1000 KVA	1 NMB
10	Stand Fan	8 NMB
11	Air Con;Split Type(2H.P)	3 NMB
12	Personal Computer Intel Core i7,View Sonic LCD 19",1 TBHDD, 4 GB RAM,DVD RW UPS-650 W,Multimedia Speaker. Keyboard, Mouse(with USB Optical) Mother Board-ASUS	12 SETS
13	Personal Computer Intel Core i7,View Sonic LCD 22", 1 TBHDD, 6 GB RAM,DVD RW UPS-650 W, Multimedia Speaker, Keyboard, Mouse (with USB Optical) Mother Board-ASUS	2 SETS
14	Fax Phone (Panasonic)	3 NMB
15	Copier(Digital Copier A3 164), Bizhub 164	9 NMB
16	Scanner A4(Canon LIDE-110)	4 NMB
17	Printer(Canon LBP 6000)	4 NMB
18	UPS-650W(Power Three)	2 NMB
19	Router	12 NMB
20	(a) Server Dell Power Etge R 910.2 Exnon,Processor,4U Rack	3 NMB
	(b) Window Server Software (USD 1000)	1 NMB
21	Branded Computer, Dell Computer Studio XTS,Processor 417	10 NMB
22	(a) Client Computer 417, Memory 4G,XGB, 1GB DVD,19" LCD, UPS, Multimedia, Speaker, Keyboard & Mouse	15 NMB
	(b) Application Software	1LOT
23	On Line UPS 10 KVA	3 NMB
24	Laptop, Toshiba Settlelite Pro R 850, Processor 415, 15" LCD	7 NMB
25	12 Ports Switch	10 NMB
26	24 Ports Switch	3 NMB
27	19"Rack	2 NMB
28	Cat 5/6 Cable	100 NMB
29	Cable Tester 2 Clip	5 SETS
30	RJ-45 Clip	200 NMB
31	Accessories	1 LOT
32	Media Converter	5 SETS
33	E.1 to Ethinet Connector	2 SETS
34	Bar Code Scanner	1 NMB

၂။ အိတ်ဖွင့်တင်ဒါများကို ၂၄-၆-၂၀၁၃ ရက်မှ ၈-၇-၂၀၁၃ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၈-၈-၂၀၁၃ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၏ စက်ရုံများအတွက် ပြည်ပဝါဂွမ်း(A)နှင့်(C)အဆင့်များကို နိုင်ငံခြားငွေ (USD)/ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

(က)တင်ဒါပုံစံရောင်းချမည့်ရက် - ၂၈-၆-၂၀၁၃ ရက်
(ခ)တင်ဒါပိတ်မည့်ရက် - ၂၉-၇-၂၀၁၃ ရက်
(ဂ)ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၆၇-၄၀၈၃၃၈/၄၀၈၁၈၅

အထည်အလိပ်လုပ်ငန်း(ပစ္စည်းစီမံရေး)နေပြည်တော်၊ ရုံး(၃၇)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာနမှ ရွာမ(တိုးချဲ့) ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေး စီမံကိန်းအတွက် လိုအပ်သောDifferential Relay & Synchronizing Ficilities တို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံ ရောင်းချမည့်ရက် - ၂၈-၆-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၈-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်။
ဖုန်း- ၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနအောက်ရှိ ခုတင် ၁၀၀ ဆံ့ဆေးရုံ၊ ခုတင် ၅၀ ဆံ့ဆေးရုံ၊ ၂၅ ခုတင်ဆံ့ဆေးရုံ၊ ၁၆ ခုတင်ဆံ့ ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများအတွက် လိုအပ်သော FDAအသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ - ၂၉-၆-၂၀၁၃ ရက်
စတင်ရောင်းချမည့်ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၁-၇-၂၀၁၃ ရက်၊ ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့။
ဖုန်း-၀၄၂-၂၄၉၃၁၊ ၀၄၂-၂၁၁၇၃၊ ၀၄၂-၂၁၁၄၂

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား (CIF,YGN) နိုင်ငံခြားငွေ(US$) (သို့မဟုတ်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Freeze Dryer	2 Nos
(ခ)	Fluid Bed Dryer including Lifting device	1Set
(ဂ)	Comminuting Mill	1 Set

၂။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	High Performance Liquid Chromatography	1 No
(ခ)	အအေးခန်းကား (10'x5'.4"x5')	2 Nos
(ဂ)	Bio Chemical and Instrumental Lab Equipment	1Lot
(ဃ)	ကြွက်လျှောင်အိမ်(၁၃"×၆"×၅") (Palypropylene)	1000 Nos
(င)	Stainless Steel Milipore Holder With Pressure Tank	1 Set
(စ)	Grinding Machine	1 No
(ဆ)	Mixer	1 No
(ဇ)	Extruder	1 No
(ဈ)	Dispenser for Hepatitis "B" Vaccine Plant	1 Set

၃။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၆-၆-၂၀၁၃
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၅-၇-၂၀၁၃ရက်၊ညနေ ၄း၀၀နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ ဝယ်ယူလိုသည့် ပစ္စည်းများ၏ (Technical Specification)များ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆ Fax No-၀၆၇-၄၀၈၀၉၅

တစ်ဦးတည်းဖြစ်ပါကြောင်း

မြန်အောင်မြို့နယ်၊ ညောင်မြစ်ဆွဲအုပ်စု၊ အောင်ရတနာကျေးရွာနေ မအေးပု(ခ)မမြင့်မြင့်အေး[၁၄/မအန(နိုင်)၀၂၁၇၅၇]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

CHERY QQ(3)

TAXI ယာဉ်မောင်း(နေ့)
အလိုရှိသည်။
ဆက်သွယ်ရန်
ဖုန်း-၀၉-၅၀၀၃၁၂၇

[redacted]

အသုံးချဗေဒင်ပညာ

ဇာတာကိုဘာသာပြန်တာ ဗေဒင်ဆရာ၊ အနာဂတ်ကို ကြိုတင်သိတာ ဗေဒင်ပညာ၊ အပျင်းပြေ ဗေဒင်မေးတာမျိုး၊ လမ်းကြုံလို့ ဗေဒင်မေးတာမျိုး မဟုတ်ဘဲ အထောက်အကူပြုဖို့ ဗေဒင်မေးတာမျိုး ဆိုမှလာခဲ့ပါ။ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။
ဒေါက်တာတေဇာတင်ဦး ဖုန်း-၀၉-၅၅၀၅၃၆၀

စာမေးပွဲအောင်ပွဲဝင်ယတြာများ

စာမေးပွဲဆိုတာ ပြိုင်ပွဲတစ်ခုပါပဲ။ အောင်မြင်ရန် ကံတရားလည်း အရေးကြီးပါတယ်။ ဒီအဆိုကို လက်ခံလျှင် လာခဲ့ပါ။
ဖုန်း-၀၉-၅၀၇၅၈၂၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နှင်းဆီကုန်းလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အမှတ်(၅/၇)၊ ပထမထပ်၊ ပေ(၁၅×၅၅)တိုက်ခန်းကို တရားဝင် လက်ရောက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်တင်တင်ညို[၁၂/အလန(နိုင်)၀၁၄၇၃၆]ထံမှ ဝယ်ယူရန် ကျွန်မ ဒေါ်လှဲ့လှဲ့ရွှေ[၁၂/မရက(နိုင်)၀၁၈၃၆၀]က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
ဒေါ်လှဲ့လှဲ့ရွှေ
[၁၂/မရက(နိုင်)၀၁၈၃၆၀]
ဖုန်း-၀၉-၅၁၅၁၉၀၁၊ ၀၉-၄၃၀၅၁၃၂၂

ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၆-၂၀၁၃ရက် ဤသတင်းစာ၏ စာမျက်နှာ(၁၅) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ စမ်းချောင်းမြို့နယ် ဦးအေးချို+၂၏ ပိုင်ဆိုင်မြေပုံကူးတွင် ဦးအေးချို၏ မှတ်ပုံတင်[၁၂/တကန(နိုင်)၀၉၁၄၃၄] အစား[၁၂/စခန(နိုင်)၀၄၉၅၁၃]ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

သမီးအဖြစ်မှ
ရာသက်ပန်စွန့်လွှတ်ခြင်း

ကျွန်တော်ဦးစံလှိုင်၊ ကျွန်မ ဒေါ်အေးအေးမူ၏ သမီးဖြစ်သူ(မ) မြင့်မြင့်မော်(ခ)အပြီး [၁၂/ကမရ(နိုင်)၀၅၄၇၃၇]သည် မိဘနှင့်ဆွေမျိုးများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအ၀၀အား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဦးစံလှိုင်
[၁၂/ကမရ(နိုင်)၀၂၀၈၄၁]
ဒေါ်အေးအေးမူ
[၁၂/ကမရ(နိုင်)၀၃၈၅၅၈]

စာအုပ်စာပေ လှူမိတ်ဆွေ

ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းမှာ ရေချိုပင်လယ်ကြီးခိုအောင်းနေ

ကမ္ဘာမှာ ရေချိုရှားနေပြီဖြစ်ကြောင်း ကမ္ဘာ့သိပ္ပံပညာရှင်များ မကြာခဏ သတိပေးစကားပြောကြားလာတာ ၁၅နှစ်လောက်ရှိပါပြီ။ ကမ္ဘာကြီးပူနွေးမှု၊ နေမင်းကြီး အပူလွန်ကဲလာမှု စသောအကြောင်းများမှ ကမ္ဘာ့နိုင်ငံအတော်များများ၏ စည်းကမ်းမဲ့သစ်ခုတ်မှု၊ စက်မှုခေါင်းတိုင်များ၊ မော်တော်ကားများ၏ ကာဗွန်ထုတ်လုပ်မှုစသည့် အကြောင်းတရားများသည် ဆက်စပ်လျက်ရှိနေပြီး ကမ္ဘာ့ရာသီဥတုတွေဖောက်ပြန်လျက်ရှိနေသည့် အကျိုးဆက်များဖြစ်ပေါ်နေပါတယ်။

ယခုစာရေးသူ တင်ပြချင်တာက ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းက ရေချိုပင်လယ်ကြီးရှိခဲ့တဲ့ အကြောင်း၊ ကျွန်တော် လွန်ခဲ့သော နှစ်ပေါင်း ၂၀ကျော်က ကြားဖူးတဲ့ စကားပါ။ သာယာဝတီခရိုင်ထဲမှာ ပါဝင်တဲ့ မင်းလှမြို့အနောက်ရပ် ကြို့ပင်ကောက်မြို့ အနောက်ပိုင်း စိုင်ခေါင်းရပ်၊ ဇီးကုန်းမြို့အနောက်စမ်းအိုင်ရွာနှင့် နတ္တလင်းမြို့ ချင်းယားကုန်း ရပ်ကွက်တွေဟာ ရေချိုအလွန်ပေါကြောင်း ကြားသိရဖူးပါတယ်။

ဇီးကုန်းအနောက်စမ်းအိုင်ရွာက နာမည်နဲ့လိုက်အောင် စမ်းရေများ အိုင်ထွန်းခဲ့ဖူးကြောင်း ရှေးလူကြီး များ ပြောဖူးပါတယ်။ လွန်ခဲ့သော နှစ် ၂၀ကျော်က စမ်းအိုင်ရွာကို မြန်မာ့ရေနံကော်ပိုရေးရှင်းက ဆိုက်စမ်းအဖွဲ့များ လာရောက် တိုင်းတာပြီး ရေနံတူးခဲ့ကြပါတယ်။ ပေ ၁၀၀၀၀ကျော်မှာ ရေနံမရဘဲ ရေတွေ ပန်းထွက်လာခဲ့ပါတယ်။ ဒါကြောင့် ရေကို အမိအရ ထိန်းနိုင်အောင် လျှပ်စစ်ထရန်စဖော်မာ တစ်လုံးနဲ့ မြေအောက်ရေကို ထုတ်ယူသုံးစွဲခဲ့ပါတယ်။ ဇီးကုန်းမြို့မှာ သံကူကွန်ကရစ် ရေစင်ကြီးတည်ဆောက်ပြီး ရေမပို့နိုင်သေးတာ တွေ့ရပါတယ်။ သို့သော်လည်း အဖိုးတန်တဲ့ အဝီစိရေကို အကျိုးရှိအောင် အသုံးမချတတ်ကြလို့ ယခုတိုင်အဟောသိကံ ဖြစ်နေရပါတယ်။ ကမ္ဘာမှာတောင် ဒီလိုတွင်းမျိုးရှားမယ် ထင်ပါတယ်။

အဲဒီတုန်းက ရေနံအရာရှိ တစ်ယောက်က ပြောဖူးပါတယ်။ ကမ္ဘာ့ဘဏ်အစီရင်ခံစာ တစ်ခုမှာ သာယာဝတီခရိုင် အနောက်ခြမ်းမှာ မြေအောက် ရေချိုပင်လယ်ကြီး ရှိကြောင်း ပြောပြခဲ့ဖူးပါတယ်။ ယခု စမ်းအိုင်ရေနံတူးရင်း ရေချိုတွေထွက်လာတာဟာ ခိုင်မာတဲ့ သက်သေ အထောက်အထားတစ်ရပ်ပဲဖြစ်ပါတယ်။

မျက်မှောက် ဒီမိုကရေစီနိုင်ငံတော်သစ်မှာ ကမ္ဘာ့နိုင်ငံကြီး တွေက အကူအညီတွေဒလဟော ထိုးပေးနေချိန်မှာ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းက ရေချိုပင်လယ်ကြီးကို အသုံးချနိုင်ရင် ကမ္ဘာကပါ စိတ်ဝင်စားလာပါလိမ့်မယ်။ အချိုရည်ကုမ္ပဏီများ၊ ရေသန့် ကုမ္ပဏီများကို ဒေါ်လာဖြင့် ရောင်းချနိုင်ပြီး သာယာဝတီခရိုင်ထဲက ပြည်သူတွေ ရေချိုကို အလျှံပယ် သုံးစွဲနိုင်မှာ ဖြစ်ပါကြောင်း ရေးသား လိုက်ရပါသည်။

ခင်မောင်သန်း (ဒဿနပညာ)

စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေး

ကျောက်ဆည် ဇွန် ၂၉

ကျောက်ဆည်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ စိုက်ပျိုးရေးချေးငွေများကို ဇွန် ၁၇ရက်မှစ၍ ထုတ်ချေးပေးလျက်ရှိရာ စပါးစိုက် ၁ဧက ကျပ်တစ်သိန်းနှုန်း၊ ဝါ၊ ပဲတီစိမ်း၊ နှမ်းစိုက် ၁ဧက ကျပ်နှစ်သောင်းနှုန်း ထုတ်ချေးပေးနေပြီး ကျေးရွာအုပ်စု ၈ဝအုပ်စုသို့ စပါး ဧက၅၃၀၀၀၊ ဝါ ဧက၁၁၇၀၀၊ ပဲတီစိမ်း ဧက၁၄၀၀၊ နှမ်း ဧက၄၀၅၀အတွက် ငွေကျပ်သိန်းပေါင်း ၅၆၄၃၀ထုတ်ချေး ပေးရန် လျာထားသည်။

ဇွန် ၂၆ရက်အထိ ငွေကျပ် သိန်းပေါင်း ၆၇၈ဒသမ၂၀သိန်း ထုတ်ချေး ပေးပြီးဖြစ်ကြောင်း သိရသည်။ **(မင်းရဲဇော်)**

မကွေးမြို့နယ် အင်တိုင်းကြီးကျေးရွာ ကန်ဟောင်းကြီးပြန်လည်တူးဖော်

မကွေးမြို့နယ် အင်တိုင်းကြီးကျေးရွာ၏ အရှေ့မြောက်ဘက် တစ်မိုင်ခန့်အကွာ ဒေသအခေါ် (အပေါ်ရေကန်ကြီး)အား ဇွန် ၅ရက်မှစ၍ အင်တိုင်းကြီးကျေးရွာ ရေကန်ပြန်လည်ပြုပြင်ထိန်းသိမ်းရေးအဖွဲ့နှင့် အပူပိုင်းဇုန်မြေသားမိုးရေကန် ပြန်လည်တူးဖော်ရေးစီမံကိန်း (Proximity Desins)တို့ ပူးပေါင်း၍ တူးဖော်လျက်ရှိကြောင်း သိရသည်။

ရှေးဘိုးဘွားအစဉ်အဆက် ကတည်းက အသုံးပြုလာခဲ့သော ဒေသအခေါ်(အပေါ်ရေကန်)ကြီးအား ပြန်လည်တူးဖော်ခြင်းနှင့်ပတ်သက်၍ ရပ်မိရပ်ဖဖြစ်သူ ဦးသာအေးက-"ဒီအပေါ်ရေကန်ကြီးကို ရှေးဘိုးဘွား အစဉ်အဆက်ကတည်းက လူတွေရော၊ တိရစ္ဆာန် တွေပါ သုံးရေအဖြစ် မှီခိုအားထားရတာပါ၊ နှစ်တွေကြာလာတော့ ဒီရေကန်ကြီးက တဖြည်းဖြည်း တိမ်ကောလာတယ်။ ရေဝင်အား မကောင်းတော့ဘူး၊ ရေကို ကြာရှည် မထိန်းနိုင်တော့ဘူး၊ ပြာသိုလဆိုရင် ရေခန်းသွားပြီ၊ ဒီဘက်တန်ခူး၊ ကဆုန်အထိ ရေကျန်နေမယ်ဆိုရင် အဆင်ပြေမယ်၊ ကန်ထဲကရေကုန်သွားတဲ့အခါ စက်ရေတွင်းကို အသုံးပြုရတယ် စက်ရေတွင်း အသုံးပြုတဲ့အခါ အဆင်မပြေကြဘူး၊ တန်းစီပြီးရေခပ်ရတယ်၊ အချိန်လည်းကုန်၊ ငွေလည်း ကုန်တာပေါ့၊ နွေရာသီမှာရေအခက်အခဲကြုံရလို့ ဒီကန်အဟောင်းကြီးကို ပြန်လည်တူးဖော်ရတာပါ"ဟု ပြောသည်။

အဆိုပါရေကန်ကြီးအား ပြန်လည်တူးဖော်ရေးအတွက် LiveliHood and Food Security Trus Fundက အလှူငွေကျပ် ၄၉၃၀၀၀၀ သုံးစွဲပြုပြင်ပေးခြင်းဖြစ်ကြောင်းသိရသည်။ ရေကန်ကြီး၏ အသေးစိတ်အချက်အလက်များမှာ မူလရေကန်အကျယ်အဝန်း ပေ၄၀၀× ပေ၃၅၀×၅ပေဖြစ်ပြီး ပြန်လည်တူးဖော်မည့် ဧရိယာမှာ ပေ၁၀၀ × ပေ၂၀၀ × ၅ပေဖြစ်သည်။ တူးဖော်လုပ်အားခမှာ ၁၀ပေ×၁၀ပေ×၁ပေအတွက် ကျပ်၄၀၀၀ ပေးပြီး တာကျင်းပေါင်း ၁၀၀၀အတွက် တစ်နေ့အလုပ်ချိန် ၈နာရီ သတ်မှတ်၍ အလုပ်နားချိန် ၁နာရီ သတ်မှတ်သည်။ စက်ယန္တရားများ အသုံးမပြုဘဲ လူတို့၏လုပ်အားဖြင့် တူးဖော်ကြသည်။ စက်ယန္တရားကို အသုံးမပြုခြင်းမှာ ရွာသူရွာသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်ဖြစ်ပြီး ငွေကြေးများ အလေအလွင့် အလွဲသုံးစားမပြုနိုင်ရန် ငွေထိန်း၊ တာကြီးကြပ်၊ စာရင်းကိုင်များအား စနစ်တကျတာဝန် ပေးထားပြီး လုပ်ငန်းနှင့်ပတ်သက်၍ ငွေကြေးသုံးစွဲခြင်းလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းများကို အင်တိုင်းကြီးကျေးရွာမှ ဒေါ်စိုးမြစန္ဒာဦးက စာရင်းရေးသွင်းမှတ်တမ်းတင်ထားလျက်ရှိပြီး ကန်ဖော်ခြင်းလုပ်ငန်းကိုဇွန်လကုန်အပြီး ဆောင်ရွက်မည်ဟုသိရသည်။ **(မကွေးလှမြင့်)**

အစိုးရ/စီးပွားရေးကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စွမ်းအင်ဝန်ကြီးဌာန
လေယာဉ်ဆီတင်သွင်းဖြန့် ဖြူးရောင်းချခွင့်ပြုရန်အတွက်
အဆိုပြုလွှာခေါ်ယူခြင်း

၁။ သတ်မှတ်နိုင်ငံတကာအရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ လေယာဉ်ဆီများကို ပြည်ပမှ အဆက်မပြတ်တင်သွင်းဖြန့်ဖြူးရောင်းချနိုင်သည့် ပြည်တွင်းပြည်ပကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် အောက်ပါလိပ်စာသို့ လိပ်မူ၍ အဆိုပြုလွှာများကို တင်သွင်းနိုင်ကြောင်းကြေညာအပ်ပါသည်-

စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ်(၆)၊ နေပြည်တော်

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၁၃၅၊ ၀၆၇-၄၁၁၀၅၃၊ ၀၆၇-၄၁၁၁၃၆ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန

မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှု သင်တန်းများအား ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း သင်တန်းဌာန(ရန်ကုန်) တွင် ဖွင့်လှစ်သွားပါမည်။

စဉ်	သင်တန်းအမျိုးအစား	အနည်းဆုံးပညာအရည်အချင်း
၁။	ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့်-၁)	ဒုတိယနှစ်၊ ဘွဲ့ရများ
၂။	အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း(အဆင့်-၁)	တက္ကသိုလ်ဝင်တန်း
၃။	အစားအစာနှင့်အဖျော်ယမကာဧည့်ခံကျွေးမွေးရေး သင်တန်း(အဆင့်-၁)	တက္ကသိုလ်ဝင်တန်း
၄။	အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ရေး သင်တန်း(အဆင့်-၁)	တက္ကသိုလ်ဝင်တန်း
၅။	အရှေ့တိုင်းအစားအစာထုတ်လုပ်ရေးသင်တန်း (အဆင့်-၁)	ဤသင်တန်းဌာနမှအခြေခံ(အဆင့်-၁) အစားအစာထုတ်လုပ်ရေးသင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။
၆။	ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း(အဆင့်-၂)	
	(စီမံ/ဘဏ္ဍာ)	-စီးပွားရေးပညာဘွဲ့ရရှိပြီးသူ(သို့) ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာ အခြေခံကျွမ်းကျင်သူ။
	(အခန်းဌာန)	- တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏
	(အစားအစာနှင့်အဖျော်ယမကာဌာန)	အဆင့်(၁)သင်တန်းတစ်ခုအောင်မြင်ပြီးသူ(သို့)တစ်နှစ်လုပ်ငန်း အတွေ့အကြုံရှိသူ ဖြစ်ရပါမည်။

သင်တန်းကာလ။ (၈-၇-၂၀၁၃)မှ (၃၀-၈-၂၀၁၃)ထိ

သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး၊ ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေး ထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ ပူးတွဲတင်ရမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၉၄၈၃၆

VAC
Human Resources Management Course

Yes!! English School
Starting On July

MIC
Myanmar Imperial College
Diploma Bachelor & MBA
■ Diploma in Business (HND)
■ Diploma in Media & Marketing (HND)
■ Bachelor of Business
STUDY UK-MBA in Myanmar
MBA
edexcel
0973210001 /537562

စစ်ကိုင်းမြို့သမိုင်း၊ သာသနာတော်သမိုင်းတို့နှင့် ဆက်စပ်နေသည့် ရတနာထွင့်ခေါင်စေတီ

ရတနာထွင့်ခေါင်စေတီတော်နှင့် ထွင့်ခေါင်ဆရာတော်တရားကျင့်ရာ လိုဏ်ဂူကို တွေ့မြင်ရစဉ်။

မင်းဝံတောင်ရိုးတွင် စိတ်ဝင်စားဖွယ်ရာကောင်းသည့် စစ်ကိုင်းမြို့၏ သမိုင်းဝင်ဘုရားတစ်ဆူတည်ရှိနေပေသည်။ ထိုသမိုင်းဝင်စေတီတော်ကြီးမှာ စစ်ကိုင်းမြို့ မင်းဝံတောင်ရိုးပေါ်တွင် ကြည်ညိုသပ္ပာယ်စွာ တည်ရှိနေသည့် ရတနာထွင့်ခေါင်စေတီတော်ကြီးဖြစ်ပေသည်။

သမိုင်းဝင်ရတနာထွင့်ခေါင်စေတီတော်ကြီးသည် ကျောက်တာရွာ၊ ရေခါးရွာများသို့ သွားရောက်သည့် လမ်းမကြီး၏ လက်ဝဲဘက် ထွင့်ခေါင်ရွာအနီး မင်းဝံတောင်ရိုးပေါ်တွင် ကြည်ညိုသပ္ပာယ်စွာ တည်ရှိနေပေသည်။ မင်းဝံတောင်ထွတ်ပေါ်တွင် တည်ရှိနေသည့် ရတနာထွင့်ခေါင်စေတီရင်ပြင်တော်ပေါ်သို့ အရှေ့ဘက်စောင်းတန်း အုတ်လှေကားမှ တက်ရောက်နိုင်သော်လည်း မက်စောက်မှုရှိနေသဖြင့် သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးမကောင်းမွန်သူများအတွက် ခက်ခဲမှုရှိနိုင်ပေသည်။ ကွေ့ကောက်လှပ၍ ပြေပြစ်မှုရှိသည့် မြောက်ဘက်အုတ်လှေကားလေးမှ တက်ရောက်လျှင် အလွန်အဆင်ပြေပါသည်။ အုတ်လှေကားလေးမှ ကွေ့ကွေ့ကောက်ကောက်နှင့် လှပပြေပြစ်လှသည့် အပြင် အရှေ့ဘက်တစ်ခွင်မှ အလွန်သာယာလှပသည့် စစ်ကိုင်းတောင်ရိုးကြီး၏ ရှုခင်းသာနှင့် စေတီပုထိုး၊ ဂူကျောင်းပြဿဒ်ကိုပါ ဖူးမြော်ကြည်ညို ကြည့်ရှုခံစားရင်း တက်ရောက်နိုင်သည်။

ရတနာထွင့်ခေါင်စေတီတော်၏ မြောက်ဘက်လှေကားဘက်တွင် မင်းတုန်းမင်းလက်ထက်က ကျမ်းဂန်ပေါင်းများစွာရေးသားပြုစုကာ အရိယာပုဂ္ဂိုလ်မြတ်ဟု ထင်ရှားတော်မူခဲ့သည့် ထွင့်ခေါင်ဆရာတော်ကြီး၏ တရားအားထုတ်တော်မူခဲ့ရာ သမိုင်းဝင်လိုဏ်ဂူ၊ မင်းတုန်းမင်း၏ ကောင်းမှုအုတ်ရေကန်တော်ကြီး၊ အနောက်နန်းမိဖုရားကြီးကောင်းမှု ရတနာမောဠိစူဠာစေတီတော်နှင့် စိုးမင်းကိုယ်တော်ကြီးကောင်းမှု စကြံကျောင်းစသည့် သမိုင်းဝင်နေရာဌာနများလည်း တည်ရှိနေသည်မို့ လေ့လာနိုင်ပေသည်။

မင်းဝံတောင်ရိုးပေါ်တွင် တည်ရှိနေသည့် သမိုင်းဝင် ရတနာထွင့်ခေါင်စေတီတော်ကို တည်ထားခဲ့သူမှာ စစ်ကိုင်းခေတ်နှင့် အင်းဝခေတ်ဦးတို့တွင် ဩဇာတိက္ကမကြီးမားပြီး အထူးထင်ရှားအရေးပါခဲ့သည့် စိုးမင်းကိုယ်တော်ကြီးဖြစ်ပေသည်။ စိုးမင်းကိုယ်တော်ကြီးသည် ပင်းယမြို့တည်နန်းတည်မင်း တစ်စီးရှင်သီဟသူနှင့် ရတနာပုံမိဖုရားကြီးတို့၏မြေးတော်၊ စစ်ကိုင်းမြို့တည် နန်းတည်မင်း အသင်္ခယာစောယွမ်း၏ သမီးတော်ကြီးဖြစ်ပေသည်။

သမီးတော်စိုးမင်းကိုယ်တော်ကြီးသည် မင်းဝံတောင်ရိုး၏ အမြင့်ဆုံးတောင်ထွတ်ပေါ်တွင် ရုပ်တုတော်ထက်ဝယ်ခြောက်တောင်ရှိ လိုဏ် ၁၂ တောင်အကျယ်ရှိသော ရတနာထွင့်ခေါင်စေတီတော်ကြီးကို တည်ထားခဲ့သည်။

ရတနာထွင့်ခေါင်စေတီအနီးတွင် မင်းတုန်းမင်းကြီးလက်ထက်၌ အထူးထင်ရှားတော်မူသည့် အရှင်ဉာဏဝံသသည် ရဟန်းဘဝ- ၈ဝါအရတွင် တောထွက်တော်မူခဲ့သည်။ အရှင်ဉာဏဝံသဆရာတော် တောထွက်ကာ ပထမဆုံး တရားကျင့်ကြံအားထုတ်ခဲ့သည့်နေရာမှာ သီဟပတီနှင့် စိုးမင်းကိုယ်တော်ကြီးတို့ကောင်းမှု၊ စည်းခုံကြီးစေတီတော်အနီးတွင် ဖြစ်ပေသည်။ ထိုနေရာမှ စိုးမင်းကိုယ်တော်ကြီးကောင်းမှု၊ မင်းဝံတောင်ရိုး၊ ရတနာထွင့်ခေါင်စေတီအနီးသို့ ပြောင်းရွှေ့တရားအားထုတ်ခဲ့ရာ လူသိများလာပြီး ထွင့်ခေါင်ဆရာတော်ဟု ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။ ယခုထက်တိုင် ထွင့်ခေါင်ဆရာတော်ကြီး တရားကျင့်ကြံအားထုတ်ခဲ့ရာ လိုဏ်ဂူငယ်ကို စေတီတော်၏ အနောက်ဘက်တောင်စောင်းတွင် လေ့လာနိုင်ပေသည်။ ထွင့်ခေါင်ဆရာတော်ကြီး ရုက္ခမူဓုတင်ဆောင်ခဲ့သည့် မန်ကျည်းပင်ကြီးမှာ ရှေးဟောင်းထွင့်ခေါင်အုတ်ရေကန်ကြီး၏ အနောက်ဘက်တွင် တည်ရှိပေသည်။

ရတနာထွင့်ခေါင်စေတီရင်ပြင်တော်မှ လှမ်းမျှော်ကြည့်ရှုလိုက်လျှင် မင်းဝံတောင်ရိုးတစ်လျှောက်တွင် တည်ထားခဲ့သည့် ရွှေမင်းဝံစေတီ၊ စည်းခုံကြီးစေတီ၊ ထူပါရုံ စသည့် စေတီပုထိုးများကိုလည်း ကြည်ညိုဖွယ်ဖူးတွေ့ရပေသည်။

စစ်ကိုင်းမြို့သို့ ရောက်ရှိပါက မြန်မာ့သမိုင်း သာသနာ့သမိုင်းတို့နှင့် ဆက်စပ်မှုများစွာရှိနေသည့် ရတနာထွင့်ခေါင်စေတီတော်အား စစ်ကိုင်းတောင်၏ ရှုခင်းသာအလှကို ရှုမျှော်ရင်း ဖူးမြော်နိုင်ကြပါကြောင်း တင်ပြလိုက်ရပါသည်။

နန္ဒာမင်းလွင်

ဖြူးမြို့ဘိုးဘွားရိပ်သာမှ ဘွားသက်ရှည်ဒေါ်လှရင်

ဖြူး ဇွန် ၂၉

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ ဘိုးဘွားရိပ်သာတွင် စိတ်ချမ်းသာစွာ ခိုလှုံနေထိုင်လျက်ရှိသည့် အဘွားဒေါ်လှရင်မှာ အသက်(၁၀၃)နှစ်ကျော်ရှိနေသော်လည်း ကျန်းမာစွာနှင့် ဘာသာရေးလုပ်ငန်းများကို လုပ်ဆောင်ရင်း ဇရာကိုရင်ဆိုင်ဖြတ်သန်းလျက်ရှိသည်ကို စိတ်ချမ်းမြေ့စွာဖြင့် တွေ့ရှိရပါသည်။ (ယာပုံ)

အဘွားဒေါ်လှရင်မှာ ဖြူးမြို့နယ် ငါးခေါင်းအင်း ကျေးရွာအုပ်စု၊ ကရင်ရွာဇာတိဖြစ်ပြီး အဖ ဦးဘိုးမြ၊ အမိ ဒေါ်မှတ်ငယ်တို့မှ မြန်မာ သက္ကရာဇ် ၁၂၇၂ ခုနှစ်တွင် မွေးဖွားပြီး မွေးချင်းငါးဦးထဲတွင် အကြီးဆုံးသမီးဖြစ်သည်။ အသက် ၂၀ အရွယ်တွင် ဦးမောင်တင်နှင့် အိမ်ထောင်ကျပြီး အသက် ၃၅ နှစ်အရွယ်တွင် ခင်ပွန်းဆုံးသွားသဖြင့် သားသမီးခြောက်ဦးတို့အား မုဆိုးမဘဝဖြင့် ဥမကွဲသိုက်မပျက် လယ်ယာလုပ်ငန်းဖြင့် လုပ်ကိုင်ကျွေးမွေးခဲ့ပြီး၊ အသက် ၇၈ နှစ်အရွယ် ၁၉၈၈ ခုနှစ်တွင် ဖြူးမြို့ ဘိုးဘွားရိပ်သာသို့ ရောက်ရှိ ခိုလှုံခဲ့ရာ ဘိုးဘွားရိပ်သာတွင် ၂၅ နှစ်ကျော်နေခဲ့ပြီးဖြစ်ပါသည်။

"အဘွားက ကျန်းမာရေးကောင်းပါတယ် အဘွားနေ့စဉ် နံနက် ၈ နာရီ ရေချိုးပြီး ကိုယ်တိုင်အဝတ်လျှော်ဖွတ်ပါတယ်၊ ရိပ်သာမှ အချိန်မှန် ကျွေးမွေးသော နံနက်စာစာ၊ နေ့လယ်စာ၊ ညနေစာ အာဟာရများ စားသောက်နေထိုင်လျက်ရှိပြီး စိတ်ငြိမ်းချမ်းအောင် တရားရှုမှတ်ပွားများကြောင်း" အဘွားဒေါ်လှရင်က ပြောပြရာ အနာမဲ့ကင်း၊ သက်ရှည်ခြင်းအကြောင်း တစေ့တစောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြရပါသည်။

ဖြူးမြင့်ဦး

ရေစီးရေလာကောင်းမွန်ရေး အုတ်တွင်း၌ ဆောင်ရွက်

အုတ်တွင်း ဇွန် ၂၉

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၅ ရက်တွင် အုတ်တွင်းမြို့ ဦးဝင်းဖေလမ်း၊ လမ်းဘေးဝဲယာရှိ ရေမြောင်းများ တူးဖော်ခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။

(အောက်ပုံ) (ဆွေဆွေမိုး)

စီးပွားရေးကြော်ငြာ



Total Skin Repair

ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်၊ အမာရွတ်၊ ချိုင့်ခွက်၊

အသားရေတင်းရင်း၊ အရေးအကြောင်းများ

ပြုပြင်ထိန်းသိမ်းရေး Centre

ဆိုင်(၁) ဘုရင့်နောင်တာဝါ၊ 2(A)၊ ၃ လွှာ၊ (၃၀၂)ဘုရင့်နောင်လမ်းနှင့် လှည်းတန်းလမ်းထောင့်၊
ဖုန်း-၀၁-၅၃၂၁၈၃၊ ၀၉-၂၀၅၃၁၈၆

ဆိုင်(၂) ရွှေအုန်းပင်အိမ်ရာ(၃)၊ ရန်ကင်း၊
ဖုန်း- ၀၉-၂၀၀၀၉၂၆

ဆိုင်(၃) မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ ဝါဝါဝင်းကွန်ဒို၊ အခန်း (၁၃၀၄)၊ ၁၃ လွှာ၊ အောင်ဆန်းကွင်းအနီး၊ မောင်ဝိတ်ကွန်ဒိုနှင့်ကပ်လျက်
ဖုန်း- ၀၁-၃၉၃၀၉၇၊ ၀၉-၉၁၀၁၉၂၆၄

ဝန်ထမ်းအလိုရှိသည်

Mega Trade Enterprise Co., Ltd.

ဝန်ထမ်းအလိုရှိသည်

(1) Sales Promoter

(3) Sales Representative

(4) Sales Supervisor

Galaxy Software Services Co., Ltd.

Galaxy Software Services Co.,Ltd, one of the leading software developers in Myanmar provider of iBook® and Hr Accounting® is looking for the following position.

Software Service Technician — M/F (3 Posts)

Requirements

- B.C.Sc, B.C.Tech, B.Sc (Computer Science)
- Must be able to travel
- Good personality and communication skills
- Age under 25 years

Apply at Galaxy Software Office, not later than 15-July-2013.
No.29(B), 1st Floor, New University Avenue Road,
Bahan Township, Yangon.

Ph: 01-554288, 09-5062408, 09-43029790
galaxysoftware.sgm@gmail.com
www.facebook.com/GalaxySoftware

ဝန်ထမ်းအလိုရှိသည် (မြန်မာနိုင်ငံသားများသာ)

1. Asst: Admin Manager
2. Asst: Operation Manager
3. Asst: Marketing Manager
4. Supervisor
5. Marketing

သင့်သွေးဖြင့်အသက်ကယ်ပါ

ဝန်ထမ်းအလိုရှိသည်

- Marketing Executive
- Training Marketing

*** အလုပ်သင်စက်ပြင်များ အလိုရှိသည် ***

Myan Shwe Pyi Tractors Ltd.

၁။ C. E. O

၂။ ရုံးအကူ

Grand Power Machinery Co., Ltd.

1. Chief Accountant
2. Assistant Service Manager
3. Senior Service Engineer
4. Service Engineer
5. Marketing
6. [illegible]
7. [illegible]
8. AE (Archi:)

ဝန်ထမ်းအလိုရှိသည်

(၁) Office Staff (5) ဦး
ဘွဲ့ရ၊ ဘွဲ့ကြိုများ၊

(၂) Junior Office Staff (2) ဦး
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ

(၃) Japan Translator (2) ဦး
စိတ်ပါဝင်စားသူများ CV Form
အပြည့်အစုံနှင့်အတူ
ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

Ph:၀၁-၂၉၉၅၉၆၊ ၂၉၅၁၂၇

အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

Lucky Family Trading Co.,Ltd.တွင်တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်။

အရောင်းဝန်ထမ်း	ကျား/မ (၅) ဦး
ဈေးကွက်ရှာဖွေသူ	ကျား/မ (၅) ဦး
စကားပြန်(ကိုရီးယား)	ကျား/မ (၁) ဦး

လျှောက်ထားလိုသူများသည် CV Form၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

အမှတ်(၆/၇)၊ အောဝမ်းလမ်း၊ မင်္ဂလာဒုံစက်မှုဇုန်၊ ရန်ကုန်မြို့။
Ph:09 421072108, 09 421729178

